ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**စိတ်တည်ငြိမ်ချမ်းသာ**

သူတစ်ပါးအလှုအပေါ် ကဲ့ရဲ့ခြင်း၊ အပြစ်မြင်ခြင်း မပြုသင့်ကြချေ။ သူတစ်ပါးအလှုအပေါ် ဝမ်းမြောက်ဝမ်းသာဖြစ်ရာ၏။ စိတ်တည်ငြိမ်ပြီး ချမ်းသာလိုလျှင် သူတစ်ပါးပြုလုပ်သောအလှု စသည့်ကိစ္စများ၌ အပြစ်မမြင်ဘဲဝမ်းမြောက်ရာ၏။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ-၂၅၀)

၁၃၇၈ ခုနှစ် ကဆုန်လပြည့်ကျော် ၁၄ ရက် စနေနေ့ 4, Saturday June 2016 (၈၅၈၂)

## ပြည်သူ့အတွက် ပထမ ရက် ၁၀၀

**ဝန်ထမ်းများ၏ အရည်အသွေးများမြှင့်တင်နိုင်ရန် အနစ်သာရပြောင်းလဲခြင်းများကိုပါ ဆောင်ရွက်သွားမည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ရက် ၁၀၀**

စာမျက်နှာ ၁၆၊ ၁၇



## စင်ကာပူဝန်ကြီးချုပ်နှင့် ဇနီး ချစ်ကြည်ရေးခရီး လာရောက်မည်

**နေပြည်တော် ဇွန် ၄**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးနှင့်ဇနီးတို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။

**(သတင်းစဉ်)**

# (၂၁)ရာစုပင်လုံတွင် NCA စာချုပ် လက်မှတ်မထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပါဝင်လာနိုင်ရေး ထိုင်းနိုင်ငံတွင် ဆွေးနွေး

သတင်း စာမျက်နှာ - ၃




အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ချစ်ကြည်ရေးကားမောင်းခရီးစဉ်အဖြစ် အိန္ဒိယနိုင်ငံသား ၃၁ ဦးတို့ မော်တော်ယာဉ်ကိုးစီးဖြင့် ဇွန် ၃ ရက်က ထိုင်းနိုင်ငံမှတစ်ဆင့် မြဝတီမြို့သို့ ရောက်ရှိလာစဉ်။

သတင်း စာမျက်နှာ - ၃




၅၀% ပညာသင်ဆုနဲ့ အိန္ဒိယမှာ ကျောင်းတက်စို့
Parul University
150+ Academics Blocks
25000+ Students | 2000+ Teachers
100+ Programs | 150 Acres Campus
ပထမဆုံး ကျောင်းအပ်နှံသူ (၅)ဦး အတွက်လေယာဉ်လက်မှတ် အခမဲ့

WISDOM
Education Centre
ဆရာ ဦးရန်ဝင်းနောင်
Phone: 09 798437782 / 09 73005938
09 43020645
Email: ywnwisdom09@gmail.com
admissions.isac@paruluniversity.ac.in
Web: paruluniversity.ac.in
www.facebook.com/ParulUniversity

# ကြေးမုံ

## အများအကျိုးဖြစ်ထွန်း ကိုယ်ကျိုးစွန့်နိုင်ရမည်

လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားရသည့် မြန်မာနိုင်ငံတွင် နေရာဒေသအလိုက် သဘာ၀မိုးရေလှောင်ဆည်များ တည်ဆောက်ကာ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်နေကြသည်ကိုတွေ့ရသည်။ ဆည်များတည်ဆောက်ပြီး စိုက်ပျိုးရေရရှိရေးတစ်ခုတည်းအတွက်မဟုတ်ဘဲ သောက်သုံးရေရရှိရေး၊ ရေအားလျှပ်စစ်ရရှိရေးအတွက်လည်း အသုံးပြုနေကြရသည်။ အထူးသဖြင့် မဟာရန်ကုန်မြို့ပြတွင် လူဦးရေထူထပ်လာ၍ လိုအပ်သောသောက်သုံးရေကို ကန်ရေ၊ အ၀ီစိတွင်းရေနှင့် မလုံလောက်တော့ဘဲ မိုးရေကိုစုစည်း၍ ဖြန့်ဝေပေးနိုင်ရေးအတွက် ကြိုးပမ်းကြရသည်။

သာဓကအားဖြင့် မြောက်ဦးမြို့တွင် ရခိုင်ဘုရင်များလက်ထက်ကတည်းက ဆယ်ဖို့ထားခဲ့သော လက်ဆယ်ကန်မှရေကို တစ်မြို့လုံးသို့ ဖြန့်ဝေပေးနေသည်။ တောင်တန်းနှစ်သွယ်ကြားကို တစ်ဖက်မှ ကျောက်တံတိုင်းပိတ်ဆယ်ထားခြင်းဖြစ်၍ ယနေ့ထက်တိုင် ကြံ့ကြံ့ခိုင်ခိုင်အသုံးပြုနေဆဲဖြစ်သည်။

ဆိုလိုသည်မှာ လူတို့ဆယ်ဖို့ထားသမျှဆည်များသည် တစ်ဖက်မှ ရေတိုးဒဏ်ခံနိုင်ရည်ရှိအောင် အင်ဂျင်နီယာပညာဖြင့် ဆယ်ဖို့ထားခြင်းဖြစ်၍ စိတ်ချလုံခြုံမှုလိုအပ်ချက်ရှိသည်။ သို့သော် လူသားများဆယ်မဖို့ဘဲ သူ့အလိုအလျောက် တောင်ပြိုကမ်းပြိုပိတ်ဆို့ကာ ရေလှောင်ကန်ဖြစ်နေသော ချင်းတောင်တန်းများကဲ့သို့ မြေပြိုဆည်များကား ယခုကဲ့သို့ရာသီဥတုမျိုးတွင် အန္တရာယ်ရှိသည်ကို သတိမူရမည်ဖြစ်သည်။

မြေပြိုမှုကြောင့် ရေလမ်းကြောင်းပိတ်ဆို့ကာ ဖြစ်ပေါ်လာသော မြေပြိုဆည်များကြောင့် ဒေသ၏အနိမ့်ပိုင်းအရပ်များအတွက် အန္တရာယ်အချိန်မရွေးကြုံတွေ့နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ အထူးသဖြင့် မြေ သားကြံ့ခိုင်မှုမရှိသော ယခုကဲ့သို့မိုးရာသီကာလများတွင် အပေါ်ပိုင်းမှစီးဝင်လာသော ရေများလာချိန်တွင် ရေအားကို မထိန်းနိုင်တော့သဖြင့် ပြိုကျရေများ အရှိန်အဟုန်ဖြင့်စီးဆင်းကာ အောက်အရပ်နေပြည်သူများအတွက် အန္တရာယ်များကြုံတွေ့နိုင်သည်ကို သတိထားရမည်ဖြစ်သည်။

လတ်တလောတွင် ချင်းပြည်နယ် တွန်းဇံမြို့နယ်အတွင်းရှိ မြေပြိုဆည်ကို နီပေါအခြေစိုက်အဖွဲ့တစ်ဖွဲ့က ကွင်းဆင်းလေ့လာတွေ့ရှိချက်မှာ ဤဆည်သည် တစ်နှစ်အတွင်း ကျိုးပေါက်နိုင်ပြီး ချောင်းတစ်လျှောက်ရှိလူနေအိမ်နှင့်လယ်ယာစိုက်ပျိုးရေးကိုပါ ပျက်စီးစေနိုင်ကြောင်း ကြိုတင်သတိပေးလာသည်။ ချင်းပြည်နယ်တွင် မကြာခဏကြုံတွေ့ရတတ်သည့်သဘောများဟုဆိုနိုင်သည်။

ချင်းပြည်နယ်တောင်ပေါ်ဒေသများမှာ မကြာခဏမြေပြိုမှုဖြစ်စဉ်များ အဘယ်ကြောင့်ဖြစ်ပေါ်နေရသနည်း။ ထိုဖြစ်စဉ်များဖြစ်ပေါ်နေရသည့် အကြောင်းရင်းတစ်ရပ်မှာ သစ်တောပြုန်းတီးမှုကြောင့်ဟု ဆိုနိုင်ပါသည်။ တောင်ပေါ်ဒေသရွှေ့ပြောင်းတောင်ယာစနစ်ကြောင့် သစ်တောများပြုန်းတီးလာသည်။ မိုးသည်းထန်ချိန်မှာ မြေသားကြံ့ခိုင်မှုအားနည်းလာပြီး မြေပြိုမှုများဖြစ်လာခြင်းဖြစ်သည်။ နှစ်ဖက်တောင်တန်းအကြား စီးဆင်းနေသော သဘာဝချောင်းများအဖြစ်ပိတ်ဆို့စေသည်။ အလိုအလျောက်ပိတ်ဆို့မှုဖြစ်စဉ် ကြံ့ခိုင်မှုမရှိ၍ မြေပြိုဆည်များနှင့်ဆက်နွှယ်ရာဒေသများ မကြာခဏပျက်စီးမှုများ ဖြစ်လာရသည်။

မြေပြိုဆည်များမဖြစ်အောင် မည်သို့တားဆီးမည်နည်း။ ရေတိုရေရှည်လမ်းနှစ်သွယ်တည်ဆောက်ရမည်ဖြစ်သည်။ မြေပြိုဆည်များကိုရှာဖွေတွေ့ရှိပါက စက်အား၊ လူအားနှင့်ဖြိုချခြင်း၊ တောင်ပေါ်မြေသားကြံ့ခိုင်မှုရှိလာအောင် တောင်ကတုံးများကို သစ်တော၊ သစ်ပင်များဖြင့်အလှဆင်ခြင်းတို့ ဆောင်ရွက်ကြရမည်ဖြစ်သည်။ သစ်တော၊ သစ်ပင်များမှာ သဘာ၀ရေကို စုပ်ယူထိန်းသိမ်းပေးနိုင်စွမ်းရှိသည်။

တစ်ဖက်မှသစ်တောများတိုးပွားအောင် ဆောင်ရွက်သလို အခြားတစ်ဖက်မှ ရွှေ့ပြောင်းတောင်ယာစနစ်ကို ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ တောင်ယာစနစ်မှာ မိရိုးဖလာအသက်မွေးဝမ်းကျောင်းအလုပ်ဟုဆိုငြားလည်း မိမိတို့အတွက်သာကောင်းပြီး အများအတွက် ပျက်စီးထိခိုက်မှုရှိမည်ဆိုလျှင် အများအကျိုးအတွက် မိမိတို့အားထားရာကို စွန့်လွှတ်ကြရမည်ဖြစ်သည်။ သစ်ပင်တိုးပွားအောင်ဆောင်ရွက်ခြင်းဖြင့် အများအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ကြစေရန် တိုက်တွန်းနှိုးဆော်ချင်ပါသည်။ ။

# မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇွန် ၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ထိုင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Pisanu Suvanajata အား ယနေ့မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ နော်ဝေနိုင်ငံသံအမတ်ကြီး H.E.Ms. Ann Ollestad အား မွန်းလွဲ ၂ နာရီတွင်လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ သီးခြားစီ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြသည်။ တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ရောဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ဒီရေတောများ ပြန်လည်ထူထောင်ရေး ဆွေးနွေး



**နေပြည်တော် ဇွန် ၃**

သယံဇာတနှင့် သဘာ၀ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည်မြန်မာနိုင်ငံ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်မှ ညွှန်ကြားရေးမှူး Mr. Toily Kurbanov နှင့်အဖွဲ့အား ယမန်နေ့နံနက် ၁၁ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။**(ယာပုံ)**

တွေ့ဆုံစဉ် အင်းလေးကန်ရေရှည်တည်တံ့စေရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ငါးနှစ် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေ၊ မြန်မာနိုင်ငံအတွင်း ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ထိန်းသိမ်းရေးလုပ်ငန်း၊ မြန်မာနိုင်ငံရှိ သဘာ၀နယ်မြေများ စီမံအုပ်ချုပ်မှု ရေရှည်တည်တံ့စေရေးလုပ်ငန်း၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝပုံစံအား ပြောင်းလဲနေသော ရာသီဥတုနှင့် မကြာခဏဖြစ်ပေါ်လေ့ရှိပြီး ပြင်းထန်သည့် မိုးလေဝသဖြစ်စဉ်များနှင့် လိုက်လျောညီထွေဖြစ်စေရေး ပညာပေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေ၊ မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားမူဘောင်ရေးဆွဲမှုနှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်နိုင်မှု အလားအလာများ၊ ဘဏ္ဍာငွေရရှိရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကို ဆွေးနွေးကြသည်။

ဆက်လက်၍ ဂျပန်သံအမတ်ကြီး H. E. Mr. Tateshi Higuchi အား မွန်းလွဲ ၁ နာရီတွင် တွေ့ဆုံစဉ် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးနှင့်ရောင်းဝယ်ရေးဆိုင်ရာ ဖက်စပ်လုပ်ငန်း၊ မြန်မာနိုင်ငံ အပူပိုင်းဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများနှင့် သစ်တောဂေဟဗေဒစနစ်ဆိုင်ရာ သုတေသနလုပ်ငန်း၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ သဘာ၀ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဒီရေတောများပြန်လည်ထူထောင်ရေးလုပ်ငန်း၊ ပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းတည်ထောင်မှုလုပ်ငန်း၊ အင်းဆက်မျိုးစိတ်ဆိုင်ရာ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာရေးထိုးနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ မြန်မာနိုင်ငံ၏ ပထဝီအခြေအနေကို လေ့လာ၍ မြေပုံထုတ်လုပ်ရေးစီမံကိန်းနှင့် မြန်မာနိုင်ငံ၏ သဘာ၀သယံဇာတ အရင်းအမြစ်များ လေ့လာရေးစီမံကိန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေများကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# ပြည်ထောင်စုရှေ့နေချုပ် နော်ဝေသံအမတ်ကြီးအား တွေ့ဆုံ

**နေပြည်တော် ဇွန် ၃**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် နော်ဝေနိုင်ငံ သံအမတ်ကြီး Ms. Ann Ollestad ဦးဆောင်သော အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ သံတမန်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များ၌ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ပါဝင်ဆောင်ရွက်နေမှုများ၊ မီဒီယာ၊ ရင်းနှီးမြှုပ်နှံမှု၊ ဆက်သွယ်ရေး၊ ရေနံနှင့် သဘာ၀ဓာတ်ငွေ့၊ လျှပ်စစ်နှင့်စွမ်းအင်၊ ရေသယံဇာတ စသည့် ကဏ္ဍများတွင် ဥပဒေ၊ နည်းဥပဒေများ တိုးတက်ကောင်းမွန်လာစေရေးအတွက် ဆောင်ရွက်နေမှုများ၊ ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်နေမှုများ၊ သယံဇာတရင်းမြစ်များမှရရှိသည့် အခွန်အခများ စီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပမည့်အခြေအနေများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်နုနုယဉ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာဦးတို့လည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး ၀၂-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ခေတ်ကာလနှင့် မလျော်ညီတော့သည့် ဥပဒေ၊ နည်းဥပဒေများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြင်ဆင်နိုင်ရန် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၃**

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၁/၂၀၁၀) အား ရုပ်သိမ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ ( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၀ )ကို ၂၀၁၅ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် ပြဋ္ဌာန်းခဲ့သည်။

ပြည်ထောင်စုလွှတ်တော်က အသစ်ပြဋ္ဌာန်းခဲ့သည့် ယင်းဥပဒေတွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ အများယုံကြည်လေးစားခြင်း ခံရသော ပုဂ္ဂိုလ်များ၏ အရည်အချင်းများနှင့် ပတ်သက်၍ ပုဒ်မ ၁၆ (ဇ) ၌ "နိုင်ငံရေးပြစ်မှုဖြင့်သော် လည်းကောင်း၊ အကျင့်စာရိတ္တဆိုင်ရာပြစ်မှုဖြင့်သော် လည်းကောင်း တရားရုံး၏ ပြစ်ဒဏ်စီရင်ချက် ကျခံဖူးသူ မဖြစ်စေရ"ဟု ပြဋ္ဌာန်းထားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၆(ဇ)ပါ "နိုင်ငံရေးပြစ်မှုဖြင့်သော်လည်းကောင်း "ဟူသော စကားရပ်သည် ယနေ့ခေတ်အချိန်အခါနှင့် လိုက်လျောညီထွေမှုမရှိကြောင်း သဘောထားသုံးသပ်ရရှိခဲ့ပြီး ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြီးခဲ့သည့် ရွေးကောက်ပွဲ အတွေ့အကြုံများအရလည်းကောင်း၊ မဲဆန္ဒရှင်များ၊ နိုင်ငံရေးပါတီများ၊ CSOs များ၏ အကြံပြုချက်များအရ လည်းကောင်း ခေတ်ကာလနှင့် မလျော်ညီတော့သည့် ဥပဒေ၊ နည်းဥပဒေများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြင်ဆင်နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**



## တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဘရာဇီးသံအမတ်ကြီးအား နိုင်ငံတော်သမ္မတ ဦးထင်ကျော် လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၃**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံ သံအမတ်ကြီး H.E.Mr. Alcides G.R. Prates အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# (၂၁)ရာစုပင်လုံတွင် NCA စာချုပ်လက်မှတ်မထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပါဝင်လာနိုင်ရေး ထိုင်းနိုင်ငံတွင် ဆွေးနွေး

**နေပြည်တော် ဇွန် ၃**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)လက်မှတ်မထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပါဝင်လာနိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအကြိုပြင်ဆင်ရေး ဆပ်ကော်မတီ(၂) နှင့် UNFC က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation – DPN) တို့သည် ယနေ့ နံနက် ၁၀ နာရီက ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ တွေ့ဆုံခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၂)ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက "ကျွန်တော်တို့အားလုံးဟာ တိုင်းပြည်တစ်ပြည်ထဲမှာ နေကြတဲ့ ညီအစ်ကိုမောင်နှမတွေဖြစ်ပါတယ်။ အစိုးရသစ်တက်လာတဲ့အခါမှာ ကျွန်တော်တို့တွေက ဘာဖြစ်လို့ အစိုးရသစ်ကို ရွေးချယ်တင်မြှောက်သလဲ။ အဓိကအခြေခံအကျဆုံးကတော့ တိုင်းပြည်တိုးတက်ရေးနဲ့ ပြည်သူလူထု လက်ခံယုံကြည်ရေး၊ စားဝတ်နေရေးကအစ ကျွန်တော်တို့ တည်ဆောက်နိုင်ဖို့လိုပါတယ်။ ဒီလိုကိစ္စတွေကလည်း ငြိမ်းချမ်းရေးမရဘဲနဲ့ ကျွန်တော်တို့ ဘယ်လိုမှ မလုပ်နိုင်ပါဘူး။ တစ်ခါတစ်ရံမောင်နှမတွေကြားမှာ စကားမပြောတာတွေရှိမယ်။ မခေါ်တာတွေရှိမယ်။ ဒါပေမယ့် ငြိမ်းချမ်းရေးဆိုတဲ့ ခေါင်းစဉ်အောက်မှာ အပြန်အလှန် ယုံကြည်နားလည်မှုတွေ တည်ဆောက်ကြမယ်။ ယုံကြည်နားလည်မှုတွေ တည်ဆောက်ပြီးခဲ့ရင် တကယ့်ကို အားလုံးရဲ့ ဆန္ဒနဲ့ပြည့်ဝတဲ့ ဖက်ဒရယ်ပြည်ထောင်စု၊ ငြိမ်းချမ်းသာယာဝပြောတဲ့ နိုင်ငံတော်တစ်ခု တည်ဆောက်ကြမယ်ဆိုပြီး ကျွန်တော်တို့ကို တာဝန်ပေးတာပါ။ ကျွန်တော်တို့ရဲ့ယုံကြည်မှုက ဘာလဲဆိုတော့ အတိတ်ကံပါ။ အတိတ်ကံမှာ ကျွန်တော်တို့က ဆုံဆည်းဖို့ပါလာကြပါတယ်။ တွေ့ဆုံဖို့ပါလာကြပါတယ်။ ဒီအချိန်မှာ ပွင့်ပွင့်လင်းလင်းနဲ့ အားမနာတမ်း ကျွန်တော်တို့ကို တင်ပြပါ၊ ကျွန်တော်တို့ကလည်း ပြန်ပြောပါမယ်"ဟု အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းရင်းသားလက်နက်ကိုင်များ ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့မှ ဗိုလ်ချုပ်ဂွမ်မော်က "ကျွန်တော်တို့ သိချင်တဲ့အချက်တွေ၊ မသိနိုင်သေးတဲ့အချက်တွေ ပြည့်ပြည့်စုံစုံသိရမယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။ အခုချိန်ထိ ကျွန်တော်တို့က အစည်းအဝေးမှတ်တမ်းများနဲ့ သတင်းမီဒီယာများကနေ သိရှိရတဲ့အချက်များကိုပဲ ကိုယ့်ဘာသာကိုယ် ဝေဖန်သုံးသပ်နေရတာတွေရှိပါတယ်။ ငြိမ်းချမ်းရေးညီလာခံနှင့် (၂၁)ရာစုပင်လုံဆိုတဲ့ ခေါင်းစဉ်အပေါ်နဲ့ ရည်ရွယ်ချက်များကိုလည်း ကျွန်တော်တို့ သိရှိလိုပါတယ်။ ဒီကနေ့ တွေ့ဆုံမှုဟာ ရှေ့အနာဂတ်အတွက် ကောင်းမွန်တဲ့ အခြေခံတစ်ခုဖြစ်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်" ဟုပြောသည်။

ယနေ့အစည်းအဝေးတွင် NCA စာချုပ် လက်မှတ်မရေးထိုးထားသည့် လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးညီလာခံ တက်ရောက်နိုင်ရေးအတွက် မည်သည့်အခြေအနေတွင် တက်ရောက်ခွင့်ရမည်ဆိုသည့်အချက်ကို အစိုးရကိုယ်စားလှယ်အဖွဲ့အနေဖြင့် ဆွေးနွေးညှိနှိုင်းခဲ့ပြီး ယခင်က ချမှတ်ထားသည့် နိုင်ငံရေးဆွေးနွေးမှုမူဘောင် ( Political Framework ) ကိုလည်း ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ပြုလုပ်သည့် အစည်းအဝေးနှင့်ပတ်သက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၂) အတွင်းရေးမှူး ဦးလှမောင်ရွှေက "ကျွန်တော်တို့ ဒီနေ့ ၁၀ နာရီကနေ ၁၂ နာရီခွဲအထိ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်မထိုးရသေးတဲ့ တိုင်းရင်းသားကိုယ်စားလှယ်အဖွဲ့တွေပါဝင်တဲ့ UNFC နဲ့တွေ့ဆုံခဲ့ပါတယ်။ ပြုလုပ်ခဲ့တဲ့ ဆွေးနွေးမှုကတော့ NCA လက်မှတ် မရေးထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံမှာ ပါဝင်နိုင်ဖို့ လာရောက်ရှင်းပြတဲ့သဘောပါ။ သူတို့ဘက်ကလည်း ဘယ်လိုပါဝင်ကြရမှာလဲဆိုပြီး သိချင်ကြတယ်။ ကျွန်တော်တို့ဘက်ကလည်း တတ်နိုင်သလောက်ရှင်းပြ ဆွေးနွေးခဲ့ပါတယ်။ ဇွန် ၄ ရက်မှာ ကျွန်တော်တို့ ပြန်လည်ရောက်ရှိပါမယ်။ ညီလာခံ မကျင်းပမီ ကျွန်တော်တို့ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ ထပ်မံတွေ့ဆုံဖို့တွေ ရှိပါတယ်။ သူတို့အနေနဲ့ကတော့ လက်ရှိအစိုးရသစ်ဖြစ်တဲ့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နဲ့ နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်တို့ဟာ လူထုက ရွေးချယ်တဲ့အစိုးရဖြစ်တယ်။ ယခုလို အစိုးရသစ်က ငြိမ်းချမ်းရေးအတွက် လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေဆီကို ယခုလိုစေလွှတ်တာကို ကြိုဆိုတယ်လို့ ပြောပါတယ်" ဟုပြောသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၂)သည် NCA စာချုပ်လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်လက်ညှိနှိုင်းအဖြေရှာရန်၊ အဆိုပါ အဖွဲ့အစည်းများ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် ပါဝင်နိုင်ရန်နှင့် အထွေထွေကိစ္စရပ်များ တာဝန်ယူဆောင်ရွက်ရန်အတွက် မေ ၃၁ ရက်က ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံအကြိုပြင်ဆင်ရေး ဆပ်ကော်မတီ(၂)သည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့သို့ ဇွန် ၂ ရက်က ရောက်ခဲ့ခြင်းဖြစ်ပြီး ယင်းနေ့တွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးပါတီ (RCSS/SSA) အဖွဲ့နှင့်လည်း သီးခြားတွေ့ဆုံခဲ့သည်။

**(ရဲခေါင်ညွန့်)**

❖

## အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးနှင့် ချစ်ကြည်ရေးကားမောင်းခရီးစဉ်အဖွဲ့ မြဝတီမြို့သို့ ရောက်ရှိ

**မြဝတီ ဇွန် ၃**

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးနှင့် ချစ်ကြည်ရေးကားမောင်းခရီးစဉ်အဖြစ် Bright View Travels & Tours Co.,Ltd. နှင့် အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသ အာသံပြည်နယ်အခြေစိုက် North East Federation on International Trade WEFIT ၏ အစီအစဉ်အဖြင့် အိန္ဒိယနိုင်ငံသားဧည့်သည် ၃၁ ဦးတို့သည် မော်တော်ယာဉ် ကိုးစီးဖြင့် ဇွန် ၃ ရက်က ထိုင်းနိုင်ငံ မဲဆောက်မြို့မှတစ်ဆင့် မြဝတီမြို့ အမှတ်(၁) ချစ်ကြည်ရေးတံတားမှ ဝင်ရောက်ကာ မြဝတီမြို့သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ချစ်ကြည်ရေးကားမောင်းခရီးစဉ်အဖွဲ့သည် မေ ၂၄ ရက်က တမူးမြို့သို့ ရောက်ရှိပြီး တမူး-မုံရွာ-မန္တလေး-တောင်ကြီး-ကျိုင်းတုံနှင့် တာချီလိတ်မြို့များတွင် သွားရောက်လည်ပတ်ခဲ့သည်။ ထို့နောက် မေ ၂၇ ရက်တွင် ထိုင်းနိုင်ငံသို့ ထွက်ခွာကာ ဇွန် ၂ ရက်အထိ ထိုင်းနိုင်ငံအတွင်း လည်ပတ်ခဲ့ပြီး ယနေ့ နံနက် ၉ နာရီက မြဝတီမြို့သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ချစ်ကြည်ရေးကားမောင်းခရီးစဉ်အဖွဲ့သည် မြဝတီမြို့မှ ရန်ကုန်-နေပြည်တော်-ပုဂံ-မုံရွာ-တမူးခရီးစဉ်အတိုင်းသွားရောက်လည်ပတ်မည်ဖြစ်ပြီး ဇွန် ၈ ရက်တွင် တမူးမြို့မှ အိန္ဒိယနိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ကော်လိုရာဒိုနှင့် တင်နက်ဆီပြည်နယ်တို့၌ အမေရိကန်စစ်လေယာဉ်နှစ်စင်း ပျက်ကျမှုဖြစ်ပွား

**ဝါရှင်တန် ဇွန် ၃**

အမေရိကန် စစ်ဘက်ဆိုင်ရာ သရုပ်ပြပျံသန်းမှုများပြုလုပ်သည့် လက်ရွေးစင်တပ်ဖွဲ့မှ တိုက်လေယာဉ်နှစ်စင်း သီးခြားစီ ပျက်ကျသည့်ဖြစ်စဉ်များ ဇွန် ၂ ရက်တွင် ဖြစ်ပွားခဲ့ကြောင်း၊ စစ်တိုက်လေယာဉ်တစ်စင်းသည် ကော်လိုရာဒိုပြည်နယ်ရှိ လေတပ်အကယ်ဒမီ၏ ကျောင်းဆင်းပွဲအခမ်းအနား ကျင်းပချိန် ဝေဟင်မှ သရုပ်ပြပျံသန်းစဉ် ပျက်ကျခဲ့ကြောင်း၊ ယင်းအခမ်းအနားတွင် သမ္မတဘာရက်အိုဘားမား မိန့်ခွန်းပြောကြားခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အမေရိကန်ရေတပ်၏ အပြာရောင်နတ်သမီးအမည်ရှိ လေယာဉ်အုပ်မှ အက်ဖ်အေ-၁၈ အမျိုးအစား ဂျက်တိုက်လေယာဉ်တစ်စင်းသည် နက်ရှ်ဗီးလ်မြို့၏အရှေ့တောင်ဘက် ၂၄ မိုင် (၃၉ ကီလိုမီတာ)အကွာ၌ ပျက်ကျခဲ့ရာတွင် လေယာဉ်မှူး သေဆုံးခဲ့ရကြောင်း ရေတပ်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အပြာရောင် နတ်သမီးလေယာဉ်အုပ်မှ စစ်လေယာဉ်သည် လေယာဉ်ကွင်းမှ နှစ်မိုင်(သုံးကီလိုမီတာ) အကွာတွင် ပျက်ကျခြင်းဖြစ်သည်။ လေကြောင်းပြပွဲအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်နေစဉ်အတွင်း လေယာဉ်ပျက်ကျခဲ့ရပြီး စုံစမ်းစစ်ဆေးနေကြောင်း အမေရိကန်ရေတပ်ကပြောကြားသည်။ လေယာဉ်ပျက်ကျရာ၌ သေဆုံးသွားသည့် လေယာဉ်မှူး၏အမည်ကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။



ကော်လိုရာဒိုပြည်နယ်တွင် အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ်တစ်စင်းသည် ပီတာဆန်လေတပ် အခြေစိုက်စခန်း၏တောင်ဘက် ငါးမိုင်အကွာတွင် ပျက်ကျခဲ့ကြောင်း၊ ယင်းလေယာဉ်မှာ မိုးကြိုးငှက်ငယ်လေးများ လေယာဉ်အုပ်မှဖြစ်ပြီး လေယာဉ်မှူးမှာ ထိခိုက်ဒဏ်ရာရခြင်းမရှိကြောင်း လေတပ်က ပြောကြားသည်။

အက်ဖ်-၁၆ တိုက်လေယာဉ်မှ လေယာဉ်မှူး၏အမည်ကိုလည်း ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ လေယာဉ်မှူးသည် အသက်ကယ်ထိုင်ခုံ အသုံးပြုကာခုန်ထွက်နိုင်ခဲ့ပြီး ဘေးကင်းလုံခြုံစွာ လွတ်မြောက်သွားသည်။ ၎င်းအား အရေးပေါ်အခြေအနေ တုံ့ပြန်ရေးအဖွဲ့က တွေ့ရှိခဲ့ကြောင်း အမေရိကန်လေတပ်က ပြောကြားသည်။

**ရိုက်တာ။**

## ဂရိနိုင်ငံ ခရက်တေးကျွန်းကမ်းလွန်၌ ဒုက္ခသည်များစီးလာသည့် မော်တော်ဘုတ်နစ်မြုပ်

**အေသင် ဇွန် ၃**

ဂရိနိုင်ငံပိုင် ခရက်တေးကျွန်း၏ ကမ်းလွန်၌ ရွှေ့ပြောင်းအခြေစိုက်လိုသူများ လိုက်ပါလာသော မော်တော်ဘုတ်တစ်စင်း နစ်မြုပ်မှုဖြစ်ပွားခဲ့ပြီးနောက် ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က လူပေါင်း ၂၅၀ ကျော်ကို ကယ်တင်ပေးခဲ့ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းကို ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇွန် ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

လွန်ခဲ့သည့် ရက်သတ္တပတ်နှောင်းပိုင်း အေဂျီယန်ပင်လယ်ပြင်တောင်ပိုင်းတွင် ဒုက္ခသည်များလိုက်ပါလာသော မော်တော်ဘုတ်နစ်မြုပ်သည့်ဖြစ်ရပ်မှာ ဒုတိယအကြိမ်ပေါ်ပေါက်ခြင်းဖြစ်သည်။ လူမှောင်ခိုဂိုဏ်းများသည် ပင်လယ်ရေကြောင်း လမ်းသစ်ကို အသုံးပြုကာ ရွှေ့ပြောင်းအခြေစိုက်လိုသူများကို ပို့ဆောင်ပေးနေဖွယ်ရှိသည်ဟု ယူဆရကြောင်း ဂရိကမ်းရိုးတန်းစောင့်တပ်ဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ ဇွန် ၃ ရက်က ခရက်တေးကျွန်းကမ်းလွန်၌ မော်တော်ဘုတ်နစ်မြုပ်ခဲ့ပြီးနောက် အနီးအပါးမှဖြတ်သန်းသွားသော ရေယာဉ်လေးစင်းထက်မနည်းတို့က ဒုက္ခသည်များကို ကယ်တင်ပေးခဲ့ကြသည်။ **ရိုက်တာ။**

# ဂျပန်နိုင်ငံတောနက်အတွင်း ပျောက်ဆုံးခဲ့သောကလေးငယ်အား ပြန်လည်တွေ့ရှိ

**တိုကျို ဇွန် ၃**

ဂျပန်နိုင်ငံမြောက်ပိုင်း တောနက်အတွင်း ပျောက်ဆုံးနေသည့် အသက်ခုနစ်နှစ်သား ယောကျ်ားလေးတစ်ဦးကို ဟွတ်ခိုင်ဒိုဒေသရှိ မြို့တစ်မြို့တွင် ယနေ့ပြန်လည်တွေ့ရှိခဲ့ကြောင်း သတင်းများအရသိရသည်။

ယာမာတို တိုနူးကာအမည်ရှိ ကလေးငယ်အား ဟွတ်ခိုင်ဒိုဒေသရှိ ရှိကာဘီမြို့ ကိုယ်ပိုင်ကာကွယ်ရေး တပ်ဖွဲ့လေ့ကျင့်ရေးသင်တန်းကျောင်းတစ်ခုတွင် ပြန်လည်တွေ့ရှိခဲ့ခြင်း ဖြစ်သည်။ ယင်းနေရာသည် ခြောက်ရက်အကြာက ကလေးငယ်ပျောက်ဆုံးသွားသော နေရာနှင့် လေးကီလိုမီတာဝေးကွာသည်။

အဆိုပါသင်တန်းကျောင်း၏ နားနေဆောင်တစ်ခုတွင် ကိုယ်ပိုင်ကာကွယ်ရေး တပ်သားတစ်ဦးက ကလေးငယ်အားတွေ့သည့်အချိန်တွင် ကလေးငယ်က ၎င်း၏နာမည်ကို ပြောပြခဲ့သည်။ မကြာမီအချိန်တွင် သူ့မိဘများက ၎င်းတို့ကလေးဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

ကလေးငယ်အား ခေါ်ဆောင်သွားသည့်ဆေးရုံသို့ ၎င်း၏မိဘများက လာရောက်တွေ့ဆုံခဲ့သည်။ ကလေးငယ်သည် ထိခိုက်ဒဏ်ရာအနည်းငယ်သာရရှိခဲ့ပြီး ပျောက်ဆုံးနေသည့် ခြောက်ရက်တာကာလအတွင်း ရေကိုသာ အဓိကသောက်သုံးနေခဲ့ရသည်ဟု ဆရာဝန်တစ်ဦးက ဆိုသည်။ ဆေးရုံတွင် အနည်းဆုံးတစ်ရက်ခန့် ဆေးကုသမှုခံယူရမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

ကလေးငယ်သည် ကိုယ်ပိုင်ကာကွယ်ရေးအဖွဲ့ လေ့ကျင့်ရေးသင်တန်းကျောင်း၏ နားနေဆောင်အတွင်းသို့ မေ ၂၈ ရက်ကတည်းက ရောက်ရှိနေခဲ့ကြောင်း ရဲအရာရှိများက ဆိုသည်။ ကလေးငယ်သည် တောင်တန်းများကို ဖြတ်သန်းပြီး အဆိုပါသင်တန်းကျောင်းသို့ ရောက်ရှိခဲ့ကြောင်းနှင့် ရေကိုသာသောက်သုံးခဲ့ကြောင်း ရဲအရာရှိများကို ကလေးငယ်က ပြောကြားခဲ့သည်။

ကလေးငယ်၏ဆိုးသွမ်းသောအပြုအမူများကြောင့် မိဘများက သူ့အား နိုင်ငံ၏မြောက်ပိုင်း တောနက်အတွင်း တောင်တက်လမ်းတစ်နေရာတွင် ချန်ထားခဲ့သည်။ သို့သော် အချိန်ခဏမျှကြာပြီးနောက် ပြန်လည်ရှာဖွေရာတွင် ကလေးငယ်အား ချန်ထားခဲ့သည့်နေရာတွင် ရှာဖွေမတွေ့ခဲ့ပေ။

ရှာဖွေရေးအဖွဲ့တွင် ရဲအရာရှိများ၊ မီးသတ်သမားများနှင့် ကိုယ်ပိုင်ကာကွယ်ရေး တပ်ဖွဲ့ဝင်များပါဝင်သည်။ အဆိုပါကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအား ကလေးငယ်၏ ဖခင်က ၎င်း၏ အမှားအတွက် ပြန်လည်တောင်းပန်ခဲ့သည်။ ကလေးငယ်အား ထိုသို့ပြုမူခဲ့သည့် ၎င်းတို့လုပ်ရပ်အတွက် နောင်တကြီးစွာရခဲ့ကြောင်း ကလေးငယ်၏ဖခင်က သတင်းထောက်များကို ပြောကြားခဲ့သည်။

ကလေးငယ်ကိုလည်း ယခင်ကထက်ပိုမိုဂရုစိုက် စောင့်ရှောက်သွားမည်ဖြစ်ကြောင်း အသက်(၄၄)နှစ်အရွယ် ဖခင်က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**





# အိုင်အက်စ်အဖွဲ့ ကမ္ဘာတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်နိုင်

**ဝါရှင်တန် ဇွန် ၃**

အမေရိကန်နိုင်ငံမှ ထုတ်ပြန်သည့်အစီရင်ခံစာတစ်ခုအရ အိုင်အက်စ်စစ်သွေးကြွအဖွဲ့သည် အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့ရှိ ၎င်းတို့၏ နယ်မြေအချို့ဆုံးရှုံးသွားခဲ့ရသော်လည်း ကမ္ဘာတစ်ဝန်းလုံးသို့ အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်နိုင်စွမ်းရှိသည်ဟု ဆိုသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အကြမ်းဖက်မှုများနှင့်ပတ်သက်၍ ၎င်း၏ နှစ်ပတ်လည်အစီရင်ခံစာကို ဇွန် ၂ ရက်က ထုတ်ပြန်ခဲ့သည်။ အဆိုပါအစီရင်ခံစာသည် ၂၀၁၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများကို လေ့လာသုံးသပ်ထားခြင်းဖြစ်သည်။ အိုင်အက်စ်အဖွဲ့သည် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနိုင်စွမ်းအရှိဆုံး အဖွဲ့အဖြစ် ဖော်ပြထားသည်။

သို့သော် အိုင်အက်စ်အဖွဲ့သည် လွန်ခဲ့သည့်နှစ် မေလကတည်းက အီရတ်နိုင်ငံရှိ ၎င်းတို့၏ နယ်မြေ ၄၀ ရာခိုင်နှုန်းဆုံးရှုံးခဲ့ရသကဲ့သို့ ဆီးရီးယားနိုင်ငံတွင်လည်း ၎င်းတို့ထိန်းချုပ်ထားသည့်နယ်မြေများမှ ၁၁ ရာခိုင်နှုန်းကို ဒေသဆိုင်ရာတပ်ဖွဲ့များက ပြန်လည်သိမ်းပိုက်ခဲ့သည်။

အိုင်အက်စ်အဖွဲ့သည် လစ်ဗျားနိုင်ငံတွင် အင်အားတိုးချဲ့လာပြီး ယင်းနိုင်ငံတွင် အိုင်အက်စ်အကြမ်းဖက်တိုက်ခိုက်ရေးသမား ၅၀၀၀ ခန့်အထိရှိသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ ထို့ပြင်အိုင်အက်စ်အဖွဲ့သည် အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့မှ ကျော်လွန်၍ ပြင်သစ်၊ လက်ဘနွန်နှင့် တူရကီနိုင်ငံတို့တွင်လည်း လူအမြောက်အမြားသေဆုံးစေနိုင်သည့် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်နိုင်သည်။ အိုင်အက်စ်အဖွဲ့နှင့် အယ်လ်ခိုင်ဒါအဖွဲ့ နှစ်ဖွဲ့စလုံး၏အဖွဲ့ခွဲများသည် လူအများအပြားသေဆုံးစေနိုင်သည့် ပစ်မှတ်များကို ပိုမိုတိုက်ခိုက်လာကြသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၁၅ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းအကြမ်းဖက်တိုက်ခိုက်မှု စုစုပေါင်း ၁၁၇၇၄ ခုဖြစ်ပွားခဲ့သည်။ အဆိုပါအရေအတွက်သည် ၂၀၁၄ ခုနှစ်ကထက် ၁၃ ရာခိုင်နှုန်း လျော့နည်းသွားသော်လည်း အာဖဂန်နစ္စတန်တွင် တာလီဘန်တို့၏ အရှိန်မြှင့်တိုက်ခိုက်မှုများကြောင့် ခုနစ်ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

## ဥရောပနိုင်ငံများ၏ စုပေါင်းကာကွယ်ရေးအတွက် ရန်ပုံငွေ ထူထောင်ရေးဆွေးနွေးမည်

**ဘရပ်ဆဲ ဇွန် ၃**

ဥရောပတိုက်ရှိ နိုင်ငံများအတွင်း စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်စေရေးအတွက် ဂျာမနီနှင့် ပြင်သစ်နိုင်ငံတို့က စုပေါင်းကာကွယ်ရေး ရန်ပုံငွေတစ်ရပ်ကို ထူထောင်နိုင်ရန် ယခုလအတွင်း ကြိုးပမ်းကြမည်ဖြစ်ကြောင်း၊ သို့ရာတွင် ဥရောပသမဂ္ဂ(အီးယူ)၏ တစ်ခုတည်းသော တပ်မတော်ထူထောင်ရေးအတွက် အစီအစဉ်ရေးဆွဲထားခြင်းမရှိကြောင်း တာဝန်ရှိသူများက ဇွန် ၃ ရက်တွင် ပြောကြားသည်။

ဇွန် ၂၈ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် ဥရောပခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲ၌ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးဆိုင်ရာ အစီအစဉ်အတွက် အဆိုပြုရန် အီးယူနိုင်ငံခြားရေးမူဝါဒအကြီးအကဲ ဖက်ဒရေဏာ မော်ဟာရီနီက ပြင်ဆင်လျက်ရှိသည်။ ဥရောပတိုက်သည် အမေရိကန်နှင့် စင်ပြိုင်ရပ်တည်နိုင်သော ဩဇာအာဏာကို ထိန်းသိမ်းနိုင်ရေးအတွက် ဥရောပသမဂ္ဂနိုင်ငံများ ပေါင်းစည်းလုပ်ကိုင်ရန် ၎င်းက မျှော်မှန်းသည်။

ဥရောပတိုက်အတွင်း မဟာမိတ်နိုင်ငံများ၏ ကာကွယ်ရေးဆိုင်ရာ စစ်လက်နက်ပစ္စည်းများ ထုတ်လုပ်မှုတွင် ကုန်ကျစရိတ်လျှော့ချနိုင်စေရေးအတွက်လည်းကောင်း၊ ကာကွယ်ရေးနည်းပညာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပြုလုပ်ရမည့် အချိန်အခါတွင် နိုင်ငံများ စုပေါင်း လုပ်ကိုင်ကြခြင်းဖြင့် လက်နက်စနစ်များ တီထွင်ထုတ်လုပ်ရာတွင် စွမ်းပကား မြင့်မားလာနိုင်ကြောင်း အီးယူစုပေါင်းကာကွယ်ရေး ရန်ပုံငွေ ထူထောင်ရေး ထောက်ခံသူများက ပြောကြားကြသည်။ **ရိုက်တာ။**

# ကောင်းမြန်မာအောင်သဘော်ကုမ္ပဏီမှ တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပါက ဗိုလ်တထောင်စေတီတော်၏ ရေရှည်တည်တံ့ခိုင်မြဲရေး ထိခိုက်နိုင်သည့်အပြင် နိုင်ငံအတွက် ဆိုးကျိုးများဖြစ်ပေါ်လာနိုင်

**နေပြည်တော် ဇွန် ၃**

ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းနှင့် ဗိုလ်အောင်ကျော်တံတားအကြား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ပိုင်ဆိုင်သော မြေဧရိယာ ဧက ၂၀ ခန့်ကို အသုံးပြု၍ ကောင်းမြန်မာအောင်သဘော်ကုမ္ပဏီမှ MIC ခွင့်ပြုချက်ဖြင့် စာချုပ်ချုပ်ဆိုခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်ရန် ဆောင်ရွက်နေခြင်းအား ဆက်လက်ဆောင်ရွက်ပါက ဗိုလ်တထောင်ကမ်းနားတစ်လျှောက် သောင်ထွန်းမှုဖြစ်ပေါ်လာနိုင်ခြင်း၊ သဘော်ရေလမ်းကြောင်း ပိတ်ဆို့စေခြင်း၊ ဗိုလ်တထောင်သမိုင်းဝင်စေတီတော်၏ အဆောက်အအုံများ စိုးရိမ်ဖွယ်ဖြစ်ခြင်း၊ ဘုရားဝတ်ပြုသူတို့အား ဆူညံသံများဖြစ်စေခြင်း၊ ရန်ကုန်ကမ်းနားလမ်းတစ်လျှောက် Container ကားများ ပိတ်ဆို့နိုင်စေခြင်း စသည်တို့ကြောင့် အဆိုပါစီမံကိန်းအားရပ်ဆိုင်းပေးပါရန် ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်၌ လက်ခံဆွေးနွေးသွားမည်ဖြစ်သည်။

ယင်းအဆိုကို ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းက ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် တင်သွင်းခဲ့ပြီး ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေက အဆိုပါဆောက်လုပ်ရေးလုပ်ငန်းသည် ဗိုလ်တထောင်စေတီနှင့် နီးကပ်စွာတည်ရှိနေပြီး တုန်ခါမှုများကြောင့် စေတီတော်ကြီး၏ ရေရှည်တည်တံ့ခိုင်မြဲရေးကို ထိခိုက်လာနိုင်ကြောင်း၊ ယင်းစီမံကိန်းဆောင်ရွက်မှုများကြောင့် ဆက်စပ်ကမ်းနားတစ်လျှောက် သောင်ထွန်းမှုများပိုမိုများပြားနိုင်ကြောင်း၊ ဆိပ်ခံတံတားကို ရေစူးရရန် မြစ်အတွင်းသို့ တိုးချဲ့တည်ဆောက်ပါက သဘော်ကြီးများအတွက် ရေလမ်းကြောင်းကျဉ်းမြောင်းမှု ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ အနည်ကျမှုပိုမိုများပြားလာနိုင်ပြီး နိုင်ငံတော်မှ သောင်တူးစရိတ် နှစ်စဉ်ပိုမိုကုန်ကျမည်ဖြစ်ကြောင်း၊ ယခုမြစ်အတွင်း တည်ဆောက်လုပ်ကိုင်နေသော အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတား ၂၅ ခုတို့အတွက် လုပ်ကိုင်ဆောင်ရွက်နေမှုကို များစွာထိခိုက်နိုင်ပြီး နိုင်ငံအတွက် ဆိုးကျိုးများဖြစ်ပေါ်လာနိုင်ကြောင်း ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည့်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ဇွန် ၇ ရက်နေ့နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းရန် ကြေညာထားသည်။

ယနေ့အစည်းအဝေးတွင် ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၏ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များကို အခွန်ပေးဆောင်စေပြီး လိုင်စင်ထုတ်ပေးရန်နှင့် တရားမဝင် သယ်ဆောင်ရောင်းဝယ်နေသော ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့် ကားများကို မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြည်တွင်းသို့ နည်းလမ်းအမျိုးမျိုးဖြင့် တရားမဝင်ရောက်ရှိနေသော မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များအား (၉)ကြိမ် မှတ်ပုံတင်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ စီမံချက်ကာလအတွင်း တရားဝင်မှတ်ပုံတင်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး သတ်မှတ်ကာလကျော်လွန်ပါက နိုင်ငံပိုင်အဖြစ် သိမ်းဆည်း၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ကို နိုင်ငံတော်သမ္မတမှ ပြည်ထောင်စုလွှတ်တော်သို့ သဝဏ်လွှာပေးပို့ပြီးဖြစ်ပါကြောင်း။

လိုင်စင်မဲ့ဆိုင်ကယ်များ လိုင်စင်ရရှိအောင် ဆောင်ရွက်ပါက တရားဝင်တင်သွင်းလာသူများ နစ်နာမှုရှိခြင်း၊ ပြဿနာများထိခိုက်လာနိုင်သဖြင့် ကန့်ကွက်မှုများရှိနေခြင်း၊ တရားဥပဒေချိုးဖောက်ကျူးလွန်နေမှုကို အားပေးအားမြှောက်ပြုရာရောက်စေမည်ဖြစ်ခြင်း၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများကို ဖောက်ဖျက်ကျော်လွန်ခြင်းအပါအဝင် ဆိုးကျိုးများဖြစ်နိုင်ပါကြောင်း၊ တရားမဝင်ထပ်မံဝင်ရောက်လာသော လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များကို ညွှန်ကြားချက်နှင့်အညီ သက်ဆိုင်ရာက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ကံမမဲဆန္ဒနယ်မှ ဦးစိန်ဟန်၏ ကြံခင်း-ပခုက္ကူ မီးရထားလမ်းဖောက်လုပ်ခဲ့ရာ၌ လက်လွတ်ဆုံးရှုံးခဲ့ရသော ကံမမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ၏ လယ်ယာမြေများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကာလပေါက်ဈေးနှင့်အညီ နစ်နာကြေးပေးလျော်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍လည်း ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရာတွင် သိမ်းဆည်းခဲ့သည့် ခန့်မှန်း မြေဧကမှာ ဧက(၄၀၀၀)ခန့်ဖြစ်ပါကြောင်း၊ သိမ်းဆည်းမြေများအနက် မြေဧက (၁၀၁၈ ဒသမ ၁၁)ဧကကို လျော်ကြေးပေးချေထားပြီးဖြစ်ပါကြောင်း၊ ရထားလမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသော သိမ်းဆည်းမြေများ လျော်ကြေးပေးချေနိုင်ရန်အတွက် တောင်သူစာရင်းတိကျစေရေးနှင့် သိမ်းဆည်းမြေများကို တိုင်းတာခြင်း၊ မြေလျော်ကြေးတန်ဖိုးကို ကာလပေါက်ဈေးတွက်ချက်အတည်ပြုခြင်း၊ မြေယာလျော်ကြေးတန်ဖိုးစာရင်း


ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်


ပန်းဘဲတန်း မဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေ

ရရှိပါက နီးစပ်ရာဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်သို့ ဘဏ္ဍာငွေလျာထားတောင်းခံခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အဆိုပါလုပ်ငန်းများပြီးစီးပါက မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီမှ လျော်ကြေးတန်ဖိုးများ အတည်ပြုချက်ရရှိပါက ဘဏ္ဍာငွေထည့်သွင်းလျာထားတောင်းခံသွားမည်ဖြစ်ပြီး ရရှိပါက လျော်ကြေးငွေများပေးချေခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**(သတင်းစဉ်)**

# ဧည့်စာရင်းတိုင်ကြားခြင်းကို လက်ခံခြင်း၊ ခွင့်ပြုခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်း၊ ဧည့်စာရင်းတိုင်ကြားရန် ပျက်ကွက်လျှင် အရေးယူခြင်းကို ပယ်ဖျက်ရန်အတည်ပြု

**နေပြည်တော် ဇွန် ၃**

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ယနေ့အစည်းအဝေးတွင် တစ်ပိုဒ်ချင်းစီအလိုက် အမျိုးသားလွှတ်တော်က အတည်ပြုပြဋ္ဌာန်းရာ ကန့်ကွက်သည့် လွှတ်တော်ကိုယ်စားလှယ်များရှိသော်လည်း ပြင်ဆင်ချက်များအတိုင်း အတည်ပြုခဲ့သည်။

အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးက မေ ၂၀ နှင့် ၂၄ ရက်၌ကျင်းပသည့် လွှတ်တော်အစည်းအဝေးတွင် အကြံပြုဆွေးနွေးချက်များအပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာခဲ့ပြီး ယနေ့အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်းက ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ပြန်လည်ဖတ်ကြားတင်ပြသည်။

ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ၌ လွှတ်တော်ကိုယ်စားလှယ်များ၏ အဆိုပြုချက်များနှင့် ပြင်ဆင်ဖြည့်စွက်ချက်များ အပါအဝင် အချက်ပေါင်း ၂၄ ချက်ရှိသည့်အနက် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်နှစ်ဦးတင်ပြသည့် အချက် ၃ ချက်ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်သင့်ပါကြောင်း၊ ကျန်အချက်များသည် မြန်မာစာ စာလုံးပေါင်းသတ်ပုံနှင့် အရေးအသား အသုံးအနှုန်း မှန်ကန်မှုရှိစေရန်အတွက် လည်းကောင်း၊ ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်အတွက် လည်းကောင်း လိုအပ်သည်များကို ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားပြီးဖြစ်၍ လွှတ်တော်မှ အတည်ပြုဆောင်ရွက်သင့်ပါကြောင်း ပါရှိသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်များအတိုင်း တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ဆန္ဒကို ရယူအတည်ပြုသည်။


ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များ သဘောဆန္ဒကွဲပြားသည့် မူလဥပဒေပြဋ္ဌာန်းချက်ပါ အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမှ ညဉ့်အိပ် ညဉ့်နေ လာရောက်တည်းခိုသော ဧည့်သည်များအတွက် ဧည့်စာရင်းတိုင်ကြားခြင်းကို လက်ခံခြင်း၊ ခွင့်ပြုခြင်း၊ ဧည့်စာရင်း စစ်ဆေးခြင်း၊ ဧည့်စာရင်းတိုင်ကြားရန် ပျက်ကွက်လျှင် အရေးယူခြင်းကို ပယ်ဖျက်ရန် အဆိုပြုပြဋ္ဌာန်းချက်နှင့်စပ်လျဉ်း၍ ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်ဆန္ဒပြုသည့် နည်းလမ်းဖြင့်လွှတ်တော်၏ဆန္ဒရယူရာ ထောက်ခံမဲ ၁၄၀၊ ကန့်ကွက်မဲ ၆၅ မဲနှင့် ကြားနေမဲ တစ်မဲရရှိပြီး ထောက်ခံဆန္ဒမဲများသည့်အတွက် ပယ်ဖျက်ရန် အဆိုပြုပြဋ္ဌာန်းချက်ကို အတည်ပြုကြောင်း ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

အလားတူ ဥပဒေကြမ်း၏ မူလပြဋ္ဌာန်းချက်ပါ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် ဧည့်စာရင်းတိုင်ကြားခြင်း ကိစ္စနှင့်စပ်လျဉ်း၍ ငွေကြေးတစ်စုံတစ်ရာ ကောက်ခံခြင်းမပြုရဟူသော စကားရပ်အစား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၃၃ ကို ပယ်ဖျက်ရမည် အဆိုပြုပြဋ္ဌာန်းချက်နှင့်စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်၏ဆန္ဒရယူရာ ထောက်ခံမဲ ၁၄၂ မဲနှင့် ကန့်ကွက်မဲ ၆၇ မဲ ရရှိပြီး ထောက်ခံဆန္ဒမဲများသည့်အတွက် ပယ်ဖျက်ရန် အဆိုပြုပြဋ္ဌာန်းချက်ကို အတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့ပြင် ဥပဒေကြမ်း၏ မူလပြဋ္ဌာန်းချက်ပါ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အောက်ပါကိစ္စတစ်ရပ်ရပ်ပေါ်ပေါက်ပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ သတ်မှတ်ချက်များနှင့်အညီ တိုင်ကြားရမည်ဆိုသည်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၇ ကို ပယ်ဖျက်ရမည်ဆိုသည့် အဆိုပြုပြဋ္ဌာန်းချက်နှင့်စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်၏ဆန္ဒရယူရာ ထောက်ခံမဲ ၁၃၈ မဲ၊ ကန့်ကွက်မဲ ၆၈ မဲနှင့် ကြားနေမဲ ၂ မဲ ရရှိပြီး ထောက်ခံဆန္ဒမဲများသည့်အတွက် ပယ်ဖျက်ရန် အဆိုပြုပြဋ္ဌာန်းချက်ကို အတည်ပြုကြောင်း ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် အဆိုတင်သွင်းသည်။

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ဆန္ဒကိုရယူအတည်ပြုရာ၌ ကန့်ကွက်သည့် လွှတ်တော်ကိုယ်စားလှယ်အချို့ရှိသော်လည်း ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဥပဒေကြမ်းတစ်ရပ်လုံးကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်က အတည်ပြုပြီးဖြစ်သည့်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြား၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အတိုင်း လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

■

# ၂၁ ရာစုနှစ် လျှပ်တစ်ပြက် ဂျပန်

## လက်ာရည်ကျော်

ဖတ်ခဲ့ဖူးသမျှ ခရီးသွားဆောင်းပါးတွေထဲမှာ မှတ်မှတ်ရရ အရှိဆုံး ဆောင်းပါးကို ပြောပါဆိုလျှင် အလယ်တန်းကျောင်းသားဘဝ ၁၉၇၀ ပြည့်လွန်နှစ်တွေက ဖတ်ဖူးခဲ့သော ဆရာမင်းကျော်၏ 'လျှပ်တပြက် ဂျပန်' ကို ပြရပေမည်။

ဆရာက ဂျပန်ကို လျှပ်တစ်ပြက်သာ ရောက်ခဲ့သော်လည်း ခြယ်မှုန်းပြလိုက်သည်က စာအုပ်ကြီးတစ်အုပ်စာ။ အဲဒီအချိန်ကတည်းက ဒီမိုကရေစီ ထွန်းကားသောနိုင်ငံနှင့် ဒီမိုကရေစီဆိတ်သုဉ်းသည့်နိုင်ငံ ဘာတွေ ကွာခြားသွားတတ်သလဲဆိုတာ ပြက်ပြက်ထင်ထင် မြင်အောင်နှင့် စာပေကင်ပေတိုင် လက်ချက်ဆင်ဆာကလည်း လွတ်အောင် ပညာပါပါရေးပြလိုက်တာ ကျွန်တော် ဂျပန်ရောက်ဖူးချင်သည့်ဆန္ဒ အဲဒီကတည်းက စသွားသည်ဆိုပါစို့။

အဲဒီနောက် အနှစ်လေးဆယ်လောက်ကြာပြီး တခြားကမ္ဘာ့နိုင်ငံပေါင်း ၁၀ နိုင်ငံကျော်လောက် ရောက်ဖူးခဲ့ပြီးသည်အထိ ဂျပန်နှင့် ကျွန်တော် ရေစက်မဆုံခဲ့။

ဒီနှစ်တော့ ကံကောင်းချင်တော့ ဂျပန်နိုင်ငံ 'ခါခါဝါ' (Kagawa) ရှိ ဆေးရုံတစ်ရုံမှာ လုပ်သော နိုင်ငံတကာ ဆေးပညာနှီးနှောဖလှယ်ပွဲတစ်ခုက ကျွန်တော်နှင့် ကလေး ဦးနှောက်နှင့်အာရုံကြောဆရာဝန်ကြီး ဒေါက်တာ ကျော်လင်းကို လှမ်းဖိတ်သည်။

၂၁ ရာစုနှစ် လျှပ်တစ်ပြက် ဂျပန်ပေါ့။

၂၄-၅-၂၀၁၆ ညမှာ ရန်ကုန်ကနေ တိုကျိုကို တိုက်ရိုက် လေယာဉ်စီးသည်။ ၂၅-၅-၂၀၁၆ မနက်မှာ တိုကျို နာရေတာ လေဆိပ်ကို ရောက်သည်။ 'ခါခါဝါ' ကို ည ၇ နာရီမှ ဟာနေဒါ လေဆိပ်ကနေ လေယာဉ်သွားစီးရမည်ဆိုတော့ ကျွန်တော်တို့ အချိန်တွေ ပိုနေသည်။

လေ့လာလိုက်တော့ 'နာရေတာ ခရီးသွားစီမံချက်' ဆိုတာ သွားတွေ့သည်။

အံ့ဩစရာပါ။ ကမ္ဘာပေါ်မှာ အဲဒါမျိုး ဘယ်မှာမှ ရှိမည် မထင်။ ကြားလည်း မကြားဖူးခဲ့။

သူ့စီမံချက် ကောင်တာမှာ သွား၍ 'နာရေတာ' နားတစ်ဝိုက် လည်ပတ်ချင်သည်ပြောတော့ ရွေးချယ်စရာ လမ်းကြောင်းသုံးခု ပြသည်။ သူတို့ကိုးကွယ်သည့် ဘုရားကျောင်းရှိရာ မြို့လယ်ကို သွားတာရယ်၊ တောတောင် သဘာဝတွေ လှည့်လည်ကြည့်ရှုတာရယ်၊ နောက်တစ်ခုရယ်။ အချိန်အရ ကျွန်တော်တို့က ပထမဟာကို ရွေးလိုက်သည်။

ရထားလက်မှတ်ဖိုးတော့ ကိုယ့်ဟာကိုယ်ပေး။ 'ဂိုက်'က အခမဲ့တဲ့။ ကျွန်တော် တော်တော် ကြောင်သွားသည်။ 'ဂိုက်'ကို သူဖုန်းဆက်ခေါ်၍ ရောက်လာတော့မှ နည်းနည်းစ သဘောပေါက်သည်။ 'ဂိုက်'ခေါ် လမ်းပြက ကျွန်တော်တို့နှစ်ယောက်အတွက် သုံးယောက်တောင်လာသည်။ 'နာရေတာ' မြို့သားနှစ်ဦးနှင့် မြို့သူတစ်ဦး။ အသက်ကြီးကြီးတွေပါ။ ပင်စင်စားလူကြီးတွေ ဖြစ်သည်။

ကျွန်တော်တို့ကို Public Transport ရထားတစ်လှည့် ခြေကျင်တစ်လှည့် ခေါ်သွားတာပါ။ မြို့ထဲရော၊ ဘုရားကျောင်းရော၊ တောတောင်သဘာဝတွေပါ လှည့်လည်ရှင်းပြသည်။ ဂရုစိုက်လိုက်သမှလည်း ခေါင်းဆောင်က ကျွန်တော်တို့လမ်းကူးရင်တောင် လက်နှစ်ဖက် ဆန့်တန်း၍ ကာထားပေးသည်။

ကျွန်တော်ကလည်း စပ်စပ်စုစုသမားမို့ အခကြေးငွေ မရဘဲ ဘာလို့ 'ဂိုက်' လုပ်ပေးကြပါသလဲဟု မေးကြည့်တော့ 'နာရေတာ' မြို့သူမြို့သားတွေစုပြီး အကောင်အထည်ဖော်နေကြသော Project ပါတဲ့။ လေဆိပ်နားမှာတင်ရှိသော 'နာရေတာ'မှာ တိုကျိုမြို့လယ်ကောင်နှင့် တစ်နာရီခွဲခန့် ရထားစီးမှ ရောက်တာဆိုတော့ ခေါင်ပါသည်။ အဲဒီ ခေါင်သည့်မြို့ကို နိုင်ငံတကာက ဧည့်သည်တွေ ဝင်ရောက်စေချင်သည့်ဆန္ဒနှင့် ဒီအခမဲ့လိုက်လံ ပြသခြင်း အစီအစဉ်ကို အကောင်အထည်ဖော်ကြတာပါတဲ့။ သူတို့မြို့က စီးပွားရေးလုပ်ငန်းရှင်တွေကလည်း ဒီပရောဂျက်ကို ထောက်ပံ့ကြပါသတဲ့။ နာရေတာလေဆိပ်အထိလည်း သူတို့ လိုက်ပြန်ပို့ပေးသည်။ ဟိုရောက်တော့ 'တဟိုက်ဟိုက်'နှင့် ထုံးစံအတိုင်း ဦးတွေညွှတ်ကြသည်။ သူတို့ကပဲ ကျွန်တော်တို့ကို အမှတ်တရလက်ဆောင်ပေးသည်။ သူတို့ဧည့်သည်ဖြစ်နေ၍ သူတို့ လေဆိပ်ထဲမှာ ဖွင့်ထားပေးသော Lounge နားနေခန်းမှာ ခဏနားဖို့ ဖိတ်ခေါ်သည်။ အဲဒီ အခန်းထဲမှာ ဖုန်းအားသွင်းရသည်။ တရေး ငိုက်မြည်းရသည်။ ပြီးတော့ သူတို့တိုက်သည့် ကော်ဖီကို သောက်ပြီး 'ဟာနေဒါ' လေဆိပ်ကို သွားဖို့ လမ်းကြောင်းရှာရသည်။

ဟာနေဒါနှင့် နာရေတာက တော်တော်ဝေးသည်။ တက္ကစီသာစီးလျှင် မွဲသွားနိုင်သည်။ လေဆိပ်ထဲမှာ လိုက်စုံစမ်းတော့ Airport Limosine ဆိုသည့် ဘတ်စ်ကားအကြီးကြီးတွေ တွေ့သည်။ ဘတ်စ်ကားဂိတ်တစ်ခုချင်းဘေးမှာ ယူနီဖောင်းဆင်တူဝတ်ထားသည်။ တက္ကသိုလ်ကျောင်းသားအရွယ် မိန်းကလေးတစ်ဦးနှင့် ယောကျ်ားလေးသုံးဦးစီလောက် တွေ့သည်။ အဲဒီလိုဂိတ်ပေါင်းက မျက်စိတစ်ဆုံး ဖြစ်နေသည်။ သူတို့ဆီမှာ စုံစမ်းကြည့်တော့ လက်မှတ်ရောင်းဌာနကို ပြသည်။ ကားတွေက ၁၀ မိနစ်တစ်စီးလောက် ထွက်သော်လည်း ကိုယ်စီးချင်သည့်အချိန် အတိအကျ ဝယ်ရသည်။ အချိန်မတူသော ကားပေါ်လိုက်ခွင့်မရှိ။အချိန်မတူသော ကားဆိုက်ထားချိန် လက်မှတ်သွားပြတော့ စောင့်ရမည့်နေရာ ပြသည်။ ရှေ့တစ်စီးလူတင်တော့ ဘေးကပ်လျက် လိုင်းမှာစီ၍ စောင့်ရသည်။ ရှေ့တစ်စီးထွက်တော့ ကိုယ့်လက်ဆွဲတွေကို ယောကျ်ားလေးတွေက လာသယ်သည်။ မိန်းကလေးက လက်သီးဆုပ်ကလေးမြှောက်၍ ကြေညာသည်။ ထောင်ထားသော LED တွေမှာလည်း ဂျပန်လိုတစ်လှည့်၊ အင်္ဂလိပ်လိုတစ်လှည့် အချက်အလက်တွေ ပေါ်နေသည်။ မိန်းကလေးကလည်း အော်နေရင်းက သေတ္တာကျန်ခဲ့တာ တွေ့လျှင် ပြေးသယ်၍ တင်သည်။ ကားပေါ်လူတွေ တက်ပြီးတော့ ကားပေါ်တက်လာကြ၍ ကားဒရိုင်ဘာကို ဦးညွှတ်သည်။



ကွန်ဖရင့်ကျင်းပရာ ရှီကိုကုဆေးရုံမှ ဆရာဝန်၊ ဆရာမများနှင့် အမှတ်တရ

အောက်ပြန်ဆင်း၍ ကားထွက်သည်အထိ တန်းစီဦးညွှတ်ထားသည်။ အချိန်ပိုင်းအလုပ်လုပ်သော ကျောင်းသားကျောင်းသူကလေးတွေ ထင်ပါရဲ့။ ကိုယ့်မှာလည်း အဲဒီအရွယ်သားနှင့်သမီးရှိတော့ ကျွန်တော့်မျက်စိထဲတော့ ချစ်စရာကောင်းနေကြတာပါပဲ။

ဟာနေဒါလေဆိပ်ကနေ ကျွန်တော်တို့ ကွန်ဖရင့်လုပ်မည့် ခါခါဝါကိုရောက်တော့ ကွန်ဖရင့်က စီစဉ်ထားသည့် တက္ကစီလာကြိုသည်။ တည်းခိုရာဟိုတယ်ကို တစ်နာရီခွဲလောက် စီးရသည်။

ခါခါဝါဆိုတာ တကယ်တော့ ကျေးလက်ဒေသဖြစ်သည်။ ကားလမ်းဘေးတွေမှာ လယ်ကွင်းတွေ အပြည့်။ ကားလမ်းပေါ်မှာတော့ ခေတ်မီလမ်းပြစနစ်တွေ အပြည့်နှင့် တော်တော်တော့ အမြင်ဆန်းသည်။ ငါးဖမ်းဆိပ်ကမ်းတွေလည်း အပြည့်ပါပဲ။

လူတွေ ကြည့်ရတာတော့ ဂျပန်မှာ ဆင်းရဲသားရှိရဲ့လားဟုတောင် သံသယဝင်စရာပါ။

ကွန်ဖရင့်ကလည်း တော်တော်စိတ်ဝင်စားစရာကောင်းသည်။ အာရှနိုင်ငံတော်တော်များများက ကိုယ်စားလှယ်တွေလာ၍ စာတမ်းဖတ်ကြသည်။ ကျွန်တော်လည်း သွေးလွန်တုပ်ကွေးအကြောင်း စာတမ်းတစ်ခုဖတ်သည်။ ကိုကျော်လင်းကတော့ ဦးနှောက်ကူးစက်ရောဂါတချို့အကြောင်း စာတမ်းဖတ်သည်။

ဂျပန်ဘက်ကတင်သော စာတမ်းရှင်တွေက အချက်အလက်တော့ တော်တော်ကောင်းကြသည်။ ဓာတ်ခွဲစမ်းသပ်မှုတွေလည်း တော်တော်ပြည့်ပြည့်စုံစုံလုပ်နိုင်တာတွေ့ရသည်။ အင်္ဂလိပ်စာတော့ အားနည်းကြသည်။ ချစ်စရာကောင်းတာကတော့ မေးတာကို အင်္ဂလိပ်လို မဖြေတတ်လျှင်လည်း ရယ်၍ခေါင်းကလေးတွေ ညွှတ်ပြပြီး အကူအညီတောင်းတတ်တာပါပဲ။ အိုက်တင်ခံနေတာမျိုးတွေ မတွေ့ရ။

ကွန်ဖရင့်သုံးရက်အတွင်းမှာတင် ဂျပန်ရိုးရာ ရေနွေးကြမ်းပါတီကလေး လုပ်သည်။ ကီမိုနိုအပြည့်အစုံနှင့် မိန်းမငယ်ကလေးတွေက ရိုးရာဓလေ့အတိုင်း ရေနွေးကြမ်းအချိန်ယူပြင်ဆင်၍ တည်ခင်းဧည့်ခံ ပြတာပါ။ အိုက်ခီဒိုကိုယ်ခံပညာ သရုပ်ပြပွဲလည်း ပါသည်။ ဂျပန်သီချင်းတွေ၊ အကတွေလည်း ပါသည်။ သဘောကျမိတာ တစ်ခုကတော့ အဲဒီ ဖျော်ဖြေသူတွေ အကုန်လုံးက ကွန်ဖရင့် ကျင်းပရာ ဆေးရုံက ဆရာဝန်၊ ဆရာမတွေချည်းပဲ ဖြစ်နေတာပါပဲ။

နေ့လယ်ပိုင်းတွေမှာလည်း ဒေသအတွင်း လှည့်လည်ပြသမှုတွေ၊ ရှင်းပြမှုတွေ ရှိသည်။ ဘာ'ဂိုက်'မှ မပါ။ ဆေးရုံဝန်ထမ်းတွေကပဲ လိုက်ပို့တာပါ။ ဧည့်ဝတ်ကျေပွန်မှုကတော့ မြန်မာနှင့်တစ်ထေရာတည်း။

ကွန်ဖရင့် နောက်ဆုံးနေ့ ညဥ့်တော်တော်နက်သည်အထိ ဆေးရုံဝန်ထမ်းတချို့ ကျွန်တော်တို့ တည်းခိုရာ ဟိုတယ်က မပြန်နိုင်ကြသေး။ နောက်တစ်နေ့ ကျွန်တော်တို့ ပြန်ဖို့၊ လည်ပတ်ဖို့ ကိစ္စတွေ ကူညီဆောင်ရွက်နေကြတာ ဖြစ်သည်။

နောက်တစ်နေ့မှာ ကျွန်တော်နှင့် ကိုကျော်လင်းကို အိုကာယားမားတက္ကသိုလ်မှာ Ph.D တက်နေသည့် မြန်မာဆရာဝန်မကလေးတစ်ဦးက လာခေါ်၍ ရထားနှင့် ဒေသအတွင်း လှည့်ပတ်ပြသေးသည်။

အဲဒီညမှာ တိုကျို။

တိုကျိုရောက်တော့ လမ်းတွေက မိုးပေါ်ရောက်သွားသည်။ အဆောက်အအုံတွေက တိမ်ထဲ ရောက်သွားသည်။ စကားတွေက အင်္ဂလိပ်သံ ပီသလာသည်။ အမူအရာတွေက နည်းနည်းအေးစက်စက် ဖြစ်လာသည်။

ကမ္ဘာကျော်မင်းသား တွမ်ခရုစ်ပါသော 'နောက်ဆုံးဆာမူရိုင်း' ရုပ်ရှင်တွင် ရှိုဂန်ကြီးတွေက ဂျပန်ဘုရင်ကို သစ္စာရှိကြပါလျက်နှင့် အနောက်အုပ်စုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်တာ မကျေနပ်လို့ ပုန်ကန်ကြရာမှ ပြည်တွင်းစစ် ဖြစ်လာခဲ့ရသည့် အကြောင်းရင်းကို နည်းနည်းခံစား၍ ရလာသည်။ အဲဒီ အဖြစ်အပျက်က တကယ့်အဖြစ်အပျက် ဖြစ်သည်။ အဲဒီ အဖြစ်အပျက်နှင့်ဆက်စပ်နေသည့် နေရာတွေကိုလည်း နောက်တစ်နေ့မှာ လေ့လာခွင့်ရခဲ့သည်။

နောက်တစ်နေ့မှာတော့ တဟိုက်ဟိုက် ကလေးတွေကြိုဆိုနေရာ ဘတ်စ်ကားကြီးနှင့် လေဆိပ်ဆင်း။ မြန်မာပြည် ပြန်ရောက်။

၂၁ ရာစု လျှပ်တစ်ပြက် ဂျပန်ခရီးမှာ ကျွန်တော် လေ့လာမိခဲ့သည့် အချက်တစ်ခုကတော့ ကျွန်တော်တို့ ဂျပန်တွေဆီက အတုယူရမည့် အချက်တွေထဲမှာ အရေးအကြီးဆုံး အချက်ကတော့ 'ဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရင်းက ဂျပန်လူမျိုးတို့၏ ရိုးရာဓလေ့တို့ကို ချစ်မြတ်နိုးစွာ ထိန်းသိမ်းတတ်ခြင်းပင်' ဖြစ်သည်။

ရိုးရာဓလေ့ကို ထိန်းသိမ်းသည်ဆိုတာကလည်း ပွဲလမ်း အခမ်းအနားတွေမှာ ဂျပန်လိုဝတ်တာနှင့် ဂျပန်ရိုးရာဓလေ့တွေ ထုတ်ပြကြတာလောက်ကို ဆိုလိုတာ မဟုတ်။ နှလုံးသားထဲမှာ အမြဲဂျပန်ဖြစ်နေတာကို ဆိုသည်။

ကျွန်တော်တို့သည် အနောက်နိုင်ငံများမှ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီစံနှုန်းများကို 'မြန်မာ့ရေမြေ သဘာဝနှင့်ကိုက်ညီသော' ဆိုသည့် နာမဝိသေသနကြီး တပ်ပြီး လျှော့ချနေရမှာ မဟုတ်။ အနောက်နိုင်ငံကလူနှင့် မြန်မာကလူ လူ့အခွင့်အရေး တူရမည်ဖြစ်သည်။ သို့သော် ရိုးရာယဉ်ကျေးမှု၊ မြန်မာတို့၏ နှလုံးသားနွေးထွေးပျူငှာမှုနှင့် ကိုယ်ကျင့်တရားစံနှုန်းတွေကိုတော့ အထိခိုက်ခံ၍ မရ။ မထိခိုက်အောင် လုပ်ပုံလုပ်နည်းကလည်း လမ်းညွှန်သြဝါဒတွေ ခြွေ၊ နေ့ကြီးရက်ကြီးနှင့် အခမ်းအနားတွေမှာ မြန်မာ့ရိုးရာဝတ်စုံဝတ်၊ ခေါင်းပေါင်းကြီးတွေ ဆောင်းပြနေရုံနှင့် ဘာမျှအကျိုးရှိမှာမဟုတ်။ ရင်ထဲက မြန်မာဖြစ်နေရမှာ ဖြစ်သည်။ မျိုးဆက်သစ်တို့ကို မြန်မာမှုဓလေ့နှင့် ကိုယ်ကျင့်တရားစံတို့ကို ချစ်တတ်အောင် ပညာပါပါ တစိမ့်စိမ့် ရင်ထဲစိမ့်ဝင်အောင် သင်ကြားပေးရမှာ ဖြစ်သည်။

ဂျပန်တို့ကို အတုခိုးရဦးမှာ အမှန်။

ဂျပန်နှင့် တူရမှာတော့ မဟုတ်။

မြန်မာနှင့်ပဲ တူနေရမှာ ဖြစ်ပါသည်။

“ကျွန်တော်တို့သည် အနောက်နိုင်ငံများမှ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ စံနှုန်းများကို "မြန်မာ့ရေမြေ သဘာဝနှင့်ကိုက်ညီသော" ဆိုသည့် နာမဝိသေသနကြီး တပ်ပြီး လျှော့ချနေရမှာ မဟုတ်။ အနောက်နိုင်ငံကလူနှင့် မြန်မာကလူ လူ့အခွင့်အရေး တူရမည်ဖြစ်သည်။ သို့သော် ရိုးရာယဉ်ကျေးမှု၊ မြန်မာတို့၏ နှလုံးသားနွေးထွေးပျူငှာမှုနှင့် ကိုယ်ကျင့်တရားစံနှုန်းတွေကိုတော့ အထိခိုက်ခံ၍ မရ။ မထိခိုက်အောင် လုပ်ပုံလုပ်နည်းကလည်း လမ်းညွှန်သြဝါဒတွေ ခြွေ၊ နေ့ကြီးရက်ကြီးနှင့် အခမ်းအနားတွေမှာ မြန်မာ့ရိုးရာဝတ်စုံဝတ်၊ ခေါင်းပေါင်းကြီးတွေ ဆောင်းပြနေရုံနှင့် ဘာမျှအကျိုးရှိမှာမဟုတ်။ ရင်ထဲက မြန်မာဖြစ်နေရမှာ ဖြစ်သည်။ မျိုးဆက်သစ်တို့ကို မြန်မာမှုဓလေ့နှင့် ကိုယ်ကျင့်တရားစံတို့ကို ချစ်တတ်အောင် ပညာပါပါ တစိမ့်စိမ့် ရင်ထဲစိမ့်ဝင်အောင် သင်ကြားပေးရမှာဖြစ်”

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# မန္တလေးအသက်ရှည်ဖို့ အောင်ပင်လယ်ကို အချိန်မီကယ်တင်ကြပါ

**ဆူးငှက်**

တကယ်တော့ အောင်ပင်လယ်ကန်ရဲ့ မူလအမည်မှာ 'ကန်တိလိကန်' ဖြစ်တယ်။ သက္ကရာဇ် ၅၁၃ ခုနှစ်မှာ မင်းရှင်စောက ဆယ်တော်မူခဲ့တယ်။ တနင်္ဂနွေသား မင်းရှင်စောက တနင်္ဂနွေနေ့မှာပင် ကန်တော်ဆယ်ယူဖို့ ဆောင်ရွက်ပြီးစီးလို့ "အောင်ပင်လယ်ကန်"လို့ အမည်သမုတ်ခဲ့တာပါ။ အောင်ပင်လယ်ကန်က အလျားတာ သုံးထောင်ရှိပြီး လယ်ပယ်သုံးသောင်းကို သုံးသီးစားစိုက်ပျိုးနိုင်တယ်လို့ ဆိုပါတယ်။ မင်းရှင်စော ဆယ်တော်မူခဲ့တဲ့ အောင်ပင်လယ်ကန်ကို ဘိုးတော်ဘုရား(ဗဒုံမင်း)က သက္ကရာဇ် ၁၁၅၁ ခု နယုန်လပြည့် တနင်္လာနေ့မှာ နောက်ပါဗိုလ်ခြေ ထုနှင့် မဟာမုနိဘုရားအနီး ယာယီတဲနန်းမှာ စံမြန်းတော် မူပြီး ထပ်မံဆယ်ဖို့ ပြုပြင်တော်မူပြန်ပါတယ်။ မင်း၊ မိဖုရား၊ မင်းညီမင်းသား၊ မှူးတော်မတ်တော်၊ ကတော်စိုးတို့နှင့်တကွ အမရပူရရွှေမြို့တော်မှ တစ်အိမ်တစ်ယောက်မက ပြည်သူများနှင့်လည်း လယ်ထွန်မင်္ဂလာဆင်းပြီး ကန်တော်နှင့် ပတ်သက်သမျှ ကျောက်စာရေးထိုး စိုက်ထူတော်မူခဲ့ပါတယ်။

"ပြည်သူပြည်သားတို့ စီးပွားချမ်းသာ ဖြစ်စေလိုရှယ် နှစ်သစ်အခါမှ ရက်သုံးဆယ်ရာသီ မေခုန် နယုန်လပြည့် တနင်လာနေ့ မင်းတို့ခမ္မတာ လယ်ထွန်မင်္ဂလာ ထွက်စံတော်မူရှယ် မင်းမိဖုရား၊ မင်ညီမင်းသား၊ မှူးတော်၊ မတ်တော် ကတော်စိုး မင်းတို့နှင့်တကွ၊ နေပြည်တော်နေ တစ်အိမ် တစ်ယော် နော်တော်ပါ အသိန်မကသော ဗိုအထုနှင့် . . ."

**(အောင်ပင်လယ်ကန်ထိပ်ရှိ ဘိုးတော်ဘုရား ရေးထိုးခဲ့သော ကျောက်စာမှ မူရင်းသတ်ပုံမှ)**

ဒီလိုရေးထိုးခဲ့တဲ့ ကျောက်စာတွေဟာ အထိန်းသိမ်းကောင်းကောင်းနဲ့ တန်ဖိုးထားကြရမှာပါ။ အရင်က လမ်းနံဘေးမှာ လွတ်လွတ်လပ်လပ်ရှိခဲ့ပေမယ့် အခုအခါ ကျောက်စာရုံကိုပါ အပိုင်စီးခြံဝင်းအခတ်ခံထားရရှာတဲ့ မန္တလေး-ပြင်ဦးလွင် လမ်းမကြီးရဲ့ မန္တလေးကအထွက် မိုင်တိုင် ၆ မိုင်၊ ၂ ဖာလုံက အောင်ပင်လယ်ကျောက်စာဟာ ဖုန်အထပ်ထပ်ကြောင့် အမရပူရခေတ် ကျောက်ထက်အက္ခရာလက်ရေးတွေဟာ ရေးရေးသာပေါ်တော့တယ်။

"နွယ်တော်ရင်စစ်ဖြစ်တော်မူသော ဖေလောင်းတော် လှေစကြာသခင် နရပတိစည်သူမင်းကြီး၏ ဖကြီးတော် အလောင်းစည်သူမင်းကြီး၏သား နရသူမင်း၏အစ်ကို နောင်ချစ်မင်းလျှာဖြစ်သော မင်းရှင်စောသည် သက္ကရာဇ် ငါးရာတစ်ဆယ့်သုံးခု တည်တော်မူသော အလျားတာ သုံးထောင်၊ လယ်ပယ်သုံးသောင်း၊ မြောင်းသုံးသွယ်တို့ဖြင့် အလွန်ကြီးကျယ်သော ကန်တိလိ အမည်ခေါ် အောင်ပင်လယ်ကန်တော်ကြီးသည် . . ."တဲ့။

တကယ်တော့ ဒီနေရာတွေဟာ မန္တလေးရဲ့ အထင်ကရနေရာတွေပါ။ ဟုတ်ပါတယ်။ အောင်ပင်လယ် လယ်ကွင်းတွေပဲပေါ့။ "အောင်ပင်လယ်"လို့ အမည်သညာရှိခဲ့တဲ့ ဒီကန်တော်ကြီးဟာ နာမည်နဲ့ လိုက်ဖက်ညီစွာပဲ အလျားတာ ၃၀၀၀၊ မိုင်အားဖြင့် ၇ မိုင်ခွဲနီးပါးရှည်ပြီး အနံ ၃ မိုင်ခွဲနီးပါးကျယ်တဲ့ ဧရာမကန်တော်ကြီးမို့ ပင်လယ်တမျှ ကျယ်ပြောတယ်ဆိုတဲ့ ညွှန်းဆိုမှုနဲ့ အောင်ပင်လယ် အမည်တွင်ခဲ့ပါတယ်။ လယ်ပယ်ပေါင်း သုံးသောင်းကို



မြောင်းသုံးသွယ်နဲ့ ရေကောင်းရေရှင်ပေးနိုင်ခဲ့ပါသတဲ့။ မန္တလေး ရတနာပုံနေပြည်တော်ကို မင်းတုန်းမင်းတည်တော်မူဖို့ နေရာရွေးချယ်ရာမှာ အောင်ပင်လယ်ကန်ကြီးရဲ့ တင့်တယ်သာယာကျယ်ပြောမှုကလည်း အဓိကအချက်မှာ ပါဝင်ခဲ့ပါတယ်။ "ရွှေကြာနီ၊ ရွှေကြာဖြူ ကြူရရှုငယ်လေသင်းသင်း၊ နံ့ရှင်းရှင်း၊ အိုင်မင်း အိုင်ဆန္ဒန်၊ တူတည်းတူမောဟန်. . ."လို့ အောင်ပင်လယ်ကြာချပ်ကြီးကြိုးမှာ ဦးလွန်းပြေရေးဖွဲ့သလို ရေနေပိုးမွှားအစ ကျေးငှက်သာရကာအလယ်၊ သမင်ဒရယ် သားကောင်ငယ်အဆုံး ဘေးမဲ့ပေး ပျော်ရွှင်မြူးကြစေခြင်းနဲ့အတူ ပန်းပေါင်းရနံ့စုံ ဖူးပွင့်ကြလေကုန်သော သဘာဝဝန်းကျင်အလှဟာ မန္တလေးရတနာပုံ နေပြည်တော်အတွက် "အောင်ပင်လယ်"တစ်ခုနဲ့တင် ပြည့်စုံလုံလောက်နေတယ် မဟုတ်ပါလား။

ဒီအောင်ပင်လယ်မှာပဲ မြန်မာတို့ရဲ့ ခေတ်မီလက်နက်နိုင်ငံတော် စိတ်ကူး၊ ရေမြုပ်ဗုံး ဇာတ်လမ်းစပြီးချက်ချင်းပဲ ဇာတ်သိမ်းခဲ့ရတယ်တဲ့။ မြန်မာတစ်ပြည်လုံး သူ့ကျွန်အောက်ရောက်ပြီး ၁၉၀၀ ခုနှစ်ကျော်စွန်းစွန်းမျှကာလမှာပဲ အောင်ပင်လယ်ဟာ ရေတွေဖောက်ထုတ်ခံရပြီး လယ်ကွင်းကြီးအဖြစ် ဖော်ထုတ်အသွင်ပြောင်းခံရတာလည်း သမိုင်းမှတ်တမ်းတစ်ခုပါပဲ။ ဒါကြောင့် အဲဒီခေတ် တေးရေးကျော် နန်းတော်ရှေ့ဆရာတင်က "အောင်ပင်လယ်. . . အောင်ပင်လယ်. . . အောင်ပင်လယ်. . ၊ တကယ်တော့ အစစ်ကဲ့သို့ အခုတော့ လယ်ကောဖြစ်လို့. . ၊ ကောင်းဖို့ရွယ်သော ခေတ်ကို အခုပင်မျှော်မိတယ်"လို့ သူ့သီချင်းထဲမှာ မငြီးဝံ့ဝံ့ ငြီးဝံ့ဝံ့နဲ့ ချီးမွမ်းခြေကျောက်ခဲ့တာ သတိရမိပါသေးတယ်လေ။ အလွမ်းပြေပေါ့။

တကယ်တော့ နန်းတော်ရှေ့ဆရာတင် လွမ်းဆွတ်ခဲ့တာက "ကြာစိမ်း၊ ကြာပြာ၊ ပွင့်နီများ လှုပ်ရှားကာရယ်များစွာကွယ်. . ၊ လေယူရာကို ကြိုင်လှိုင်မွှေးလို့ အေးကြည်ဖွယ်၊ ရှေးမီတယ်၊ လူအိုလူမင်း ပြောခြင်းလက္ခဏာ၊ ဟသ်ာမောင်နှံကွယ်၊ ဝဲတယ်. . . ဝဲတယ်. . ."ဆိုတဲ့ သဘာဝဝန်းကျင်အလှ ကနဦး အောင်ပင်လယ်ဖြစ်မှာပါ။ အခုတော့ အောင်ပင်လယ်ဟာ. . ကြာစိမ်း၊ ကြာပြာ၊ ပွင့်နီများနဲ့ ဧရာမကန်တော်ကြီးလည်း မဟုတ်တော့. . ၊ တကယ်တော့ အစစ်နဲ့ လယ်တောတွေလည်း မဖြစ်တော့။ အောင်ပင်လယ်ဆိုတာ ရွာငယ်အစုလေးကို အမှီပြုပြီး လူနေရပ်ကွက်ကြီးဖြစ်လို့၊ ဝင်းကျယ်ခြံကျယ် တိုက်ကြီးတာကြီး၊ ဆိုင်ကြီး . . ကန္နားကြီးတွေဖြစ်လို့၊ မြေခွဲ ဝင်းခြမ်း၊ အိမ်တိုး အဖီချ၊ ဈေးကောင်းရ ပြန်ရောင်း၊ ဈေးကွက်ဝင် ဧရိယာကြီးဖြစ်လို့။

အေလမ်း (ဝါ) ၃၅ လမ်းရဲ့ ကနဦးအစ အောင်ပင်လယ်ကဖြင့် ကျေးလက်ပျိုဖြူ လယ်တောသူ စရိုက်တွေ. . ရေးရေးတော့ ကျန်နေသေးတယ်။ ရေးရေးဆိုသော်လည်း တကယ့်ရေးရေး. . ။ သည်ကနေ့ ရေးရေးမျှ ကျန်သော်လည်း နက်ဖြန်အတွက် အာမမခံနိုင်သေး. . ။ တကယ့်ရေးရေး. . ။ အေလမ်းနှင့် ပြင်ဦးလွင် လမ်းမကြီးဆုံရာကို အရင်က အောင်ပင်လယ်ကွေ့လို့ လူသိများခဲ့တယ်။ အင်္ဂလိပ် အက္ခရာ T ပုံသဏ္ဌာန်. . ။ ဒီနေရာက အရှေ့ဆီမျှော်ကြည့်လိုက်တော့ ရှမ်းရိုးမပြာညိုမှိုင်းအောက်မှာ ရန်ကင်းတောင်တော်က ဝပ်စင်းနေတယ်။ ကောင်းကင်က တိမ်ရုပ်စုံ ပန်းချီအောက်မှာတော့ ဟိုး. . အရှေ့ ရန်ကင်းတောင်ခြေကနေ ဟောသည်မှာဘက်အထိ စပါးကောက်နံ့စိမ်းတို့ လေယူရာတိမ်း. . ယိမ်းကနေကြဆဲပါ. . ။ အခုတော့ အစိမ်းကောက်ပင်လယ်ကြား၊ အဆောက်အအုံတွေ ကြိုကြားပေါ် လာနှုန်းက မြန်လာပုံရလေရဲ့။ အေလမ်းအစ. . မြစ်ဖျားမှာ ထင်ထင်ရှားရှား ပြောင်းလဲသွားတာက လမ်းမဝဲ၊ ယာမြင်ကွင်းတွေပါပဲ။

အရင်က အေလမ်းအစရဲ့ အောင်ပင်လယ်ကွေ့ တောင်ဘက် မြောက်ဘက်မှာ ရန်ကင်းတောင်ခြေကလို စိမ်းစိမ်းစိုစို လယ်ကွင်းတွေ ရှိခဲ့ဖူးရဲ့။ ဒီလယ်ကွင်းတွေ၊ ဒီ အစိမ်းရောင်ပျိုးခင်းတွေ၊ ချောင်းမကြီးလက်တံမြောင်းတွေက ကြည်လဲ့လဲ့ ချောင်းရေရှင်တွေ၊ လယ်ကန်သင်းရိုးက သစ်ပင်တောတန်းတွေ၊ လယ်ကွင်းကျယ်ကြီးကိုဖြတ်သန်း

**သေချာတာကတော့ အောင်ပင်လယ် ပျက်ရင် အနေးနဲ့အမြန်ဆိုသလို မန္တလေးပျက်မှာပါပဲ။ နိုင်ငံခြားသားများကပင် အမြော်အမြင်ကြီးစွာတန်ဖိုးထားခဲ့ကြတဲ့ မန္တလေးရဲ့ သဘာဝအစိမ်းရောင် အသက်ရှူပေါက်ကြီး မပျက်စီးခင် အချိန်မီ ပြုပြင်ကြပါလေကုန်. . .**

တိုက်ခတ်လာတဲ့ လေပြည်လေညင်းတွေ၊ ဒါတွေဟာ ကွန်ကရစ်တောဖြစ်လာတဲ့ မန္တလေးရဲ့ အသက်ရှူပေါက်တွေပါ။ ကယ်တင်ရှင်တွေပါ။ အဆုတ်၊ နှလုံး၊ အသည်း၊ ဦးနှောက်အားဆေးတွေပါ။ မန္တလေး ရေရှည်တည်တံ့စေဖို့ အဖိုးတန်နတ်ဩဇာတွေပါ။ အသက်ကယ် မိုရီရာမင်းတွေပါ။ ဘိုးဘွားအမွေပေးခဲ့တဲ့ ရင်းမြစ်ရတနာတွေပါ။

အောင်ပင်လယ်ဒေသရဲ့ တန်ဖိုးကို တိုင်းတစ်ပါးသား နယ်ချဲ့အင်္ဂလိပ်ကသိတယ်။ ရေခန်းယိုယွင်းလာတဲ့ အောင်ပင်လယ်ကို ဆည်တော်ကြီးက ရေသွယ်ရေပေးပြီး လယ်ကွင်းအစိမ်းရောင်ပင်လယ်ကြီးအသွင် ဖန်ဆင်းပြီး စားနပ်ရိက္ခာသာမက အောက်စီဂျင်တွေလည်း ပေးခဲ့တယ်။ ၁၉၉၄ ခုနှစ်မှာ မဟာမန္တလေးမြို့တော်စီမံကိန်းရေးဆွဲရေးကို ကူညီခဲ့တဲ့ ဂျပန်ပညာရှင်များကသည်ပင်လျှင် အောင်ပင်လယ်လယ်ကွင်းကြီးကို အဖိုးတန်သဘာဝရင်းမြစ်ကြီးအဖြစ် နဂိုမူလအတိုင်း မထိမခိုက် မပျက်မယွင်းထားရှိပြီး ကျန်နေရာများကိုသာ မြို့ပြစီမံကိန်းဆောင်ရွက်ဖို့ အကြံဉာဏ်ပေးခဲ့ပါတယ်။

အခုတော့ အောင်ပင်လယ်ကို ပုဂ္ဂလိက ဓာတ်ဆီဆိုင်တွေ၊ ဧရာမ ကေတီဗွီနိုက်ကလပ်ကြီးတွေ၊ ဟိုတယ်စီမံကိန်းကြီးတွေ၊ လူနေခြံဝင်း၊ ဂိုဒေါင်ကျယ်ကြီးတွေ၊ အစိုးရရုံးအဆောက်အအုံကြီးတွေ၊ ဝန်ထမ်းအိမ်ရာတွေ၊ အုတ်တံတိုင်းကာ ဧကကွက်ကြီးတွေ၊ သွပ်ပြားကာ ဧရာမခြံကျယ်ကြီးတွေ၊ အပြိုင်းအရိုင်း ပေါ်ပေါက်လာရုံမက ဘူဒိုဇာ၊ ဘက်ဖိုး၊ မြေတူး မြေကော်စက်ကြီးတွေနဲ့ အလုအယက် တစ်စစီဆွဲဖျက်နေကြပါပကောလား။

သေချာတာကတော့ အောင်ပင်လယ်ပျက်ရင် အနှေးနဲ့ အမြန်ဆိုသလို မန္တလေးပျက်မှာပါပဲ။

နိုင်ငံခြားသားများကပင် အမြော်အမြင်ကြီးစွာ တန်ဖိုးထားခဲ့ကြတဲ့ မန္တလေးရဲ့ သဘာဝအစိမ်းရောင် အသက်ရှူပေါက်ကြီး မပျက်စီးခင် အချိန်မီ ပြုပြင်ကြပါလေကုန်။ ။



# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ ရနောင်းလူသတ်မှုနှင့်ပတ်သက်၍ မေတ္တာရပ်ခံစာများပေးပို့

**နေပြည်တော် ဇွန် ၃**
ထိုင်းနိုင်ငံ ရနောင်းမြို့၌ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၈ ရက်က ဖြစ်ပွားခဲ့သည့် လူသတ်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမား လေးဦးအား ထိုင်းရဲတပ်ဖွဲ့က ဖမ်းဆီးထားသည့်ကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ မေတ္တာရပ်ခံစာများပေးပို့ခဲ့ကြောင်း သိရသည်။

ထိုင်းရဲတပ်ဖွဲ့က မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ဖမ်းဆီးစစ်ဆေးရာတွင် နှိပ်စက်ညှဉ်းပန်းပြီး အတင်းအဓမ္မဝန်ခံခိုင်းကြောင်း၊ အခင်းဖြစ်ပွားသည့်နေ့တွင် ဖမ်းဆီးခံထားရသူတစ်ဦးဖြစ်သည့် မောင်မိုးဇင်အောင်သည် ငါးရွေးသော အလုပ်ရုံတွင် ရှိနေခဲ့ကြောင်း၊ အလုပ်ရုံတွင် တပ်ဆင်ထားသည့် စီစီတီဗွီမှတ်တမ်းများရှိပြီး ၎င်းမှတ်တမ်းများကို ထိုင်းရဲတပ်ဖွဲ့က ယူဆောင်သွားပြီးနောက် စီစီတီဗွီမှတ်တမ်းတွင် မပါဝင်တော့ကြောင်း၊ ဖွင့်ကြည့်၍မရဟု ထိုင်းရဲတပ်ဖွဲ့က အကြောင်းပြန်ခဲ့ကြောင်း၊ သေဆုံးသူနှင့် ဖမ်းဆီးထားသူများ၏ DNA စစ်ဆေးမှုများနှင့်ပတ်သက်၍လည်း မေးခွန်းထုတ်စရာများဖြစ်နေကြောင်း၊ ၎င်းတို့သည် အမှန်တကယ် လူသတ်မှုကျူးလွန်ပါက မြန်မာနိုင်ငံအတွင်းသို့ အလွယ်တကူထွက်ပြေးတိမ်းရှောင်နိုင်သော်လည်း ပတ်သက်ခြင်းမရှိသည့်အတွက် ဆက်လက်အလုပ်လုပ်ကိုင်နေကြရာမှ ဖမ်းဆီးခံရခြင်းဖြစ်ကြောင်းစသည့် သတင်းများကို ကြားသိရသည်။

သို့အတွက် မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်က ထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ ဖမ်းဆီးထားသူများအား ထိုင်းနိုင်ငံတရားဥပဒေနှင့်အညီ စစ်ဆေးစီရင်နိုင်ရေး၊ နှိပ်စက်ညှဉ်းပန်းမှုမပြုရေး၊ ၎င်းတို့၏ မိဘများ၊ ရှေ့နေများနှင့် တွေ့ဆုံခွင့်ပြုရေး၊ ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးအတွက် ဆက်လက်ကူညီဆောင်ရွက်ပေးပါရန် ၂၀၁၆ ခုနှစ် ဇွန် ၂ ရက်တွင် မေတ္တာရပ်ခံစာတစ်စောင်အား အီးမေးလ်ဖြင့် ပေးပို့ခဲ့ကြောင်း၊ အလားတူ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် မေတ္တာရပ်ခံစာတစ်စောင်အား ထပ်မံပေးပို့ခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

■

# ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားမှုများ ဒေသခံပြည်သူများနှင့် တွေ့ဆုံမေးမြန်း

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားမှုနှင့် လက်ရှိဆောင်ရွက်ပေးနေမှုတို့ကို ဒေသခံပြည်သူများအား တွေ့ဆုံမေးမြန်းထားသည်-


ဦးတင်ရွှေ


ဦးကျော်သိန်း



ဦးမောင်သာစိန်


ဦးမောင်မောင်စိန်


ဦးကျော်လှ

**ဦးတင်ရွှေ**
**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြေပုံမြို့နယ်**

မြေပုံမြို့ကတော့ ရပ်ကွက်က ၁၄ ခု၊ ကျေးရွာအုပ်စု ၅၁ အုပ်စုနဲ့ ကျေးရွာပေါင်း ၁၅၅ ရွာနဲ့ ဖွဲ့စည်းထားပါတယ်။ မြေပုံမှာ IDP စခန်း ပထမတော့ နှစ်ခုရှိပါတယ်။ တိုင်းရင်းသား IDP ကတော့ ပြန်လည်နေရာချထားပြီးဖြစ်ပါတယ်။ သူကတော့ အိမ်ထောင်စု ၄၀ ရှိတယ်။ ဒီနေ့ ခရီးစဉ်မှာတော့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့အနေနဲ့ အသက်မွေးဝမ်းကျောင်းအတွက် သုံးသိန်းစီထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။ ဘင်္ဂလီ IDP တွေကတော့ ဒီမှာအိမ်ထောင်စုပေါင်း ၆၄၂ စုရှိတယ်။ လူဦးရေကတော့ ၂၉၁၆ ဦး၊ သူတို့ကိုတော့ WFP က ဆန်၊ ဆီ၊ ပဲ၊ အာဟာရမှုန့်တွေ ထောက်ပံ့ပေးတယ်။ ပြီးတော့ ICRC က လောင်စာတောင့်တွေပေးတယ်။ စားဝတ်နေရေးအတွက် စီစဉ်ပေးထားတယ်။ ဒီမှာလုပ်ရမယ့် အပိုင်းတွေကတော့ မိုးတွင်းကာလမှာနေနိုင်ဖို့ အတွက် အစိုးရအဖွဲ့က သစ်တွေ၊ ဝါးတွေ၊ အခင်းတွေအကုန်လဲပြီးပြီ။ INGO ဖြစ်တဲ့ UNHCR အဖွဲ့က တော့ အမိုးနဲ့ အောက်ကဖောင်ဒေးရှင်းတိုင်တွေ လုပ်ပြီးတဲ့အတွက် နေထိုင်ရေးအတွက်ကတော့ ပူစရာမလိုတဲ့ အနေအထားပါ။ ကျန်းမာရေးစောင့်ရှောက်မှုကတော့ အလှည့်ကျပေါ့။ NGO အဖွဲ့တွေလည်းရှိပါတယ်။ မြို့နယ်က တာဝန်ကျတဲ့အဖွဲ့တွေကလည်း အပတ်စဉ်လာရောက်ပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးပါတယ်။ အရေးပေါ်ဆိုရင်လည်း စစ်တွေကို အမြန်ယာဉ်တွေနဲ့ ပို့ဆောင်ကုသပေးလျက် ရှိပါတယ်။ စိစစ်ရေးကတ်အနေနဲ့ကတော့ ပထမအကြိမ် စစ်ဆေးပြီးတော့ နိုင်ငံသားတွေထုတ်ပေးထားတာရှိတယ်။ မြို့နယ်စိစစ်ရေးအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရနဲ့ ဗဟိုကစိစစ်ပြီးတော့ အကျုံးဝင်သူတွေကိုတော့ အားလုံးထုတ်ပေးထားပြီး ဖြစ်ပါတယ်။ ပညာရေးမှာ မူလတန်းကနေ အလယ်တန်းအထိ ကျောင်းဆောင်(၂)ဆောင်ရှိတယ်။ ဒေသခံဆရာတွေနဲ့ IDP က ဆရာတွေပူးပေါင်းပြီးတော့ သင်ကြားနေပါတယ်။

**ဦးကျော်သိန်း**
**IDP စခန်း**
**မြေပုံမြို့နယ်**

အစိုးရအဖွဲ့က လိုအပ်တာအားလုံး ကူညီတယ်။ စားမှုကတော့ WFP က ဆန်၊ ဆီ၊ ဆား၊ ပဲ တော့ ထောက်ပံ့တယ်။ ရေကလုံလောက်ပါတယ်။ ဒီမှာ ကျောင်းသား ကျောင်းသူ အားလုံးပေါင်း ၁၂၀၀ ကျော်ရှိပါတယ်။ အဲဒီမှာ မူလတန်းကနေ အလယ်တန်းအထိ၊ (၈)တန်းအထိ သင်ပေးပါတယ်။

**ဦးမောင်သာစိန်**
**မြို့မိ မြို့ဖ**
**စစ်တွေမြို့**

အခုလို နိုင်ငံတော်အဆင့် ပြည်ထောင်စုဝန်ကြီးတွေ လာရောက်ပြီးတော့ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပွင့်ပွင့်လင်းလင်းဆွေးနွေးတာကို အတိုင်းထက်အလွန် ဝမ်းသာပီတိဖြစ်မိပါတယ်။ စစ်တွေမြို့ပေါ်မှာ တိုးတက်ရာတိုးတက်ကြောင်းတွေကိုလည်း ကျွန်တော်တို့က တင်ပြထားပါတယ်။

**ဦးမောင်မောင်စိန်**
**သဲချောင်း IDP စခန်း**

ကျွန်တော်တို့ စခန်းမှာဆိုရင် အိမ်ထောင်စု ၃၀၇၉ စုရှိပါတယ်။ လူဦးရေက ၁၆၇၆၈ ဦး ရှိပါတယ်။ ဒီမှာရှိတဲ့ ရခိုင်အမျိုးသားတွေနဲ့ ကျွန်တော်တို့မရမာကြီး အမျိုးသားတွေက မြို့ပေါ်ကပစ္စည်းတွေ လာချပေးပါတယ်။ လာချပေးပြီးတော့ ရောင်းဝယ်ဖောက်ကားတာက ရခိုင်တွေလည်းရှိပါတယ်။ မရမာကြီးတွေလည်းရှိပါတယ်။ ဒေသခံတွေလည်း ရှိပါတယ်။ ရောင်းဝယ်ဖောက်ကားတာ အကုန်လုံး စည်စည်ကားကားရှိပါတယ်။

**ဦးကျော်လှ**
**ဒေသခံပြည်သူ**

NGO အဖွဲ့တွေကလည်း အစိုးရရဲ့ လမ်းညွှန်မှုတွေအရ လိုအပ်တာတွေ တော်တော်များများ ထောက်ပံ့ပေးခဲ့တာတွေ့ရပါတယ်။ ကျွန်တော်တို့ အများကြီး ဝမ်းသာပါတယ်။

**(သတင်းစဉ်)**

■

# ပြည်သူလူထုအခြေပြု တီဘီရောဂါဝေဒနာရှင်များ ပြုစုစောင့်ရှောက်ခြင်း၊ စီမံချက်အကဲဖြတ်ဆန်းစစ်ခြင်း အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၃**
မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အမျိုးသား TB ရောဂါတိုက်ဖျက်ရေးစီမံကိန်းနှင့် Global Fund တို့ ပူးပေါင်းဆောင်ရွက်သည့် Community Based TB Care Project ၏ Annual Evaluation Meeting အခမ်းအနားကို ဇွန် ၂ ရက် နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် သုခမလမ်းရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာနုနုသာက အဖွင့်အမှာစကားပြောကြားပြီး ဒေါက်တာသန္တာလွင်(ညွှန်ကြားရေးမှူး၊ ရောဂါနှိမ်နင်းရေးပြည်သူ့ကျန်းမာရေးဦးစီးဌာန)က မြန်မာနိုင်ငံ၏ တီဘီရောဂါတိုက်ဖျက်ရေးအခြေအနေကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ဆွေးနွေးပွဲအစီအစဉ်ကို ဆက်လက်ကျင်းပခဲ့ရာ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးဌာနမှ စီမံချက်မန်နေဂျာ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစည်သူအောင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမြတ်ကျော်သူက အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းအကြောင်းနှင့် ၂၀၁၅ ခုနှစ် ရလဒ်များအကြောင်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ CBTBC စီမံချက်တာဝန်ခံ ဒေါက်တာသက်နိုင်ဦးက ၂၀၁၅ ခုနှစ်အတွင်း စီမံချက်ရလဒ်များအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် စီမံချက်ဝင်တိုင်းဒေသကြီး/ပြည်နယ်နှင့် နေပြည်တော် တီဘီရောဂါတိုက်ဖျက်ရေးဆရာဝန်ကြီးများက လုပ်ငန်းဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြကြသည်။

မွန်းလွဲပိုင်းဆွေးနွေးပွဲတွင် သဘာပတိအဖြစ် ဒေါက်တာဝင်းမောင် (WHO National Technical Officer)က ဆောင်ရွက်၍ စီမံချက်ဆောင်ရွက်ရာတွင် တွေ့ရှိခဲ့သောအတွေ့အကြုံနှင့် စိန်ခေါ်မှုများအပေါ် မူတည်၍ အုပ်စုလိုက်ဆွေးနွေးခြင်းများပြုလုပ်ခဲ့ပြီး ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများ၏ ကြားနာစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များ အမြင်ချင်းဖလှယ်

**နေပြည်တော် ဇွန် ၃**
နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်အား International Commission of Jurists (ICJ)မှ ကော်မရှင်အဖွဲ့ဝင် တရားသူကြီး Azhar Cachalla နှင့် ဒေသတွင်း ဒါရိုက်တာ Mr. Saman Zia Zarifi ဦးဆောင်သောအဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးအစည်းအဝေးခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များ၊ ခုံရုံးအဖွဲ့ဝင်များခန့်အပ်ခြင်း၊ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများကို လေ့လာခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများ၏ ကြားနာစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ခုံရုံးအဖွဲ့ဝင်များဖြစ်ကြသော ဦးညီညီ၊ ဦးမြင့်ဝင်း၊ ဒေါ်ခင်ဌေးကြွယ်၊ ဒေါ်လှမျိုးနွယ်နှင့် ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# အခွန်ရှောင်တိမ်းနေသူများ၊ အခွန်ကင်းလွတ်နေသူများအား ရှာဖွေဖော်ထုတ်၍ အခွန်ထမ်းဆောင်သူများဖြစ်လာအောင် စည်းရုံးဆောင်ရွက်

**နေပြည်တော် ဇွန် ၃**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်တွင်းအခွန်များဦးစီးဌာနမှ ဌာနခွဲ ညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးများတွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ် (၂၆) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ယင်းသို့ တွေ့ဆုံရာတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြည်တွင်းအခွန်များဦးစီးဌာနသည် နိုင်ငံတော်၏အခွန်ဘဏ္ဍာကို အများဆုံးရှာဖွေကောက်ခံပေးနေသည့် အရေးကြီးသည့် ဌာနတစ်ခုဖြစ်ကြောင်း၊ နှစ်စဉ်အခွန်လျာထားချက်ကို ပြည့်မီအောင်ကောက်ခံရာတွင် ရသင့်ရထိုက်သော အခွန်ငွေများ အပြည့်အဝရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး အခွန်ရှောင်တိမ်းနေသူများ၊ အခွန်လွတ်ကင်းနေသူများအား ရှာဖွေဖော်ထုတ်၍ အခွန်ထမ်းဆောင်သူများဖြစ်လာအောင် စည်းရုံးဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူများအနေဖြင့် ဆန္ဒအလျောက် အခွန်ထမ်းဆောင်လာအောင်စည်းရုံးပြီး အခွန်အခြေခံကို ချဲ့ထွင်ကြရန်လိုကြောင်း၊ ပြည်သူများအား အခွန်ဆိုင်ရာသိကောင်းစရာများ၊ ပြဌာန်းချက်များကို သိရှိနားလည်စေရေး၊ အခွန်ပညာပေးရေးတို့ကို ရက် ၁၀၀ အတွင်း ဦးစားပေးလုပ်ငန်းစဉ်များအဖြစ် သတ်မှတ်ဆောင်ရွက်ကြရန်နှင့် မှတ်တမ်းများထားရှိဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ပူးပေါင်းကူညီမှုရယူပြီး လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အနာဂတ်တွင် အခွန်ဘဏ္ဍာရငွေအပေါ် မူတည်ပြီး နိုင်ငံတော်ကို တည်ဆောက်သွားရမည်ဖြစ်၍ အခွန်ဘဏ္ဍာရရှိမှု မြင့်မားသည်နှင့်အမျှ ပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးမှအစ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများသည် တီထွင်ကြံဆလိုစိတ်ဖြင့် Mind-Set များ ပြောင်းလဲပြီး ပြည်သူတို့၏ အကျိုးစီးပွားကို ကူညီဆောင်ရွက်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းကြစေလိုကြောင်း၊ နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းဖြစ်ရသည်ကို ဂုဏ်ယူစိတ်ဖြင့် ဌာနအကျိုး၊ နိုင်ငံအကျိုးကို ထမ်းဆောင်နေကြသည့် ဝန်ထမ်းကောင်းများဖြစ်စေရန် စိတ်ဓာတ်မြှင့်တင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းကလည်း ပြည်တွင်းအခွန်များဦးစီးဌာနသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဌာန်းချက်နှင့်အညီ ပြည်ထောင်စုက ကောက်ခံရမည့် အခွန်အကောက်များအနက် အခွန်ငါးမျိုးကို ကောက်ခံပေးနေသည့် နိုင်ငံ့ဘဏ္ဍာအများဆုံးရှာဖွေပေးနေသည့် ဌာနကြီးတစ်ခုဖြစ်၍ ပြည်သူအကျိုးပြုဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာအောင် ပြည်သူကိုစေတနာထား ဆောင်ရွက်ကြရန်လိုကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင် အခွန်စနစ်ဖြင့် ဝင်ငွေမညီမျှမှုများကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိရာ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့်လည်း ရသင့်ရထိုက်သောအခွန်ငွေများ တိုးတက်ရရှိအောင် ဆောင်ရွက်ရင်း နိုင်ငံတော်၏ အားထားရသောဌာနတစ်ခုဖြစ်အောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဌာနခွဲညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးများက မိမိဒေသအလိုက် အခွန်ကောက်ခံမှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီးနောက် ဆောင်ရွက်ရန်ရှိသည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

## ✻ အနာဂတ်မှ

ဘတ်ဂျက်မလုံလောက်မှုကြောင့် ဆည်မြောင်းဦးစီးဌာနကလည်း မျက်စိမှိတ်ထားခဲ့။ ဒေသ၏စီးပွားရေးကလည်း ချို့တဲ့လှသဖြင့် ဒေသခံတို့၏ အိပ်မက်များကား မှုန်ရီဝေဝိုးတဝါးဖြင့် မန်ကျီးရွှေဂူဆည်မှာ အမေ့လျော့ခံဘဝသို့ တဖြည်းဖြည်းရောက်ရှိခဲ့ရသည်။

ကံကြမ္မာရဟတ်တစ်ပတ်လည်လေပြီ။ ဒေသခံတို့၏ ဆုတောင်းသံများ တိတ်ဆိတ်ခဲ့ရာမှ အသက်ဝင်လာခဲ့ရလေပြီ။ နာရေးကူညီမှုအသင်း (ရန်ကုန်)၏ ဥက္ကဋ္ဌဖြစ်သူ ဦးကျော်သူ၏ အညာဒေသရောက်ရှိခဲ့သည့် ခရီးတစ်ခေါက်သည် တန်ဖိုးရှိလွန်းလှသည်။ ဒေသ၏ ရေရှားပါးမှုကို ခံစားနားလည်မှုဖြင့် လူမှုကွန်ရက်စာမျက်နှာတွင် ရေးတင်ခဲ့သည့် Post လေးက သဒ္ဓါထက်သန်သူ အလှူရှင်၏မျက်မှောက်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိခဲ့ရာမှ စက်စက်ယိုရွာကလေးသို့ ရေတွင်းတူးစက်ကြီးများသည်လည်းကောင်း၊ မန်ကျီးရွှေဂူဆည်အတွင်းသို့ မြေတူးမြေကော်စက်ကြီးများနှင့် မြေသယ်ယာဉ်များ ကိုယ်ယောင်ထင်ရှားပြ၍ ယမန်နှစ် ဇွန် ၁ ရက်တွင် လုပ်ငန်းစခဲ့ကြပေပြီ။

တိတ်ဆိတ်ငြိမ်သက်လျက် နှစ်ပေါင်း ၃၀ ကျော် အသက်မဲ့နေသည့် မန်ကျီးရွှေဂူဆည်သည် လှုပ်ရှားစပြုလာခဲ့ပြီး ဒေသခံတို့၏ အိပ်မက်တို့လည်း အရောင်တလက်လက်နှင့် အနာဂတ်တစ်ခုကို လှမ်းမြင်ရပေပြီ။ အလှူရှင်၏ ထက်သန်သည့် စေတနာ၊ မျှော်လင့်ချက်မထားသည့် သဒ္ဓါတရားက မန်ကျီးရွှေဂူဆည်ကို ငွေကျပ်သိန်း ၂၅၀၀ ကျော် အကုန်အကျခံကာ ပြန်လည်ပြုပြင်တည်ဆောက်ပေးခဲ့ပြီ။ ဧပြီ ၆ ရက်တွင် လုပ်ငန်းများအောင်မြင်စွာ ပြီးစီးခဲ့သည့် မန်ကျီးရွှေဂူဆည်သည် မုတ်သုံမိုးကို စောင့်မျှော်ရင်း စက်စက်ယိုကျေးရွာ၊ ဖလန်ကန်ကျေးရွာ၊ တောင်တောကျေးရွာ၊ မျက်ခါးကျေးရွာ၊ ပြူကြီးကျေးရွာ၊ မုန်တောကျေးရွာနှင့် တဲစုကျေးရွာတို့မှ လူပေါင်း ၁၀၀၀၀ခန့်အား အကျိုးပြုနိုင်ရန် အသင့်ပြင်ဆင်နေခဲ့သည်။

မိုးရွာလေပြီ။ ၂၀၁၆ ခုနှစ်တွင်အစောဆုံးဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းမိုးကြောင့် မန်ကျီးရွှေဂူဆည်အတွင်းသို့ ရေများဝင်ရောက်မှုသည် ဒေသခံတို့၏ ဝမ်းသာကြည်နူးသည့်မျက်ရည်တို့ကို ခြွေခဲ့လေပြီ။ နှစ်ပေါင်း ၃၀ ကျော် ရေမဲ့နေသည့်ဒေသအတွက် တန်ဖိုးမဖြတ်နိုင်သော ဆည်တစ်ခုကို စေတနာသဒ္ဓါတရား ထက်သန်လှသည့် အလှူရှင်များ၏ လှူဒါန်းတည်ဆောက်မှုကြောင့် ဆည်သည်လည်း မိုးရေပြည့်ဝရှုတိုင်းလှလေပြီ။

ရေများဝင်ရောက်နေသော မန်ကျီးရွှေဂူဆည်ကိုကြည့်ရင်း ဒေသခံတို့က ဝမ်းပန်းတသာဖြင့် တိုင်ပင်ထားကြသည့်အလား ဆုတောင်းသံတွေ တစ်ပြိုင်တည်း ထွက်လာကြလေသည်။

ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဦးကျော်သူတို့အားလုံး အသက်ရှည်ကျန်းမာ လိုရာဆန္ဒပြည့်ပါစေ၊ ရေလိုအေးလို့ ပန်းလိုမွှေးကြပါစေတဲ့ဗျာ. . ။

ခုတော့ ညောင်ဦးမြို့ထဲမှ စက်စက်ယိုကျေးရွာနှင့် ပတ်ဝန်းကျင်ဒေသခံများ၏ အနာဂတ်များ ဝေဆာနိုင်အောင် မန်ကျီးရွှေဂူဆည်က အကျိုးပြုနိုင်တော့မည်ဖြစ်ပါကြောင်း ဝမ်းမြောက်ဝမ်းသာ ကြည်နူးစွာဖြင့် သာဓုအလီလီခေါ်ဆိုမိပါတော့သည်။

**မောင်ရိုးရာ(ညောင်ဦး)**

■

# ရာသီဥတုဆိုးရွားသည့်ကြားမှ ခေါင်လန်ဖူးဒေသသို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် ရိက္ခာများပို့ဆောင်

**နေပြည်တော် ဇွန် ၃**

ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးဒေသတွင် မေလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ခေါင်လန်ဖူးမြို့နယ် ရှိန်းခေါင်ကျေးရွာသို့ ဆက်သွယ်ထားသည့်လမ်းကြောင်း၌ မြေပြိုကျ၍ လမ်းပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့ပြီး အဆိုပါဒေသသို့ စားနပ်ရိက္ခာနှင့် လူသုံးကုန်ပစ္စည်းများ တင်ပို့နိုင်မှုမရှိခြင်းကြောင့် ဒေသခံပြည်သူများအနေဖြင့် စားသောက်ရေးအခက်အခဲများ ဖြစ်ပေါ်လျက်ရှိရာ တပ်မတော်ရဟတ်ယာဉ်ဖြင့် ရိက္ခာများပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ခေါင်လန်ဖူးဒေသရှိ ပြည်သူများအတွက် ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသည့် ဆန်အိတ် ၈၄၀ ကို မြစ်ကြီးနားမြို့မှ တပ်မတော်လေယာဉ်များဖြင့် ပူတာအိုသို့ မေ ၂၇ နှင့် ၂၈ ရက်တို့တွင် ပထမအဆင့် သယ်ယူပို့ဆောင်ပေးခဲ့ပြီး ပူတာအိုမှတစ်ဆင့် မဂွေဇရွာသို့ မေ ၃၀ ရက်တွင် တပ်မတော်မော်တော်ယာဉ်များဖြင့် ဆန်အိတ် ၂၅၀ ပို့ဆောင်ခဲ့ရာ ယင်းရွာသို့ ဇွန် ၂ ရက်တွင် ရောက်ရှိကာ ခေါင်လန်ဖူးဒေသသို့ အမြန်ဆုံးဆက်လက်ပို့ဆောင်နိုင်ရန် စီစဉ်ခဲ့သော်လည်း ရက်သတ္တနှစ်ပတ်ခန့် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ခေါင်လန်ဖူးဒေသရှိ ဒေသခံပြည်သူများ လတ်တလောစားသောက်ရေးအဆင်ပြေစေရေးအတွက် တပ်မတော်မှ ရဟတ်ယာဉ်များဖြင့် ပူတာအိုမှ ခေါင်လန်ဖူးဒေသသို့ မေ ၃၁ ရက်တွင် သွားရောက်ပို့ဆောင်ရာ ရာသီဥတုဆိုးရွားမှုများ ကြုံတွေ့ရသဖြင့် အကြိမ်ကြိမ်အခါခါ ကြိုးစားပို့ဆောင်သော်လည်း ခေါင်လန်ဖူးဒေသသို့မရောက်ရှိဘဲ ပူတာအိုသို့ပြန်လည်ဆင်းသက်ခဲ့ရပြီး ဇွန် ၁ ရက်နှင့် ၂ ရက်တို့တွင်လည်း ရာသီဥတုအခြေအနေမှာ ကောင်းမွန်မှုမရှိခြင်းကြောင့် ခေတ္တစောင့်ဆိုင်းခဲ့ရသည်။ ဒေသခံပြည်သူများ၏ စားသောက်ရေးအခြေအနေမှာ တစ်နေ့ထက်တစ်နေ့ ခက်ခဲမှုကြုံနေခြင်းကြောင့် ယနေ့တွင် ရာသီဥတုဆိုးရွားလျက်ရှိသည့်ကြားမှ တပ်မတော်လေယာဉ်မှူးများက ရဟတ်ယာဉ်ဖြင့် ရဲဝံ့စွန့်စားစွာမောင်းနှင်ပျံသန်းပြီး ခေါင်လန်ဖူးဒေသသို့ နှစ်ကြိမ်တိုင်တိုင် ပို့ဆောင်ပေးခဲ့သည်။

ထိုသို့ ရာသီဥတုဆိုးရွားသည့်ကြားမှ ခေါင်လန်ဖူးဒေသသို့ ခက်ခဲစွာပို့ဆောင်နိုင်ခဲ့ခြင်းကြောင့် ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသည့် ဆန်အိတ် ၈၀၊ ကြက်သွန်နီ ၃၅ ပိဿာ၊ အာလူး ၃၅ ပိဿာ၊ ခေါက်ဆွဲခြောက် ၁၀ ဖာ၊ ကြာဆံပိဿာ ၃၀၊ ကြက်ဥအလုံး ၃၀၀ နှင့် ဆားပိဿာ ၅၀ တို့ အရောက်ပေးပို့နိုင်ခဲ့ပြီး စားနပ်ရိက္ခာနှင့် လူသုံးကုန်ပစ္စည်းများကို ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြဝတီ)**



ခေါင်လန်ဖူးဒေသရှိ ဒေသခံပြည်သူများ လတ်တလောစားသောက်ရေးအဆင်ပြေစေရေးအတွက် စားနပ်ရိက္ခာနှင့် လူသုံးကုန်ပစ္စည်းများကို တပ်မတော်မှ ရဟတ်ယာဉ်ဖြင့် ဇွန် ၃ ရက်က ပို့ဆောင်ပေးစဉ်။ (မြဝတီ)

# အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးကျင်းပ



**နေပြည်တော် ဇွန် ၃**

အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ်၏ ဒုတိယအကြိမ်လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ဇွန် ၂ ရက်မှ ၃ ရက်အထိ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်အစည်းအဝေးခန်းမ၌ကျင်းပရာ ဖိုရမ်အဖွဲ့ဝင်များဖြစ်ကြသည့် အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံတို့၏ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် အသီးသီးမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။**(ယာပုံ)**

အစည်းအဝေးဖွင့်ပွဲ၌ အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် ဥက္ကဋ္ဌတာဝန်ယူထားသော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြကအမှာစကားပြောကြားသည်။ အစည်းအဝေးတွင် ဖိုရမ်၏ အတွင်းရေးမှူးချုပ်ရုံး တည်ထောင်ရေးကိစ္စ၊ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ၊ ကုလသမဂ္ဂက ချမှတ်ထားသော တာရှည်ခံသည့် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ (SDGs) အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ သက်ကြီးရွယ်အို အခွင့်အရေးကိစ္စရပ်များနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ အပါအဝင် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

လုပ်ငန်းအဖွဲ့ အစည်းအဝေး မကျင်းပမီ ဇွန် ၁ ရက်တွင် အထူးအစည်းအဝေးတစ်ရပ် ကျင်းပကာ အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ်၏ ၂၀၁၇ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ဆောင်ရွက်မည့် မဟာဗျူဟာ လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်းနှင့် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ်၏ (၁၃) ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံကို စက်တင်ဘာလတွင် နေပြည်တော်၌ ကျင်းပရန်စီစဉ်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**



ရန်ကုန် တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် တက်ရောက် ပညာသင်ကြားလျက်ရှိကြသည့် ကျောင်းသားကျောင်းသူများ ကျောင်းတက်ကျောင်းဆင်းချိန်များတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် ဇွန် ၂ ရက်က ကျောက်တန်းမြို့မရဲစခန်းမှ ရဲအုပ်အောင်မျိုးမင်း၊ ဒု-ရဲအုပ်နေလင်းနှင့် ယာဉ်ထိန်းအုပ်စု (၅၄)မှ ယာဉ်ထိန်းရဲများက စုပေါင်းကူညီဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(၆၈၉)**

## ဇင်းကျိုက်ရေတံခွန်အပန်းဖြေစခန်း လုပ်ငန်းလေလံပွဲ ကျင်းပ

**ပေါင် ဇွန် ၃**

မွန်ပြည်နယ် ပေါင်မြို့နယ် စည်ပင်သာယာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ဇင်းကျိုက်မြို့ ဇင်းကျိုက်ရေတံခွန်အပန်းဖြေစခန်း ယာဉ်ရပ်နားခ လေလံနှင့် ပုံကျစျေးကောက် ရေကူးဖောင်ကွင်းငှားရမ်းခြင်း လေလံပွဲကို ဇွန်၂ ရက် မွန်းလွဲ ၂ နာရီက ပေါင်မြို့နယ် ဇင်းကျိုက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်း၌ ကျင်းပခဲ့ရာ မော်တော်ယာဉ်နှင့် ဆိုင်ကယ်ရပ်နားခ ကောက်ခံခြင်းအတွက် လေလံကို ဦးသန့်ဇင်ဌေးက ကျပ် ၇၇ သိန်းဖြင့် လည်းကောင်း၊ ပုံကျစျေးကောက်နှင့် ရေကူးဖောင်ကွင်း ငှားရမ်းခြင်းလေလံကို ဦးထက်ဝင့်သူက ကျပ် ၇ သိန်း ၃ သောင်းဖြင့် လည်းကောင်း လေလံအောင်မြင်ခဲ့ကြသည်။

"မနှစ်ကစျေးထက် ကြမ်းခင်းစျေးက တက်လာပါတယ်။ ဒီနှစ်ကောက်ခံမှုနှုန်းကလည်း မနှစ်ကနဲ့အတူတူပါပဲ။ ကောက်ခံမယ့်ငွေကတော့ ကော်မတီက စျေးနှုန်းမတက်ပေးဘူး။ အကျိုးအမြတ်ရရှိမှုလည်းနည်းသွားတယ်။ ဒါပေမယ့် ကိုယ့်မြို့ကောင်းဖို့အတွက် ဆိုတော့ လုပ်ရမှာပဲ။ ဝါဆိုလပြည့်နေ့တွေမှာဆိုရင် တစ်ရက်ကို လူအယောက်တစ်သိန်းခွဲလောက် လာကြပါတယ်။ အဲဒီလိုရက်တွေမှာ သူတို့လာအပ်တဲ့ ဆိုင်ကယ်တွေ မပျောက်မပျက်အောင် စနစ်တကျ ဆောင်ရွက်ရပါတယ်"ဟု ကား၊ ဆိုင်ကယ် ငွေကောက်ခံလုပ်ငန်း လေလံရရှိသူကို သန့်ဇင်ဌေးက ပြောသည်။

"မြို့နယ်စည်ပင် သာယာရေး ကော်မတီက ဒီလုပ်ငန်းကို ဦးစီးလုပ်လာတာ သုံးနှစ်ရှိပါပြီ။ လစဉ်ပြန်တမ်းတွေလည်း ရှိလာမယ်။ ကျွန်တော်တို့ လုပ်ငန်းအပေါ်မှာ မြို့နယ်စာရင်းစစ်တို့ စစ်ဆေးနိုင်တဲ့ အဆင့်ထိ စီစဉ်ထားတယ်။ ဇင်းကျိုက်ရေတံခွန်အပန်းဖြေစခန်းကို လာရောက်လည်ပတ်ကြတဲ့ ရပ်ဝေးရပ်နီးဧည့်သည်တွေ အန္တရာယ်မရှိအောင် ကျွန်တော်တို့ဘက်က မသွားသင့်တဲ့နေရာ၊ အန္တရာယ်ရှိတဲ့နေရာတွေကို ပိုစတာတွေနဲ့ ပြသထားပါတယ်။ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့တွေနဲ့ စုပေါင်းပြီး ကယ်ဆယ်ရေးအဖွဲ့တွေ ဖွဲ့သွားမယ်" ဟု မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်က ပြောသည်။

ပေါင်မြို့နယ် ဇင်းကျိုက်မြို့ ဇင်းကျိုက်အပန်းဖြေ ရေတံခွန်စခန်းသည် မွန်ပြည်နယ်အတွင်း လူသိများထင်ရှားသည့် အပန်းဖြေရေတံခွန်စခန်းတစ်ခုဖြစ်ပြီး နှစ်စဉ်ဝါဆိုလပြည့် ဝါဆိုပန်းခူးသည့်ကာလနှင့် သင်္ကြန်ပွဲတော်တို့တွင် ဒေသခံများနှင့် ရပ်ဝေးမှ လာရောက်လည်ပတ်သူများသာမက နိုင်ငံခြားသားခရီးသွားများပါ အများအပြား လာရောက်ကြသော နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**

# လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်းတွင် ရေမြောင်းများဆယ်ယူသန့်ရှင်းရေး လုပ်ဆောင်

**ရန်ကုန် ဇွန် ၃**

ရန်ကုန်မြို့တွင်း ရေကြီးရေလျှံမှု လျော့ပါးသွားစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်၊ သုံးစွဲရန်ခွင့်ပြုငွေကြေးထုတ်ပေးခြင်းတို့နှင့်အတူ လမ်းမတော်မြို့နယ်အတွင်း ကားလမ်းမဘေးရှိ ရေမြောင်းများ စတင်ဆယ်ယူရှင်းလင်းခြင်းကို ဇွန် ၁ ရက်တွင် မဟာဗန္ဓုလလမ်း (အထက်ခြမ်း) ရေမြောင်းများတွင် ပြုလုပ်သည်ကို မြင်တွေ့ရသည်။

ဇွန် ၁ ရက် နံနက် ၈နာရီမှ ညနေထိ မဟာဗန္ဓုလလမ်း အထက်ခြမ်းလူသွားပလက်ဖောင်းလမ်းဘေးရေမြောင်းများကို လမ်းမတော်လမ်းမှ ဘုန်းကြီးလမ်း၊ ဘုန်းကြီးလမ်းမှ ကိုင်းတန်းလမ်းဟုနှစ်ပိုင်းခွဲ၍ လုပ်ဆောင်နေပြီး ကျန်ရှိသောအပိုင်းများ မြို့နယ်အတွင်းရှိ ကမ်းနားလမ်း၊ အနော်ရထာလမ်း၊ ဗိုလ်ချုပ်လမ်း၊ မင်းရဲကျော်စွာလမ်းများတွင် ရေမြောင်းဆယ်ယူသန့်ရှင်းရေးများ နေ့စဉ်ဆက်လက်လုပ်ဆောင်သွားမည်ဟု (၅) ရပ်ကွက် အုပ်ချုပ်ရေးမှူးက ပြောသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထုတ်ပေးထားသောငွေဖြင့် ရေမြောင်းဆယ်ယူရေးလုပ်ငန်းသုံးပစ္စည်းအသစ်များ ဝယ်ယူခြင်း၊ လုပ်သားများငှားရမ်းခြင်းများ၊ ဆယ်ယူရှင်းလင်းထားသည်ကို သယ်ယူရှင်းလင်းခြင်းများ လုပ်ဆောင်သွားမည်ဟု သိရသည်။ အဆိုပါလုပ်ငန်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ဖွံ့/ထောက်အဖွဲ့မှ တာဝန်ရှိသူများဖြင့် လုပ်ဆောင်ရာတွင် မြို့နယ်စည်ပင်အဖွဲ့မှ လုပ်ငန်းတစ်ပိုင်းလျှင် သန့်ရှင်းရေးလုပ်သား ငါးဦးနှုန်းဖြင့် ဆယ်ဦးလွှဲပြောင်းပေးပြီး ရေမြောင်းဆယ်ယူရှင်းလင်းရာတွင် ပါဝင်လုပ်ကိုင်သူအားလုံးအား တစ်ရက်လျှင် လုပ်အားခငွေကျပ် ၈၀၀၀ နှုန်းပေးချေမှုရှိသည်ဟု (၇) ရပ်ကွက် အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

လမ်းဘေးစျေးသည်ရောင်းချမှုများသော မဟာဗန္ဓုလလမ်း၏ ၁၆လမ်းထိပ်ဝန်းကျင်တွင် ရေပေါ်စွန့်ပစ်ပစ္စည်း၊ မြောင်းချေးများ၊ မြေကြီးများနှင့်အတူ ပစ္စည်းမျိုးစုံရှင်းလင်းဆယ်ယူရမှု အများဆုံးဖြစ်သည်။ နံနက် ၈ နာရီတွင် မြောင်းအတွင်း အကြမ်းရှင်းလင်းဆယ်ယူပြီး ၉ နာရီခွဲတွင် မြောင်းအနက်တိုင်းတာခြင်း၊ ရေစီးရေလာကြည့်ခြင်းဖြင့် ထပ်မံအချောသပ်ဆယ်ယူရှင်းလင်းသည်ကို မြင်တွေ့ရသည်။ နှစ်စဉ်မြင်တွေ့နေကျ မြောင်းဆယ်ယူခြင်းနှင့်မတူဘဲ စနစ်တကျကြီးကြပ်ကာ နာရီရှည် တစ်နေကုန်နေ့စဉ် လုပ်ဆောင်ခြင်း၊ ဆယ်ယူထားသော အညစ်အကြေးပစ္စည်းမျိုးစုံတို့ကို အိတ်ခွံငယ်များအတွင်း ထည့်သွင်းပြီး ရေစစ်ရန်ထားရှိခြင်းများ မြင်တွေ့လာရသည်။

မေလလယ်ပိုင်း မဟာဗန္ဓုလလမ်းဘေး ရေမြောင်းအချို့တွင် စည်ပင်ဝန်ထမ်းများ ဆယ်ယူရှင်းလင်းသည်ကို မြင်တွေ့ရသော်လည်း မေလနောက်ဆုံးပတ်တွင် ရွာသွန်းသောမိုးကြောင့် လမ်းမတော်မြို့နယ်အတွင်း လမ်းသွယ်နှင့် လမ်းမအချို့တွင် အခြားမြို့တွင်းနေရာများကဲ့သို့ ရေကြီးရေလျှံသည့်ဖြစ်စဉ်များရှိခဲ့သည်ဟု လမ်းမတော်မြို့နယ်အတွင်း နေထိုင်သူတစ်ဦးက ဆိုသည်။



ယခုကဲ့သို့ စနစ်တကျရှင်းလင်းပြီးနောက် မြောင်းဖုံးများအပြည့်ဖုံးအုပ်ပေးလျှင် မြောင်းအတွင်း အမှိုက်ကျရောက်မှု နည်းလာမည်။ ပလက်ဖောင်းဖြတ် ရေမြောင်းငယ်များအတွင်း မြေသားများ၊ အမှိုက်များဖြင့်ပြည့်နေသည်ကို မြင်တွေ့နေရရာ မိုးရွာသွန်းချိန် ကားလမ်းမများပေါ်မှရေများ ရေမြောင်းများအတွင်းစီးဝင်နိုင်ခြင်းမရှိ၍ ကားလမ်းမဘေးများ၊ ပလက်ဖောင်းများပေါ် ရေရောက်သည့်ဖြစ်စဉ်များ မေလနောက်ဆုံးပတ်တွင် မြင်တွေ့ခဲ့ရသည်။

မြောင်းဖုံးအပြည့်ဖုံးအုပ်ခြင်း၊ ပြည်သူများကလည်း အမှိုက်များလွှယ်လင့်တကူ စည်းကမ်းမဲ့စွန့်ပစ်ခြင်းများ မပြုလုပ်ခြင်းဖြင့် ရေကြီးရေလျှံမှုလျော့ကျနိုင်သည်။ ရေမြောင်းများအတွင်း ဖြတ်၍သွယ်တန်းထားသည့် နေအိမ်တိုက်ခန်းများမှ ရေပိုက်များကြောင့် အမှိုက်များရေစီးအားဖြင့် မျောပါမသွားနိုင်ဘဲ ပိတ်ဆို့နေတတ်ကြောင်း (၇) ရပ်ကွက်နေ ဦးအေးမောင်က ဆိုသည်။

အချို့သော ရေမြောင်းများမှာ အကျယ်သုံးပေအထိချဲ့ထားသော်လည်း လမ်းသွယ်ဖြတ် ရေမြောင်းရုံးပေါက်များတွင် တစ်ပေဝန်းကျင်သာ ကျယ်သည့်နေရာများရှိနေဆဲဖြစ်နေသည်ဟု မဟာဗန္ဓုလလမ်းအနီး တိုက်ခန်းတွင်နေထိုင်သူ ကိုတွတ်က ဆိုသည်။

ကျုံးကြီးမြောင်းအတွင်းသို့စီးဆင်းမည့် ကျုံးကြီးမြောင်းအနီးရှိ လမ်းသွယ်များ၊ အိမ်ရာများရှိ ရေမြောင်းအချို့တွင် ပိတ်ဆို့မှုများရှိနေရာ ကျုံးကြီးမြောင်းအတွင်း ရေမဆင်းနိုင်ဘဲ အနော်ရထာလမ်းပေါ်သို့ လျှံတက်လာတတ်သည်ဖြစ်ရာ ရှင်းလင်းပေးစေလိုသည်ဟု ယင်းကျုံးကြီးမြောင်းအနီး နေထိုင်သူများကဆိုသည်။ အနီးဆုံးရေထွက်ပေါက်မှ ရေစီးဆင်းနိုင်ရန် စီးဆင်းပေးခြင်းသည် ရေကြီးရေလျှံမှုကို လျော့ကျစေသည်ဟု ပြောဆိုနေသည်။

နှစ်စဉ်မြင်တွေ့နေကျနှင့်မတူဘဲ ယခုနှစ်တွင် မြို့လယ်ကားလမ်းဘေး ရေမြောင်းများကို အလေးထားဆယ်ယူ ရှင်းလင်းနေသည်ကို မြင်တွေ့နေရရာ မိုးရာသီတွင် ရေကြီးရေလျှံမှုလျော့ပါးရေးလုပ်ဆောင်ချက်တွင် အထောက်အကူပြုစေနိုင်သည်ဟု လမ်းမတော်မြို့နယ်အတွင်းနေထိုင်သူ ကိုသန့်စင်က ဆိုသည်။

**(မောင်စေအောင်)**

# ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများ အမြန်ပြီးပြတ်ရေး ဆက်လက်စစ်ဆေး

**နေပြည်တော် ဇွန် ၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲခုံအဖွဲ့ လေးဖွဲ့ကိုဖွဲ့စည်းပြီး တရားခွင် လေးခုဖြင့် ကန့်ကွက်လွှာအမှုများ အမြန်ပြီးပြတ်နိုင်ရေးအတွက် ဧပြီ ၂၅ ရက်မှစတင်၍ နေ့စဉ်ရုံးထိုင်စစ်ဆေးလျက်ရှိသည်။

မေ ၁၂ ရက်က ရွေးကောက်ပွဲခုံအဖွဲ့(၁) ဦးအောင်မြင့် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ခုံအဖွဲ့သည် ကန့်ကွက်လွှာအမှုအမှတ် (၈) လျှောက်ထားသူ ဦးခိုင်ညီညီကျော် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)နှင့် လျှောက်ထားခံရသူ ဦးအောင်ကျော်ညွှန့် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ) အမှုတွင် လျှောက်ထားခံရသူ ဦးအောင်ကျော်ညွှန့်အား ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ဆုံးဖြတ်ချက် အမိန့်ချမှတ်ခဲ့ခြင်းအပေါ် ဦးအောင်ကျော်ညွှန့်က တိုင်းဒေသကြီးလွှတ်တော် (သို့မဟုတ်) ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၄ (က)နှင့် နည်းဥပဒေ (၉၉)အရ အယူခံမှုတင်သွင်းလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံခဲ့ပြီး ဇွန် ၁၃ ရက် နံနက် ၁၀ နာရီတွင် ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်အားလုံးပါဝင်သည့် စုံညီခုံရုံးဖြင့် စစ်ဆေးကြားနာသွားမည်ဖြစ်ကြောင်း သိရသည်။

မေ ၂၆ ရက်က ရွေးကောက်ပွဲခုံအဖွဲ့ (၄) ဦးလှတင့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ခုံအဖွဲ့သည် ကန့်ကွက်လွှာအမှုအမှတ် (၄၂) လျှောက်ထားသူ ဦးစိုးစိုးနှင့် လျှောက်ထားခံရသူ ဦးမောင်မောင်၊ ကန့်ကွက်လွှာအမှုအမှတ် (၄၄)လျှောက်ထားသူ ဦးစန်းမောင်နှင့် လျှောက်ထားခံရသူ ဦးသိန်းဟန်တို့က တရားမကျင့်ထုံးဥပဒေအမိန့် (၉) နည်းဥပဒေ (၉) (၁) အရ တရားမကျင့်ထုံးဥပဒေအမိန့် (၉)၊ နည်းဥပဒေ (၈)အရ ပလပ်ခဲ့သည့်အမိန့်ကို ပယ်ဖျက်ပေးရန် လျှောက်ထားခဲ့ရာ လျှောက်ထားသူဘက်မှ ရုံးသို့ အချိန်မီလာရောက်ရန် ပျက်ကွက်ခြင်းသည် လုံလောက်သည့် အကြောင်းများရှိသည်ဟု မတွေ့ရသဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် (၉)၊ နည်းဥပဒေ (၉) အရ လျှောက်ထားချက်အားပယ်ကြောင်း ကြားဖြတ်အမိန့်ချမှတ်ခဲ့ခြင်းအပေါ် ဦးစိုးစိုးနှင့် ဦးစန်းမောင်တို့က သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၄(က)နှင့် နည်းဥပဒေ ၁၀၀ အရ ပြင်ဆင်မှုလျှောက်ထားခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံခဲ့ပြီး လွှတ်တော်ရွေးကောက်ပွဲဥပဒေ ၁၀၂ (ခ) အရ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်၊ ကော်မရှင်အဖွဲ့ဝင် ဦးထွန်းခင်တို့ပါဝင်သည့် ခုံရုံးဖြင့် စစ်ဆေးကြားနာသွားမည်ဖြစ်ကြောင်း သိရသည်။



မေ ၃၀ ရက်က ရွေးကောက်ပွဲခုံအဖွဲ့ (၂) ဦးစိုးရယ် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ခုံအဖွဲ့က ကန့်ကွက်လွှာအမှုအမှတ်(၃) လျှောက်ထားသူ ဦးစောနွဲ့ခွန်ဆိုင်ခမ်း (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)နှင့် လျှောက်ထားခံရသူ ဦးရားဝမ်ဂျုံ (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ) အမှုတွင် ကချင်ပြည်နယ် မချမ်းဘောမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁)တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးရားဝမ်ဂျုံအား ရွေးကောက်တင်မြှောက်ခြင်းသည် ပျက်ပြယ်ခြင်းမရှိ၊ တရားဝင်ဖြစ်သည်ဟု ဆုံးဖြတ်ပြီး တရားစရိတ် ငွေကျပ်နှစ်သိန်းတိတိကို လျှောက်ထားသူက လျှောက်ထားခံရသူသို့ပေးစေရန် ဆုံးဖြတ်ခဲ့သည်။

မေ ၃၁ ရက်က ရွေးကောက်ပွဲခုံအဖွဲ့(၁) ဦးအောင်မြင့် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ခုံအဖွဲ့သည် ကန့်ကွက်လွှာအမှုအမှတ် (၃၁) လျှောက်ထားသူ ဦးယောဟန်("ဝ" အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ)နှင့် လျှောက်ထားခံရသူ ဦးကျင်ဝမ်း("ဝ" ဒီမိုကရက်တစ်ပါတီ) အမှုတွင် ရှမ်းပြည်နယ် ဟိုပန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် လျှောက်ထားခံရသူ ဦးကျင်ဝမ်းအား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်ကြောင်းဆုံးဖြတ်၍ လျှောက်ထားသူ ဦးယောဟန်၏ ကန့်ကွက်လွှာကို စရိတ်နှင့်တကွ ပယ်လိုက်ပြီး တရားစရိတ် ငွေကျပ် သုံးသောင်းတိတိကို လျှောက်ထားသူက လျှောက်ထားခံရသူကိုပေးစေရန် ဆုံးဖြတ်ခဲ့သည်။

ကန့်ကွက်လွှာအမှုအမှတ် (၃၂) လျှောက်ထားသူ ဦးစောဖီးလစ် ("ဝ" အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ) နှင့် လျှောက်ထားခံရသူ ဦးခွန်ထွန်းလူ (ခေါ်) ဦးဒီကီ ("ဝ" ဒီမိုကရက်တစ်ပါတီ)အမှုတွင် ရှမ်းပြည်နယ် ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် လျှောက်ထားခံရသူ ဦးခွန်ထွန်းလူ (ခေါ်) ဦးဒီကီအား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်ကြောင်းဆုံးဖြတ်၍ လျှောက်ထားသူ ဦးစောဖီးလစ်၏ ကန့်ကွက်လွှာကို စရိတ်နှင့်တကွ ပယ်လိုက်ပြီး တရားစရိတ် ငွေကျပ် သုံးသောင်းတိတိကို လျှောက်ထားသူက လျှောက်ထားခံရသူကို ပေးစေရန် ဆုံးဖြတ်ခဲ့သည်။

ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုအမှတ် (၃၃)တွင် လျှောက်ထားသူ ဦးဆမ်ဆောင်းကား ("ဝ" အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ)နှင့် ဦးရန်ကျော် ("ဝ" ဒီမိုကရက်တစ်ပါတီ) အမှုတွင် ရှမ်းပြည်နယ် ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် လျှောက်ထားခံရသူ ဦးရန်ကျော်အား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်ကြောင်းဆုံးဖြတ်၍ လျှောက်ထားသူ ဦးဆမ်ဆောင်းကား၏ ကန့်ကွက်လွှာကို စရိတ်နှင့်တကွ ပယ်လိုက်ပြီး တရားစရိတ် ငွေကျပ် သုံးသောင်းတိတိကို လျှောက်ထားသူက လျှောက်ထားခံရသူကိုပေးစေရန် ဆုံးဖြတ်ခဲ့သည်။

မေ ၃၁ ရက်က ရွေးကောက်ပွဲခုံအဖွဲ့ (၂) ဦးစိုးရယ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ခုံအဖွဲ့သည် ကန့်ကွက်လွှာအမှုအမှတ် (၂၁) လျှောက်ထားသူ ဦးစံဝေခေါင်လွမ်း (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) နှင့် လျှောက်ထားခံရသူ ဒေါ်လွမ်းလမ်း (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)အမှုတွင် ကချင်ပြည်နယ် ဆော့လော်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ်လျှောက်ထားခံရသူ ဒေါ်လွမ်းလမ်းအား ရွေးကောက်တင်မြှောက်ခံရခြင်းသည် အတည်ဖြစ်လျက် လျှောက်ထားမှုအား ပယ်သည့်အမိန့်ကို ချမှတ်ခဲ့သည့်အပြင် တရားစရိတ် ငွေကျပ် နှစ်သိန်းတိတိကို လျှောက်ထားသူက လျှောက်ထားခံရသူသို့ ပေးစေရန်အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် ကလေးတက္ကသိုလ်တွင် ဆောင်ရွက်ထားရှိ

**ကလေး ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ ကလေးတက္ကသိုလ်တွင် ယခင်က တက္ကသိုလ်မှ နှစ်မိုင်ကျော်ကျော်ဝေးသော ကွေ့လယ်ချောင်းရေကို ရေလှဲဆည်မှတစ်ဆင့် ပိုက်ဖြင့်ဆက်သွယ်၍ တစ်နေ့လျှင် ရေဂါလန် ၁၇၀၀၀ ခန့် ပေးဝေခဲ့ရသည်။ သို့ရာတွင် ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်း ဖြစ်ပွားခဲ့သော သဘာဝရေဘေးဒဏ်ကြောင့် အဆိုပါဆည်သည် ရေစီးတွင်မျောပါသွားပြီး ကလေးတက္ကသိုလ်သို့ ရေပေးဝေမှုစနစ်အားလုံး ပျက်စီးခဲ့သည်။ သို့ဖြစ်၍ နိုင်ငံတော်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ပံ့ပိုးမှုအရ ပေ ၆၀၀ ခန့်ရှိ လေးလက်မခွဲ စက်ရေတွင်းတစ်တွင်းအား ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် အောင်မြင်စွာ တူးဖော်ပေးနိုင်ခဲ့ပြီး တစ်နေ့လျှင် ရေဂါလန် လေးသောင်းခန့် ထွက်ရှိခဲ့သည်။

ထို့ပြင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပညာရေးဝန်ကြီးဌာနကလည်း ကလေးတက္ကသိုလ်တွင် သောက်သုံးရေဖူလုံရေးအတွက် ရေစက်ရုံနှစ်ရုံ ဆောက်လုပ်ခြင်း၊ ဂါလန် သုံးသောင်းဆံ့ Ground Tank နှစ်လုံး တည်ဆောက်ခြင်း၊ စက်ရေတွင်းအသစ်တစ်ခု ထပ်မံတူးဖော်ခြင်း၊ စက်ရေတွင်းမှ လေးလက်မပိုက်လိုင်း သွယ်တန်းခြင်း၊ ရေတွန်းစက်တပ်ဆင်ခြင်းတို့အတွက် လိုအပ်သော ဘဏ္ဍာငွေ ကျပ်သန်းပေါင်း ၁၁၄ ဒသမ ၁၉ ကို ခွင့်ပြုပေးသဖြင့် ယခုအခါ ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ကလေးတက္ကသိုလ်မှ တာဝန်ရှိပုဂ္ဂိုလ်များသည် အဆိုပါစက်ရေတွင်းများအပြင် မိမိတက္ကသိုလ်၏ အစီအစဉ်ဖြင့် ချောင်းငယ်များမှ ရေစုပ်စက်များဖြင့် စုပ်ယူ၍ မူလရေလှောင်ကန်သို့ ပို့လွှတ်ဖြန့်ဝေခြင်းဖြင့်လည်းကောင်း၊ စက်ရေတွင်းအသစ်တစ်ခု ထပ်မံတူးဖော်၍လည်းကောင်း၊ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့်အပြင် ရေအလေအလွင့်မရှိစေရေး ရေမီတာများကို စမ်းသပ်တပ်ဆင်ကာ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ခဲ့ခြင်းကြောင့် ကလေးတက္ကသိုလ်နယ်မြေ၏ အချို့နေရာများတွင်သာ ရေပြတ်လပ်မှုယာယီဖြစ်ပေါ်ခဲ့သော်လည်း ယခုအခါ အဆိုပါလုပ်ငန်းများပြီးစီး၍ ကလေးတက္ကသိုလ်တွင် ပုံမှန်ရေဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့ပြင် နိုင်ငံတော်ကလည်း ဒေသဖွံ့ဖြိုးရေးအတွက် ကလေးတက္ကသိုလ်တွင် ကျောင်းသားကျောင်းသူအဆောင်များ၊ ဆရာ ဆရာမအဆောင်များ၊ ဝန်ထမ်းအိမ်ရာများကိုလည်း လိုအပ်ချက်နှင့်အညီ နှစ်စဉ်တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါတိုးတက်ပြောင်းလဲမှုနှင့်အညီ သောက်သုံးရေဖူလုံရေး၊ ရေပြတ်တောက်မှုမရှိစေရေးတို့အတွက် ကလေးတက္ကသိုလ်မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

**○ ကျောဖုံးမှ**

နာမည်ကြီးကစားသမား အစ္စဟတ်ကို အနားပေးထားသည်။ မြန်မာအသင်းမှာ များပြားလှသောပရိသတ်များ၏ တစ်ခဲနက်အားပေးမှုနှင့်အတူ ပွဲစကတည်းက ဖိကစားခဲ့ပြီး သန်းပိုင်၏အပိုင်ကန်သွင်းမှုကို စင်ကာပူဂိုးသမား ကာကွယ်နိုင်ခဲ့သည်။ မြန်မာအသင်းမှာ ဖြတ်တင်ဘောများထက် တွဲလုံးများဖြင့် အဓိကတိုက်စစ်ဆင်ခဲ့ရာ စင်ကာပူနောက်တန်း မနည်းထိန်းနေရသည်။ ၃၄ မိနစ်တွင် မြန်မာအသင်းမထင်မှတ်ဘဲ ဂိုးပေးခဲ့ရပြီး ယင်းဂိုးမှာ စင်ကာပူအသင်း၏ တစ်လုံးတည်းသော အနိုင်ဂိုးလည်းဖြစ်ခဲ့သည်။ အဆိုပါဂိုးကို ဖာရက်စ်ဘင်ရာမလီက သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းမှာ ဒုတိယပိုင်းတွင် ချေပဂိုး ရရှိရန်အတွက် ကြည်လင်း၊ ကျော်ကိုကို၊ ဆောင်လမန်တို့ကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ ကြည်လင်းဝင်လာ၍ မြန်မာအသင်း ညာတောင်ပံတိုက်စစ်ပိုကောင်းလာသော်လည်း စင်ကာပူနောက်တန်းကို မကျော်နိုင်ခဲ့ပေ။ ကြည်လင်းနှင့် အောင်သူတို့၏ အဝေးကန်ချက်များကိုလည်း စင်ကာပူဂိုးသမားကာကွယ်နိုင်ခဲ့၍ မြန်မာအသင်း ချေပဂိုးနှင့်ဝေးခဲ့ရခြင်းဖြစ်သည်။

မြန်မာဘောလုံး ပရိသတ်အနေဖြင့် ကွင်းလုံးပြည့်နီးပါး လာရောက်အားပေးခဲ့ရာ ကျေနပ်စရာကောင်းခဲ့သော်လည်း ပရိသတ်အချို့မှာရှုံးနိမ့်မှုကို လက်ခံနိုင်ရန် လိုအပ်နေသေးပြီး ပွဲအပြီးတွင် အရာဝတ္ထုများဖြင့် ပစ်ပေါက်မှုအချို့ရှိခဲ့သည်။

ဆီမီးဖိုင်နယ် ပထမပွဲစဉ်တွင် ဗီယက်နမ်အသင်းက ဟောင်ကောင်အသင်းကို စုစုပေါင်း ဂိုးရလဒ်ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိသွားသည်။ မိနစ် ၉၀ အတွင်း နှစ်ဂိုးစီ သရေကျနေရာ အချိန်ပိုဆက်မကန်ဘဲ ပင်နယ်တီ တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေခဲ့ပြီး ၄၈ မိနစ်တွင် မက်ကီးက ဟောင်ကောင်အတွက် ဂိုးစတင်သွင်းယူခဲ့သည်။ သို့သော် ဝါရင့်တိုက်စစ်မှူး လီဘောင်ဗင်က ဗီယက်နမ်အတွက် ၅၈ မိနစ်တွင် ချေပဂိုး၊ ၆၂ မိနစ်တွင် ဦးဆောင်ဂိုးတို့ကို သွင်းယူခဲ့သည်။ ဟောင်ကောင်အတွက် ချေပဂိုးကို ၇၇ မိနစ်တွင် မက်ကီးကပင် သွင်းယူခဲ့သည်။ ပင်နယ်တီ ငါးလုံးစီကန်ရာတွင် ဗီယက်နမ်အသင်းကလေးဂိုးဝင်ပြီး ဟောင်ကောင်အသင်းက သုံးဂိုးသာဝင်သောကြောင့် ဗီယက်နမ်အသင်း အနိုင်ရသွားခြင်းဖြစ်သည်။

တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဇွန် ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် တတိယလုပွဲအဖြစ် ဟောင်ကောင်နှင့် မြန်မာ၊ ညနေ ၆ နာရီတွင် ဗိုလ်လုပွဲအဖြစ် ဗီယက်နမ်နှင့် စင်ကာပူတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ■

# ပဲခူး၌ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**ပဲခူး ဇွန် ၃**

ပဲခူးမြို့ စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ရန်ကုန်-မန္တလေး-ပဲခူး-ခရမ်း-သုံးခွ ကားလမ်းမကြီး၏ ဝဲ၊ ယာ ဘေးနှစ်ဖက်ရှိ ရေနုတ်မြောင်းများအား ရေစီးရေလာကောင်းမွန်နိုင်ရေးအတွက် မြောင်းအတွင်းရှိ နုန်းနှစ်များနှင့် အမှိုက်များကို ဆယ်ယူရှင်းလင်းမှုများကို မေ ၃၁ ရက်နှင့် ဇွန် ၁ ရက်တို့တွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နှစ်စဉ်မြောင်းအတွင်းမှ အမှိုက်များပိတ်ဆို့၍ ရေစီးရေလာမကောင်းသဖြင့် လမ်းမကြီးပေါ်သို့ ရေကျော်ခြင်းများကြုံတွေ့နေရသည့်အတွက် ရေစီးရေလာကောင်းမွန်စေရန် မြောင်းအတွင်းမှ နုန်းနှစ်များနှင့် အမှိုက်များကို ရှင်းလင်းမှုဆောင်ရွက်ရာတွင် အဓိကနေရာဖြစ်သည့် အထက(၃)ကျောင်းရှေ့မှ ရှင်ဥပဂုတ္တကိန်းဝပ်စံမြန်းရာ လိပ်ပြာကန်ကြီး၏ဘေး ရေနုတ်မြောင်းအထိ၊ ထိုရေနုတ်မြောင်းမှ ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ တောင်ဘက်မုခ် အရှေ့ရေနုတ်မြောင်းအထိ ရေနုတ်မြောင်းများကို ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းစစ်သူ(ပဲခူး)**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်ညနေထိခန့်မှန်းချက်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။



# တရုတ်နိုင်ငံတွင် ကျင်းပမည့် ဂီတဖျော်ဖြေပွဲကို ရက်ရွှေ့ဆိုင်းလိုက်သည့် Big Bang

ဆယ်ကျော်သက်အမျိုးသမီးငယ်များ အသည်းစွဲ တောင်ကိုရီးယားအမျိုးသား ပေါ့ပ်ဂီတအဖွဲ့ Big Bang ၏ တရုတ်နိုင်ငံတွင် ကျင်းပမည့် ဂီတဖျော်ဖြေပွဲကို ရက်ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

အဆိုပါဂီတဖျော်ဖြေပွဲကို ဇွန် ၃ ရက်တွင် ကျင်းပမည်ဟု ၎င်းတို့၏ ဝိုင်ဘို စာမျက်နှာတွင် တရားဝင်ကြေညာထားခဲ့သော်လည်း အကြောင်းကြောင်းကြောင့် ဖျက်သိမ်းခဲ့ရခြင်းဖြစ်ကြောင်း ဇွန် ၂ ရက်က အဆိုပါအဖွဲ့က ကြေညာခဲ့သည်။

"ဖျော်ဖြေပွဲ ကျင်းပမယ့်အချိန်ကို ကျွန်တော်တို့ ထပ်မံကြေညာပေးသွားမှာပါ။ ဒီပွဲကိုလာကြည့်ဖို့ အားခဲထားတဲ့ပရိသတ်ကြီးကို ကျွန်တော်တို့အဖွဲ့အနေနဲ့ အနူးအညွတ်တောင်းပန်ပါတယ်"ဟု Big Bang အဖွဲ့၏ အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။

Big Bang ၏ အေဂျင်စီဖြစ်သည့် ဝိုင်ဂျီအင်န်တာတိန်းမန့်မှ တာဝန်ရှိသူတစ်ဦးကလည်း "တရုတ်နိုင်ငံမှာ ကျင်းပမည့် Big Bang ရဲ့ ဖျော်ဖြေပွဲကို အခြေအနေအကြောင်းကြောင်းကြောင့် ရွှေ့ဆိုင်းလိုက်ရတာပါ။ ပွဲဖျက်လိုက်တာကို ဇွန် ၂ ရက်ကမှ တရားဝင် ကြေညာလိုက်ရတာပါ။ ပရိသတ်တွေအနေနဲ့ နည်းနည်းလေး ထပ်စောင့်ပေးပါဦး"ဟု အင်တာနက် စာမျက်နှာပေါ်တွင် ရေးသားခဲ့သည်။

Big Bang အဖွဲ့အနေဖြင့် ယခုနှစ် ဖေဖော်ဝါရီလက ထွက်ရှိခဲ့သည့် ပဥ္စမမြောက် ဂျပန်စတူဒီယိုအယ်လ်ဘမ် Made ၏ ပရိုမိုးရှင်းခရီးစဉ်များအဖြစ် MADE 2015 World Tour ကို ကျင်းပလျက်ရှိပြီး ပထမဆုံးသော အာရှဒေသဂီတဖျော်ဖြေပွဲကို ၂၀၁၅ ခုနှစ် ဧပြီလအတွင်းက စတင်ခဲ့ပြီး တရုတ်၊ ဂျပန်နှင့် အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၅ နိုင်ငံ၌ ဖျော်ဖြေသွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အချိန်တိုအတွင်း အရှိန်အဟုန်ဖြင့် ကမ္ဘာ့ဂီတလောကကိုပါ ကိုင်လှုပ်နိုင်ခဲ့ပြီး တစ်ရှိန်ထိုး နာမည်ကြီးလာသည့် အဆိုပါအဖွဲ့အား သတင်းဝက်ဘ်ဆိုက်မှ ကမ္ဘာ့အင်အားအကြီးမားဆုံးသော အမျိုးသားပေါ့ပ်ဂီတအဖွဲ့ဟုပင် မှတ်တမ်းတင်ဂုဏ်ပြုခဲ့ကြောင်း သိရသည်။

# ဆုများရှင် တေလာဆွတ်ဖ် Teen Choice Awards ဆုပေးပွဲတွင်လည်း ဆန်ခါတင်ဆုနှစ်ဆု လျာထားခံရ



ကန်းထရီးသီချင်းများဖြင့် လူသိများကျော်ကြားလာခဲ့သူ တေးသံရှင် တေလာဆွတ်ဖ်အား မကြာမီကျင်းပမည့် ဆုပေးပွဲ Teen Choice Awards ဆုပေးပွဲတွင် ဆန်ခါတင်ဆုနှစ်ဆု လျာထားခံခဲ့ရကြောင်း သိရသည်။

အဆိုပါဆုနှစ်ဆုမှာ Choice Female Artist ဆုနှင့် New Romantics သီချင်းဖြင့် Choice Song ဆုတို့ကို လျာထားခံခဲ့ရခြင်းဖြစ်ပြီး Choice Female Artist ဆုအမျိုးအစားအတွက် ဆန်ခါတင်စာရင်းများတွင် တေလာဆွတ်ဖ်နှင့်အတူ ဆလီနာဂိုမက်ဇ်၊ ဘီယွန်စေးနှင့် ရီဟာန်းနားတို့လည်းပါဝင်ပြီး ပါဝင်မဲပေးလိုသူ ပရိသတ်များအနေဖြင့် မဲပေးနိုင်ကြကြောင်း သိရသည်။

တေလာဆွတ်ဖ်အနေဖြင့် Teen Choice Awards ဆုပေးပွဲတစ်လျှောက်လုံးတွင် ဆုပေါင်း ၂၅ ဆုရရှိဆွတ်ခူးခဲ့ပြီး ဒုတိယမြောက် ဆုများရှင်အဖြစ် ရပ်တည်ခဲ့သည်။

ဂီတ၊ ရုပ်ရှင်၊ တယ်လီဗီးရှင်း၊ အားကစား၊ ဖက်ရှင်၊ ဟာသပိုင်းဆိုင်ရာမှ ပညာရှင်များကို အသက် ၁၃ နှစ်မှ ၂၀ နှစ်ကြားရှိ လူငယ်များက မဲပေးရွေးချယ်ရသည့် အဆိုပါ Teen Choice Awards ဆုပေးပွဲကို ဇူလိုင် ၃၁ ရက်တွင် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ ကျင်းပသွားမည်ဖြစ်ရာ FOX ရုပ်သံလိုင်းမှ ဒေသစံတော်ချိန် ည ၈ နာရီတွင် ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တေးရေးဆရာတစ်ဦးလည်းဖြစ်သလို ကန်းထရီးတေးသံရှင်တစ်ဦးလည်းဖြစ်သည့် တေလာဆွတ်ဖ်၏ ဂီတသက်တမ်းတစ်လျှောက်တွင် ဆုပေါင်း ၂၇၁ ဆုရရှိဆွတ်ခူးခဲ့ပြီး ၅၆၅ ကြိမ် ဆန်ခါတင်ရွေးချယ်ခံခဲ့ရသည်။

တေလာဆွတ်ဖ်သည် ဂရမ်မီဆု ၁၀ ဆု၊ အမေရိကန်တေးဂီတဆု ၁၉ ဆု၊ ဘေလ်ဘုတ်တေးဂီတဆု ၂၂ ဆု၊ ကန်းထရီးဂီတအစည်းအရုံးမှ ချီးမြှင့်သည့်ဆု ၁၁ ဆု၊ ကန်းထရီးဂီတ အကယ်ဒမီမှ ချီးမြှင့်သည့်ဆု ရှစ်ဆု၊ People's Choice Award ၁၀ ဆုနှင့် Teen Choice Awards ဆု ၂၅ ဆုအပြင် ဂင်းနစ်စံချိန်မှတ်တမ်း ငါးကြိမ်ဖြင့် မှတ်တမ်းတင်ဂုဏ်ပြုခြင်းခံရသည့် ဂီတအနုပညာကြယ်တစ်ပွင့်လည်းဖြစ်သည်။

**[မျိုးစန္ဒာမောင်-စုစည်းသည်]**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၄- ၆ -၂၀၁၆ (စနေနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆:၀၀ အဖွင့်
-မိုးလေဝသအခြေအနေ
-အောင်သမာဓိရွှေဆိုင်
(အပိုင်း-၁)
၆:၃၀ တေးဂီတအစီအစဉ်
၆:၄၀ ဆင်လိမ္မာလေးများ
၆:၅၀ တေးဂီတအစီအစဉ်
၇:၀၀ ကတ်ဆက်ဇာတ်လမ်း
"ယောက္ခမကြီးရေးတဲ့ဖူးစာ"
၈:၁၀ တေးဂီတအစီအစဉ်
၈:၄၀ ဘဲဥထုပွဲ
၉:၀၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၉:၁၀ မြန်မာ့ရိုးရာကစားနည်းများ
(အပိုင်း-၂)
၉:၂၀ အညာမြေခရီးစဉ်
(အပိုင်း-၃)
၉:၄၀ တေးဂီတအစီအစဉ်
၁၀:၀၀ မြန်မာ့ကကွက်များ
၁၀:၂၀ မြန်မာရုပ်ရှင် "ထော်လာဂျီ"
၁၂:၀၀ အစီအစဉ်ပြီး၏

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

### MRTV- 4

၅:၀၀ ပဋ္ဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅:၂၀ MRTV-4 သတင်း
၅:၄၀ "လူသားတိုင်း ကျင့်သုံးရမည့် တရား(၄)ပါး" တရားတော်
[(ဆရာတော်ဘဒ္ဒန္တ ခေမိန္ဒ
(စစ်ကိုင်း-ခင်မကန်)]
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ထာဝရ ချစ်သူသည်သာ"
(အပိုင်း-၈၂)
၇:၃၀ MRTV-4 သတင်း
၇:၅၀ ရန်ကုန်မြင်ကွင်းကျယ် (Whizz kids Education Centre Summer English Course English and Graduation Ceremony)
၈:၀၀ Cartoon Series (Go Go Giggles)
၉:၀၀ Drive It
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အချစ်သစ္စာတည်စေသော်"
(အပိုင်း-၉)
၁၀:၁၅ ခေတ်သစ်ပျိုမေ
၁၁:၁၅ Star တို့ရဲ့ လက်ရာ
၁၁:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အသက်ကလေးရယ်ရှည်စေလို"
(အပိုင်း-၈၉+၉၀)
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"ကံကံ၏အကျိုး"
[ရမ္မက်လွန်ပန်းတစ်ပွင့်
(အပိုင်း-၂)]
၃:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ထာဝရ ချစ်သူသည်သာ"
(အပိုင်း-၈၂)
၃:၅၀ Cartoon Series (Go Go Giggles)
၄:၃၀ ခေတ်သစ်ပျိုမေ
၆:၁၀ Health Fix
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ထာဝရ ချစ်သူသည်သာ"
(အပိုင်း-၈၃)
၇:၂၀ Let's Talk
၈:၀၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"ကံကံ၏အကျိုး"
[ရမ္မက်လွန်ပန်းတစ်ပွင့်
(အပိုင်း-၃)]
၈:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အချစ်သစ္စာတည်စေသော်"
(အပိုင်း-၁၀)
၉:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အသက်ကလေးရယ်ရှည်စေလို"
(အပိုင်း-၉၁+၉၂)
၁၁:၀၀ MRTV-4 Stage
၁၁:၃၀ World Of Knowledg (Megastructures Gardens By The Bay)

### MWD

၆:၀၃ တရားတော်
၇:၀၀ မေတ္တာပို့
၇:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၇:၃၅ သင့်အတွက်တစ်နေ့တာ
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈:၂၅ ပျော်ရွှင်လေ့လာ နွေရာသီမှာ
၉:၀၀ မြဝတီနေ့စဉ်သတင်း
၉:၁၀ လူတိုင်းကျန်းမာသိမှတ်စရာ
၉:၃၅ ခရီးလည်းသွား စကားလည်းဆို
၉:၅၀ ဟန်ချက်ညီညီနိုင်ငံသစ်ဆီ
၁၀:၁၀ တစ်ပတ်အတွင်း
စာပေနှင့် အနုပညာသတင်း
၁၀:၁၅ စာပေအလင်း၊ စာပေသတင်း
၁၁:၀၀ နိုင်ငံတကာသတင်း
၁၁:၁၀ English For Myanmar
၁၁:၂၀ အိမ်ရှင်မတို့ရဲ့ အချစ်ဆုံး
၁၁:၃၀ တစ်ပတ်အတွင်း
အားကစားသတင်း
၁၂:၀၀ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင်
"စွဲထင်ကျန်ရစ်သော မျက်ဝန်းတစ်စုံ" သူရိယ၊ အေးမြတ်သူနှင့် သရုပ်ဆောင်များ၊ ဒါရိုက်တာဇော်မျိုး(ခရေပုံပြင်)
၁၂:၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
မေတ္တာအသချေ် အပိုင်း(၆၆)
၂:၃၀ သံစဉ်များနှင့်ကမ္ဘာ
၄:၃၅ ချစ်သူစုံတွဲ တူယှဉ်တွဲ
၄:၅၀ သာယာသီကြွေးခေတ်ဆန်းတေး
၅:၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ဖေဖေကြီးကိုချစ်တယ်
(အပိုင်း-၂၆)
၅:၄၅ ရွှေလမ်းငွေလမ်း သူဌေးလမ်း
၆:၁၀ စားဖိုဆောင်ချစ်သူ
၆:၃၅ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
ချစ်သူတို့စိတ်ဝမ်းအေးချမ်းပါစေ
(အပိုင်း-၃၇)
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
-နိုင်ငံတကာသတင်း
-မိုးလေဝသသတင်း
-VOA အင်္ဂလိပ်စာသင်ခန်းစာ
ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-အနားမညီတြိဂံ (အပိုင်း-၃)

### mitv

07:26 Great Shwedagon- The Architectural Heritage
07:52 Kay Tu Mar Lar "The Family"
08:26 Waso Charity Feast
08:44 Pet Fish Biz
09:26 A Trip To The City Of Rakkhita, Rakhine
09:45 Myanmar Agarwood
10:25 19 Hours
10:49 Amazing: Sayargyi Nyein Chan Aung

**Prime Time**

07:26 Mrauk U, Treasure Trove of Rakhine Culture
07:44 Today Myanmar: Nutrition or Contamination
08:26 The Stories Of The Great Souls
(Mar Mar Aye) (Ep-1)



# ဂျိုကိုဗစ်ချ်နှင့် ဆရီနာဝီလျံတို့ ပြင်သစ်အိုးပင်း အကြိုဗိုလ်လုပွဲအဆင့်သို့ တက်ရောက်

ဦးစားပေးအဆင့် (၁)သတ်မှတ်ခံရသူ ဂျိုကိုဗစ်ချ်နှင့် ဆရီနာဝီလျံတို့နှစ်ဦးစလုံးသည် ပြိုင်ဘက်အသီးသီးအား အနိုင်ယူကာ ပြင်သစ်အိုးပင်း အကြိုဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ အသက်(၂၉)နှစ်အရွယ် ဂျိုကိုဗစ်ချ်သည် ကွာတားဖိုင်နယ်တွင် ဦးစားပေးအဆင့်(၇) ရရှိသူ သောမတ်စ်ဘာဒက်ချ်အား ၆-၃၊ ၇-၅၊ ၆-၃ဖြင့် သုံးပွဲပြတ်အနိုင်ကစားကာ အကြိုဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ဂျိုကိုဗစ်ချ်မှာ လက်ရှိကမ္ဘာ့အဆင့်(၁) ကစားသမားဖြစ်ပြီး ဂရင်းစလင်း (၁၁) ကြိမ်အထိ ဆွတ်ခူးထားသော်လည်း မြေစေးကွင်းပြိုင်ပွဲအမျိုးအစားဖြစ်သည့် ပြင်သစ်အိုးပင်းတွင် တစ်ကြိမ်တစ်ခါမျှ ဗိုလ်စွဲနိုင်ခြင်းမရှိခဲ့ပေ။

ဆရီနာဝီလျံမှာလည်း ကွာတားဖိုင်နယ်ပွဲစဉ်တွင် ကာဇက်စ္စတန် တင်းနစ်မယ် ယူလီယာ ပန်တင့်ဆီဗာအား ၅-၇၊ ၆-၄၊ ၆-၁ ဖြင့် အနိုင်ကစားကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ ဆရီနာမှာ ဂန္ထဝင်တင်းနစ်မယ် စတစ်ဖီဂရာ့ဖ်နှင့် စံချိန်တူ ဂရင်းစလင်း (၂၂)ကြိမ် ဆွတ်ခူးထားနိုင်သူဖြစ်သည်။ ဆရီနာဝီလျံသည် ၂၀၁၅ ခုနှစ်အတွင်း ဂရင်းစလင်းချန်ပီယံဆု သုံးကြိမ်ရယူနိုင်ခဲ့သော်လည်း ၂၀၁၆ ခုနှစ် ဩစတြေးလျအိုးပင်းတွင် လက်ရှိချန်ပီယံဘွဲ့အား မကာကွယ်နိုင်ခဲ့ပေ။

ဂျိုကိုဗစ်ချ်မှာ အကြိုဗိုလ်လုပွဲတွင် ကမ္ဘာ့အဆင့် (၁၃) ဩစတြီးယားကစားသမား ဒေါမနစ်သီယန်နှင့် တွေ့ဆုံရမည်ဖြစ်သဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်ရန် အလားအလာကောင်းနေသည်။ အခြားအမျိုးသားတစ်ဦးချင်း အကြိုဗိုလ်လုပွဲတွင် အန်ဒီမာရေးနှင့် လက်ရှိချန်ပီယံ ဝေါ်ရင်ကာတို့ တွေ့ဆုံယှဉ်ပြိုင်ရမည်ဖြစ်သည်။ **(မေလဲ့သင်း)**

# စုစည်းညီညွတ်မှုက အောင်မြင်မှုအား ဖော်ဆောင်ပေးနိုင်လိမ့်မည်ဟု ကွန်တီယုံကြည်

ယူရို-၂၀၁၆ ပြိုင်ပွဲဝင် အီတလီလက်ရွေးစင်အသင်းတွင် ကြယ်ပွင့်ကစားသမားများ ပါဝင်ခြင်းမရှိသော်လည်း စုစည်းညီညွတ်မှုက အောင်ပွဲဆီသို့ အရောက်ပို့ဆောင်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း အီတလီနည်းပြ ကွန်တီက သူ၏ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားခဲ့သည်။ အီတလီအသင်းသည် နောက်ဆုံးကျင်းပခဲ့သည့် ယူရို-၂၀၁၂ ပြိုင်ပွဲတွင် ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သော်လည်း စပိန်အသင်းအား လေးဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ကာ ချန်ပီယံဆုနှင့် လွဲချော်ခဲ့ရသည်။

သို့သော် အီတလီအသင်းသည် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်မူ အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ အီတလီအသင်းတွင် မွန်တိုလီဗို၊ ပီယာလို၊ ဘာလော့တယ်လီ၊ ဗာရက်တီတို့ ပါဝင်နိုင်ခြင်းမရှိသော်လည်း ယူရို-၂၀၁၆ ပြိုင်ပွဲဝင်အသင်းများတွင် စတုတ္ထမြောက်အသက်အငယ်ဆုံးအသင်းအဖြစ် ရပ်တည်နေပြီး ကစားသမား ၂၃ ဦးအနက် ခုနစ်ဦးမှာ အသက် (၂၅)နှစ်နှင့်အောက် လူငယ်များသာဖြစ်နေခြင်းမှာလည်း နောင်အနာဂတ် အသင်းအောင်မြင်ရေးအတွက် အခြေခံကျသည်ဟု ကွန်တီက ယုံကြည်နေသည်။ ကွန်တီက အသင်းအောင်မြင်ရေးတွင် ကြယ်ပွင့်ကစားသမားများ ပါဝင်နိုင်ရေးထက် အသင်းလိုက် စိတ်ဓာတ်ကောင်းမွန်မှုကသာလျှင် အရေးကြီးကြောင်း တုံ့ပြန်ခဲ့သည်။ **(မေလဲ့သင်း)**

# ပေါ့ဘာအတွက် ပေါင်သန်း ၆၀ ဖြင့် မန်ယူအသင်း ကမ်းလှမ်း

မန်ယူအသင်းသည် ဂျူဗင်တပ် ကွင်းလယ်လူ ပေါလ်ပေါ့ဘာအတွက် ပေါင်သန်း ၆၀ အထိ အသုံးပြုကာ ကမ်းလှမ်းခဲ့သော်လည်း ဂျူဗီဘက်မှ ချက်ချင်းဆိုသလို ပယ်ချခဲ့ကြောင်း သိရသည်။ ပေါ့ဘာအား မန်ယူ၊ မန်စီးတီး၊ ချယ်လ်ဆီးနှင့် ဘာစီလိုနာအသင်းတို့မှ အလိုရှိနေပြီး လောလောဆယ်အခြေအနေအရ ဆရာဟောင်းဖြစ်သူ ကွန်တီနှင့် ပြန်လည်လက်တွဲရန် ချယ်လ်ဆီးသို့သာ ရောက်ရှိရန် နီးစပ်နေသည်ဟု The Sun Daily က ဖော်ပြသည်။

ကစားသမားကိုယ်တိုင်ကမူ ဆွာရက်ဇ်၊ နေမာ၊ မက်ဆီတို့ရှိရာ ဘာစီလိုနာသို့ပြောင်းရွှေ့ရန် စိတ်အားထက်သန်ခဲ့သော်လည်း ဘာကာဘက်မှ ဂျူဗင်တပ်တောင်းဆိုသော ပြောင်းရွှေ့ကြေးအား ပေးချေရန် နှောင့်နှေးနေသဖြင့် အပြောင်းအရွှေ့ကိစ္စရပ်မှာ လိပ်ခဲတည်းလည်းဖြစ်နေခြင်းဖြစ်သည်။

မန်ယူအသင်းသည် ပေါ့ဘာအား ပြောင်းရွှေ့ကြေးပေါင် ၁၂ သန်းဖြင့် ၂၀၁၃ ခုနှစ်တွင် ဂျူဗင်တပ်သို့ ရောင်းချခဲ့ခြင်းဖြစ်ရာ ယခုအခါ တန်ဖိုးငါးဆခန့် မြင့်တက်၍ ကမ်းလှမ်းထားသော်လည်း ကမ္ဘာ့အကောင်းဆုံး ကွင်းလယ်လူတစ်ဦးဖြစ်သော ပေါ့ဘာအား အသင်းနှင့် ပြန်လည်ပူးပေါင်းရန်အတွက် စည်းရုံးရန် မလွယ်ကူတော့သည့် အခြေအနေပင် ဖြစ်သည်။

**(မေလဲ့သင်း)**




# အပြောင်းအရွှေ့ကာလတွင် ကစားသမားခြောက်ဦးထက်မနည်း မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာ ခေါ်ယူရန်စီစဉ်နေ


မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာသည် ယခုအပြောင်းအရွှေ့ကာလအတွင်းတွင် ကစားသမားခြောက်ဦးထက်မနည်းခေါ်ယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ နည်းပြဂွါဒီယိုလာသည် ၎င်း၏ မန်စီးတီးအသင်းနည်းပြအဖြစ် စတင်တာဝန်ယူစဉ် ပထမဆုံးကစားသမား ခေါ်ယူမှုအဖြစ် ဘွန်ဒက်စ်လီဂါကလပ် ဒေါ့မွန်အသင်းမှ ဂန်ဒိုဂန်အား ခေါ်ယူထားခဲ့ပြီဖြစ်သည်။

မန်စီးတီးအသင်းသည် ကွင်းလယ်ကစားသမား ဂန်ဒိုဂန်အား ပြောင်းရွှေ့ကြေးပေါင် သန်း ၂၀ ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် မန်စီးတီးအသင်းသည် ကစားသမားတစ်ဦး ခေါ်ယူထားခဲ့ပြီးဖြစ်သော်လည်း အပြောင်းအရွှေ့ကာလအတွင်း ကွင်းလယ်ကစားသမား တစ်ဦး၊ နောက်တန်းကစားသမား သုံးဦး၊ တိုက်စစ်မှူးတစ်ဦးတို့ကို ခေါ်ယူသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

မန်စီးတီးအသင်းသည် ရီးယဲလ်မက်ဒရစ် ကွင်းလယ်ကစားသမား တိုနီခရူးစ်၊ ဂျူဗင်တပ်ကွင်းလယ်ကစားသမား ပေါ့ဘာတို့ကိုလည်း အပြောင်းအရွှေ့ကာလအတွင်း ခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်။ ထို့ပြင် စပိန်လာလီဂါကလပ် ဘီဘာအိုအသင်းမှ ပြင်သစ်နောက်တန်းကစားသမား လာပေါ့တီနှင့် အဲဗာတန်အသင်းမှ အင်္ဂလန်နောက်တန်းကစားသမား ဂျွန်စတုန်းတို့ကိုလည်း ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။

လက်ရှိတွင် မန်စီးတီးအသင်း၏ နောက်တန်းသည် တောင့်တင်းသည့်အနေအထားတွင် ရှိနေပြီး ဆက်ဂ်နာ၊ ဇာဘလက်တာ၊ ကလစ်ချီ၊ ကိုလာရော့ဗ်တို့၏ အင်အားဖြင့် အသင်း၏ ခံစစ်ကြောင်းကို ဖြေရှင်းရန်လည်း ပစ်မှတ်ထားလျက်ရှိသည်။ ဝီလ်ဖရီးဘိုနီမှာမူ မန်စီးတီးအသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်းလည်း သိရသည်။

မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာသည် ၎င်း၏ လက်ထက်တွင် မန်စီးတီးအသင်းကို သိသာသောပြောင်းလဲမှုတစ်ခုပြုလုပ်ရန် ဆန္ဒရှိနေပြီး ကစားသမားခေါ်ယူမှုအတွက် ပေါင်သန်း ၂၅၀ အထိ သုံးစွဲသွားရန်လည်း ရှိကြောင်း သိရသည်။ **(ငွေကြယ်)**







# အနုပညာလက်ရာများနဲ့ ထုံမွမ်းနေတဲ့ ယူရို-၂၀၁၆

ကမ္ဘာပေါ်မှာရှိတဲ့ အနုပညာလက်ရာတွေ အထွန်းကားဆုံးနိုင်ငံထဲက တစ်ခုဖြစ်တဲ့ ပြင်သစ်နိုင်ငံဟာ ယူရို-၂၀၁၆ ပြိုင်ပွဲမှာလည်း နိုင်ငံရဲ့ အစဉ်အလာတစ်ရပ်ကို ဆက်လက်ထိန်းသိမ်းထားဖို့ ကြိုးပမ်းနေတာကို တွေ့ရပါတယ်။

ယခုအခါ ယူရိုပြိုင်ပွဲဝင် အသင်း ၂၄ သင်းရဲ့ အမှတ်အသားပုံရိပ်တွေဟာ ပြင်သစ်နိုင်ငံတစ်ဝန်းမှာ ပျံ့နှံ့လို့နေပါတယ်။ ပြင်သစ်အနုပညာရှင် ဖလိုရီယန်နီကိုလီဟာ "ဘောလုံးကစားနည်းထက်ပိုသော"လို့ အဓိပ္ပာယ်ရတဲ့ ပိုစတာပုံတွေကို ပြိုင်ပွဲဝင်အသင်းတိုင်းအတွက် ခြယ်မှုန်းပြီး အွန်လိုင်းမှတစ်ဆင့် ပြသပေးခဲ့ရာ ဥရောပတစ်ဝန်း ပရိသတ်များ အထူးနှစ်ခြိုက်စွာ အားပေးနေကြတာကို တွေ့ရပါတယ်။ **(မေလဲ့သင်း)**

# အသက်ရှုလမ်းကြောင်းရောဂါကြောင့် ကမ္ဘာကျော် ဟဲဗီးဝိတ်ချန်ပီယံဟောင်း မိုဟာမက်အလီ ဆေးရုံတက်ရောက်ခဲ့ရ

ကမ္ဘာကျော် လက်ဝှေ့ချန်ပီယံဟောင်း မိုဟာမက်အလီဟာ အသက်ရှုလမ်းကြောင်းဆိုင်ရာပြဿနာကြောင့် ဆေးရုံတက်ကုသမှုများခံယူခဲ့ရပြီးနောက် ဇွန် ၂ ရက်တွင် နေအိမ်သို့ ပြန်လည်ရောက်လာခဲ့ပြီဖြစ်ကြောင်း အလီ၏ ပြောရေးဆိုခွင့်ရှိသူက ဘီဘီစီသတင်းဌာနသို့ အတည်ပြုပြောကြားခဲ့သည်။ အသက်(၇၄)နှစ်အရွယ်ရှိ အလီသည် ဆေးကုသမှုခံယူပြီးနောက် အခြေအနေအားလုံး ပြည့်စုံကောင်းမွန်လာပြီဖြစ်၍ ဆေးရုံမှ ပြန်လည်ဆင်းလာနိုင်ခဲ့ပြီဖြစ်သည်။အလီသည် ၁၉၈၄ ခုနှစ်တွင် ပါကင်ဆန်ရောဂါကြောင့် လက်ဝှေ့လောကမှ အနားယူခဲ့ရသူဖြစ်သည်။ သူသည် ဆီးလမ်းကြောင်း ကူးစက်ရောဂါကြောင့် ဇန်နဝါရီလအတွင်း ဆေးရုံတက်ရောက် ကုသခဲ့ရသေးသည်။ **(မေလဲ့သင်း)**

ပဥ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ် အထူးခရီးစဉ်
**ကယား – လွိုင်ကော် နှင့် ရှမ်း – ပင်ခွန်**
၁၆ – ၇ – ၂၀၁၆ မှ ၁၉ – ၇ – ၂၀၁၆ အထိ
**သုခမိန်စာပေ** 09 51 55654 / 09 965155654 / 01 253079

ဆရာပိုင် (ပိုင်သချာ်)ကိုယ်တိုင်ဦးစီးတည်ထောင်သော
OYC
ဉ၊ ၁၀တန်းဘာသာစုံ ဂွမ်ႇ တန်းခွဲသစ်
တသင်၊ တကျက်
သင်ရိုးအမှေသင်မည်
အဆင့်မြင့်စာသင်ဝိုင်း
မြန်မာ ➡ ဂုဏ်ထူးဦးသိန်းနိုင်
အင်္ဂလိပ် ➡ ဦးနေအုပ် (စိန်ပေါ်လ်)
အင်္ဂလိပ် ➡ ဦးတင်ကို
သချာ် ➡ ဆရာပိုင် (ပိုင်သချာ်)
ဓာတု ➡ ဦးမြင့်ဝင်းကျော်
ရူပ ➡ ဦးဆက်မွန်
ဇီဝ ➡ ဒေါက်တာမြသိန်း
ဘောဂ ➡ စိုင်းထွန်းအောင်
နေ့လည်(၁း၃၀)နာရီမှညနေ(၄း၃၀)ထိ
ဝိုင်း(၆၀၀၀ဝိ / ) ရှယ်(၉၀၀၀ဝိ / )
ဆိပ်ကမ်းသာလမ်း(အလယ်)၊ ရန်ကုန်မြို့။ Ph: 09-73105201

The VOICE weekly

အပတ်စဉ်
ဇနေနေ့တိုင်း
ထွက်ပြီ
သတင်း ; 01 - 242424, 389207, 09 9772 04248.
ကြော်ငြာ ; 09 4211 07770, 09 517 6835.
ဖြန့်ချိရေး ; 09 4211 18327.
website ; http//www.thevoicemyanmar.com

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊မြေကွက်အမှတ်(၃၆၀)၊ မြေကွက်တည်နေရာအမှတ်(၃၆၀)၊(၁၃၀) ရပ်ကွက်၊ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ဦးကံချွန်အမည်ပေါက်ပါမစ်မြေအားအမည်ပေါက် ဦးကံချွန်(၁၂/သဃက(နိုင်)၁၅၇၄၉၁)မှပါမစ်ပျောက်ဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ကိုယ်တိုင်ကတိဝန်ခံချက်တို့ တင်ပြ၍ပါမစ်ပျောက်ဂရန့်သစ်လျှောက်ထားလာခြင်းအားဌာနမှမြေပြင်ကွင်းဆင်းစိစစ်ရာ (၁၅'×၁၅')အကျယ်ရှိထရံကာသွပ်မိုးအဆောက်အဦ(၁)လုံးရှိပြီးပါမစ်ပျောက်ဖြင့် ဂရန့်သစ်လျှောက်ထားလာခြင်းအားတရားဝင်နိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၃၄)၊မြေကွက်အမှတ်(၉၈၇) မြေကွက်တည်နေရာအမှတ်(၉၈၇)၊(၁၃၄) ရပ်ကွက်၊ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ဦးမြင့်သိန်းအမည်ပေါက်ပါမစ်မြေအားပါမစ်အမည်ပေါက်ဦးမြင့်သိန်းထံမှအရပ်ကတိစာချုပ်အဆက်စပ်ဖြင့်ဝယ်ယူခဲ့သူဒေါ်စန်းကြည်(၁၂/ဥကတ(နိုင်)၀၅၆၁၉၃)မှပါမစ်ပျောက်ဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ပါမစ်ပျောက်ဖြင့်ဂရန့်သစ်လျှောက်ထားလာခြင်း အားဌာနမှကွင်းဆင်းစိစစ်ရာအဆောက်အဦ (၃)လုံးရှိ၍(၁)ထပ်အုတ်ညှပ်(၂)လုံးတွင် လျှောက်ထားသူကိုယ်တိုင်နေထိုင်ပြီး(၁)ထပ် ပျဉ်ထောင်အဆောက်အဦတွင်အိမ်ငှားဒေါ်ခင်ခင်လေးမိသားစုနေထိုင်ပါသည်။သို့ဖြစ်ပါ၍ဒေါ်စန်းကြည်မှပါမစ်ပျောက်ဖြင့်ဂရန့် လျှောက်ထားလာခြင်းအားတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သွေးသည်အသက်

## “စီးပွားရေးလုပ်လိုသူများအတွက် အထူးအခွင့်အရေး”

(၄)လမ်းသွားလမ်းမကြီးဘေး၊ မျက်နှာစာနှစ်ဖက်ပါ၊ မျက်နှာ၁၀ 110'၊ Sqft 6324၊ ပါမစ်မြေ၊ စက်မှုဇုန်၊ ဒဂုံတက္ကသိုလ်၊ တက္ကသိုလ်ရိပ်မွန်အနီး၊ မင်းရဲကျော်စွာ လမ်းနှင့်ကျန်စစ်သားလမ်းဆုံလမ်းထောင့်၊ မျက်နှာစာရှေ့တွင် ကားရပ်နားရန် 10'ကျန်ရှိပြီး၊ စားသောက်ဆိုင်ဖွင့်လိုသူများ၊ အထပ်မြင့်ဆောက်လိုသူ များအတွက် စီးပွားရေးလုပ်ရန် အချက်အချာကျနေရာကောင်း။ ၎င်းမြေ ကွက်အနီးအနားတွင် ဘဏ်များမရှိသောကြောင့် ဘဏ်ဖွင့်လိုသူများ အတွက် အထူးအခွင့်အရေး။ ကျပ်သိန်း(၃၀၀၀)

**ဆက်သွယ်ရန် ဖုန်း-09-5178979, 09-43022828,09-420301091**

## ကုမ္ပဏီအမည်ပြောင်းခြင်း

City Press Pile Construction Co.Ltd. အား ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်စွဲပါစာအမှတ်၊ ရက–၁၀/ ၁/ ၂၀၁၆(၀၅၁၇၄)ဖြင့် **"City Press Pile Co.,Ltd."** သို့ ၈–၄–၂၀၁၆ ရက်မှစ၍ အမည်ပြောင်းလဲလိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**City Press Pile Co.,Ltd.**

## ဝန်ထမ်းအလိုရှိသည်

**Golden Land Co.,Ltd**

– ၁နှစ် မှ ၃နှစ်အတွင်း အတွေ့အကြုံရှိသော ရှေ့နေ အလိုရှိသည်။ (အသက် ၂၀ မှ ၂၅ နှစ်အတွင်းဖြစ်ရမည်။)

**အမြန်ငှားလိုသည်**

– ရန်ကင်းမြို့နယ်အတွင်းနှင့် ပုလဲကွန်ဒိုအနီးတစ်ဝိုက်ရှိ ရုံးခန်းဖွင့်ရန် 2RC နှင့် ပုလဲကွန်ဒိုရှိအခန်းများ အမြန်ငှားလိုသည်။

(ပိုင်ရှင်များ တိုက်ရိုက်ဆက်သွယ်ပါ)

**Ph : 09-799541265, 09-263202240**

ယုံကြည်စွာ အပ်နှံပါ
အရာရှိဖြစ်သူများ ငွေးပြုလျှင် သတင်းတဘဲ့မည်မဟုတ်
ငွေကုန်လူပန်း မဖြစ်စေရ
ပါဠိဘာသာ(ပြင်း)
ပါရဂူဆရာ/ဆရာမများသင်သည်
ဝါရင့်ဆရာကြီး
SH မြင့်သူထက် YU
အဝေးသင်တက္ကသိုလ်
အတန်းစုံ၊ မေဂျာစုံ
၈/၁၀ တန်း
နေ့တက်၊ ဝိုင်း
ရသုံးမှန်းခြေ (စိဝစ်ရေးမှူး–၂)
ငွေ / ကြေး ဦးစီးဌာန (ဒုဦးစီး၊ စာရေး)
ဆက်သွယ်ရေး (ဒုဦးစီး၊ စာရင်းကိုင်)
ကွန်ပျူတာအမြန်သင်တန်း
English 4 Skills
တိုက်(၃၅)၊(၃)လွှာ၊ ပေ (၅၀) လမ်း၊ (လှည်းတန်းဈေးအနောက်လမ်း)၊ ကမာရွတ်၊ ရန်ကုန်၊
ဖုန်း – ၀၉၇၃၀၀၈၇၁၉၊ ၀၉၇၃၁၀၉၄၃၃၊ ၀၉၂၆၃၇၀၄၀၀၅

## ဝန်ထမ်းအလိုရှိသည်

Aluminium, Composite, U.PVC လုပ်ငန်းများနှင့် ပတ်သက်၍ ကျွမ်းကျင်သော ဝန်ထမ်းများ အလိုရှိသည်။ လစာကောင်းကောင်းပေးမည်။ နေစရာစီစဉ်ပေးမည်။ လျှောက်ထားလိုသူများသည် CV Form နှင့်တကွ လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - အမှတ်(၂၄၂)၊ ကမာကြည်လမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်။

ဆက်သွယ်ရန်ဖုန်း - ၀၉-၅၁၇၈၉၇၉၊ ၀၉-၄၃၀၂၂၈၂၈၊ ၀၉-၄၂၀၃၀၁၀၉၁




## NAING Group Construction Co., Ltd. မှ The Best Construction Entrepreneurship Award (Diamond)ဆု ရရှိခြင်းအတွက် ‘အထူးဂုဏ်ယူဝမ်းမြောက်ခြင်း’

မြန်မာနိုင်ငံ ဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်း (MCEA) နှင့် Sphere Exhibits (Singapore) တို့ပူးတွဲကျင်းပသည့် “The Best Construction Entrepreneurship Award” ဆုဖိတ်ခေါ်ပြိုင်ပွဲတွင် NAING Group Construction Co.,Ltd. မှ “The Best Construction Entrepreneurship Award (Diamond)” ဆုကို လက်ခံရရှိခြင်းအတွက် အမှုဆောင် နာယက ဦးကျော်နိုင်ဦး (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်) အား အထူးပင် လေးစားလျက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာနိုင်ငံဆောက်လုပ်ရေး လောကတွင် ဆတက်ထမ်းပိုး တိုးတက်အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့်အမှုဆောင်များ
မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်

# ရက် ၁၀၀ စီမံချက်ဖြင့် လေသွန်းခံ–ကထောင်းနီကျေးရွာချင်းဆက် သစ်သားတံတား မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းအား ကွင်းဆင်းကြည့်ရှု



**ထားဝယ် ဇွန် ၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ အစိုးရသစ်လက်ထက် ရက် ၁၀၀ စီမံချက်ဖြင့် ပြည်သူလူထု ထင်သာမြင်သာရှိသော လုပ်ငန်းများထဲမှ လောင်းလုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်နေသော လေသွန်းခံ-ကထောင်းနီ ကျေးရွာချင်းဆက် သစ်သားတံတား မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း ပေ ၅၀× ၁၄ ပေ× ခုနစ်ပေအား ခွင့်ပြုရန်ပုံငွေ ၂၇ ဒသမ ၅၃၀၅ သန်းဖြင့် လောင်းလုံးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးကျော်ဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်ခင်ပြည့်စုံဦးတို့က ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဆောင်ရွက်နေမှုအား ထားဝယ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးငွေသိန်းက မေ ၃၀ ရက် နံနက် ၁၀ နာရီက ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ရက်အတွင်း လုပ်ငန်းစံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးအတွက် မှာကြားခဲ့သည်။

လေသွန်းခံ-ကထောင်းနီ ကျေးရွာချင်းဆက် သစ်သားတံတားအား မွမ်းမံပြင်ဆင်ပေးခြင်းအားဖြင့် ကထောင်းနီ၊ ကညွံကျွန်းကျေးရွာရှိ လူဦးရေ ၂၀၂၁ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေကြောင်း သိရသည်။

**ထားဝယ်ခရိုင် (ပြန်/ဆက်)**



## ရက် ၁၀၀ စီမံချက်ဖြင့် မဘိမ်းမြို့ရှိ ကျေးလက်ဒေသများ၌ ရေရရှိရေးအတွက် စက်ရေတွင်းများတူးဖော်

**မဘိမ်း ဇွန် ၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရက် ၁၀၀ စီမံချက်ဖြင့် ပွေးတူးနှင့် တုန်းပေါကျေးရွာတို့တွင် တစ်ရွာလျှင် ၂ လက်မစက်ရေတွင်း တစ်တွင်းစီ ရေစက်ရုံနှင့် ရေဂါလန် ၁၀၀၀ ဆံ့ အုတ်ရေကန်တို့ကို ဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်လျက်ရှိရာ ၇၀ ရာခိုင်နှုန်းကျော်ပြီးစီးပြီဖြစ်သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးသူဝင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းဆောင်နှင့်အဖွဲ့က မေလနောက်ဆုံးပတ်တွင် စက်ရေတွင်းနှင့် အုတ်ရေကန်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

အဆိုပါစက်ရေတွင်းများ တူးဖော်ပေးမှုကြောင့် ဒေသခံပြည်သူများ ကျန်းမာရေးအတွက် သန့်ရှင်းသောသောက်ရေ သုံးရေလုံလောက်စွာ ရရှိနိုင်မည်ဖြစ်ရာ ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ **ထိန်လင်းဦး(ပြန်/ဆက်)**

## တောင်သာမြို့နယ်တွင် ကျေးရွာမြေငှားဂရန်များ ထုတ်ပေးနိုင်ရန် ကွင်းဆင်းစစ်ဆေး

**တောင်သာ ဇွန် ၃**

တောင်သာမြို့နယ်တွင် ရက်ပေါင်း ၁၀၀ စီမံချက်ဖြင့် ဆင်ဖြူကျေးရွာအုပ်စု တလိုင်းတဲကျေးရွာကို ကျေးရွာမြေငှားဂရန်များ သတ်မှတ်ကာလအတွင်း ထုတ်ပေးနိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှတာဝန်ရှိသူများသည် ဇွန် ၁ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ယင်းနေ့က ကျေးရွာရှိလမ်းများအား သတ်မှတ်အဝန်းအဝိုင်းရှိ မရှိ စစ်ဆေးခြင်း၊ ရွာအဝန်းအဝိုင်းနှင့် အသေးစိတ်မြေပုံတိုင်းတာခြင်းလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းမှန်ကန်စွာဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့ကြပြီး မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ရန် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

တောင်သာမြို့နယ်အတွင်းရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာများအနေဖြင့် ပြည်သူကိုမျက်နှာမူ၍ အခြေခံလိုအပ်ချက်များကို အချိန်တိုအတွင်းဖြည့်ဆည်းပေးနိုင်ရန်အတွက် ရက် ၁၀၀ စီမံချက်ဖြင့် လုပ်ငန်းစဉ်များရေးဆွဲ၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ပြည်သူ့အတွက်ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်မျိုးနိုင်(ပြန်/ဆက်)**

# ရက် ၁၀၀ စီမံချက်အဖြစ် လမ်းဦးစီးဌာနမှ မြို့တွင်းလမ်း သုံးလမ်း အဆင့်မြှင့်တင်မှု မိုးမကျမီ အပြီးဆောင်ရွက်မည်

**ကလေး ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့အတွင်း လမ်းသုံးလမ်းအဆင့်မြှင့်တင်ဆောင်ရွက်မှုကို ပြည်သူ့ဆောက်လုပ်ရေးဦးစီးဌာနနှင့် လမ်းဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အဖြစ်မိုးမကျမီအပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လမ်းဦးစီးအရာရှိ ဦးအောင်ကျော်ဦးက ပြောသည်။

မေ ၁ ရက်မှစတင်ခဲ့သော ကလေးမြို့လမ်းဆုံမီးပွိုင့်မှ အနောက်ဖက်လေးဖာလုံအထိကိုလည်းကောင်း၊ သုံးမိုင်ရှိ ကလေး-ဂန့်ဂေါလမ်း (နတ်ချောင်းလမ်း) ကိုလည်းကောင်း၊ ကလေး-ကလေးဝ လမ်းပိုင်းကို အရှည် သုံးမိုင်အထိကိုလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ရက် ၁၀၀ စီမံချက်အဖြစ် မေလမှစတင်ခဲ့သည့် မြို့တွင်းလမ်းမကြီးသုံးခု အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးရန်ပုံငွေ ၁၅၂ ဒသမ ၅၄ သန်း အကုန်အကျခံဆောင်ရွက်နေခြင်းဖြစ်ပြီး ကလေးမြို့တွင်း ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရန် ရေမြောင်းအသစ်များတူးဖော်ခြင်း၊ ရေမြောင်းဟောင်းများ ဖော်ထုတ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အခုလမ်းအဆင့်မြှင့်တင်မှုက နိုင်လွန်ကတ္တရာအဆင့် ဖြစ်ပါတယ်။ ရေစီးရေလာ ကောင်းမွန်ဖို့ဆောင်ရွက်နေတဲ့ ရေမြောင်းဆိုရင်လည်း အုတ်စီရေမြောင်းတွေအဖြစ် အခိုင်အခံ့ဆောင်ရွက်သွားမှာပါ။ ကလေးမြို့မှာ မိုးရာသီဆိုရင် လမ်းပေါ်ရေလျှံတယ်လို့ ပြောကြတယ်။ အခုမြောင်းတွေရှင်းလင်းမှုလုပ်ပြီးရင် လုံးဝရေလျှံမှာ မဟုတ်ပါဘူး" ဟု တာဝန်ရှိသူတစ်ဦးကပြောသည်။ **ပန်းသဇင်(ကလေး)**

## ကျေးရွာချင်းဆက်မြေသားလမ်းများ အကောင်အထည်ဖော်ဆောင်ရွက်

**ဟင်္သာတ ဇွန် ၃**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရက် ၁၀၀ စီမံချက်ဖြင့် ခြင်ဘို့-ဒါးက(၂/၂ မိုင် ၁၈× ၁၇)အား မြေသားလမ်းခင်းမှုများဆောင်ရွက်လျက်ရှိရာ မေ ၃၀ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇော်လွင်နှင့်အဖွဲ့က မြေသားလမ်းပိုင်းများ အဆင့်လိုက်ဆောင်ရွက်နေမှုများကို သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါမြေသားလမ်းသည် ဟင်္သာတမြို့နယ် မြောက်ပိုင်းဒေသများသို့ဆက်သွယ်သော မိုးရာသီရေကြီး ရေကျော်မှုအတွက် အမာခံလမ်းပိုင်းဖြစ်ပြီး ကျေးရွာ ၄၄ ရွာရှိ အိမ်ထောင်စု ၂၇၃၆၇ စုမှ ကျေးလက်နေပြည်သူများ၏ ဒေသထွက်ကုန်ရောင်းဝယ်မှုနှင့် သွားလာမှုအဆင်ပြေမည့်လမ်းဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(ဟင်္သာတပြန်/ဆက်)**



## ရက် ၁၀၀ စီမံချက်အရ ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေး ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံရှင်းလင်းဆွေးနွေး

**ဆိပ်ဖြူ ဇွန် ၃**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရက် ၁၀၀ စီမံချက်အရ ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေး ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ဇွန် ၁ ရက် မွန်းလွဲပိုင်းက ကိုးတောင့်ကျေးရွာအုပ်စု ရေလယ်ကျွန်းကျေးရွာဓမ္မာရုံ၌ ပြုလုပ်သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်မျိုးက ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေး လုပ်ငန်းစဉ်များနှင့် မြေငှားဂရန်ပြုလုပ်ခြင်း၏ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**

## တမူးမြို့နယ်အတွင်း ကျေးလက်ဒေသများတွင် ရက် ၁၀၀ စီမံချက်ဖြင့် အခြေခံလက်သမားသင်တန်းဖွင့်

**တမူး ဇွန် ၃**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ရက် ၁၀၀ စီမံချက်ဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိရာ အခြေခံ လက်သမားသင်တန်း(၁/၂၀၁၆)ကို မေလနောက်ဆုံးအပတ်မှစတင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် အလှော်ကျေးရွာရှိ အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

"ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းအတတ်ပညာများ တတ်မြောက်ထားပြီး တစ်ပိုင်တစ်နိုင် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး အခြေခံလက်သမား သင်တန်း (၁/၂၀၁၆)ကို ပို့ချပေးလျက်ရှိရာ အလှော်ကျေးရွာ၊ အင်ဒိုင်းကျေးရွာ၊ ပန်းသာကျေးရွာ၊ မန်မော်ကျေးရွာ၊ ဝိတုတ်ကျေးရွာ စတဲ့ကျေးရွာတွေက ကျေးလက်နေပြည်သူတွေ လာရောက် သင်ယူနေကြပါတယ်။ ဇွန်လလယ်ပိုင်းမှာ ဒုတိယအသုတ်အနေနဲ့ တမူးမြို့နယ် ထင်းဇင်ကျေးရွာက အုပ်ချုပ်ရေးမှူးရုံးမှာ ထပ်မံပြီး တစ်ရွာလျှင်နှစ်ဦးနှုန်းနဲ့ ကျေးလက်နေ ပြည်သူတွေကို ထပ်မံပို့ချပေးမှာဖြစ်ပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် အလှော်ကျေးရွာတွင် ဖွင့်လှစ်သောအခြေခံလက်သမားသင်တန်း(၁/၂၀၁၆)ကို မေ ၂၈ ရက်နေ့က စတင်ဖွင့်လှစ်ပြီး ဇွန် ၆ ရက်အထိ ၁၀ ရက်ကြာ သင်ကြားပို့ချပေးမည် ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

ကြေးမုံ
ဇွန် ၄၊ ၂၀၁၆ (စနေနေ့)



# ဝန်ထမ်းများ၏ အရည်အသွေးများမြှင့်တင်နိုင်ရန် အနှစ်သာရပြောင်းလဲခြင်းများကိုပါ ဆောင်ရွက်သွားမည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ရက် ၁၀၀

**၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထု ရွေးချယ်ပေးမှုဖြင့် အရပ်သားအစိုးရအဖွဲ့သည် နိုင်ငံ့တာဝန်များကို ဧပြီလ ၁ ရက်နေ့မှစတင်၍ ထမ်းဆောင်နေပြီဖြစ်သည်။ နိုင်ငံ့တာဝန်စတင်တာဝန်ယူထမ်းဆောင်သည်နှင့် ရက်ပေါင်း ၁၀၀ ကာလအတွင်း ထင်သာမြင်သာရှိသည့် ပြုပြင်ပြောင်းလဲမှုများကို အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးက စတင်ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်သည်။ ပြည်သူတို့၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အောင်ပွဲရခဲ့သော အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာနများသည် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားမြင့်မားလာရေးအတွက် ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများကို အများပြည်သူသိရှိနိုင်အောင် ဖော်ပြလိုက်ပါသည်။**

သတင်းဆောင်းပါး - ရဲခေါင်ညွှန့်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ဝန်ထမ်းများရွေးချယ်ခြင်း၊ အရည်အသွေးမြှင့်လေ့ကျင့်ခြင်း စသည့် ဝန်ထမ်းစွမ်းရည်မြှင့်တင်ပေးသည့် အပိုင်းတွင် အရေးပါသည့်အခန်းကဏ္ဍမှ ဆောင်ရွက်လျက်ရှိသည်။**

ပြည်သူ့ဝန်ထမ်းဆိုသည့် အဓိပ္ပာယ်သည် ပြည်သူ့ဝန်ကိုထမ်းမည့်သူ၊ ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းဝန်ဆောင်ပေးမည့်သူ၊ ပြည်သူ့အစေအပါး၊ Civil Services Academy (CSA)ဟုခံယူပြီး ပြည်သူ့အတွက် အပြည့်အဝ ဆောင်ရွက်ပေးမည်ဆိုသည့် စိတ်ဓာတ်မျိုးထားရှိရန် လိုအပ်သည်။ ပြည်သူ့ဝန်ထမ်းသည် Service Delivery ပေးရမည်ဖြစ်ရာ Service Delivery တွင် အခြေခံအချက် (၄)ချက်ရှိပြီး အဆိုပါအချက်များမှာ အရည်အသွေး၊ မြန်ဆန်မှု၊ မဆိုင်းမတွတုံ့ပြန်မှုနှင့် တာဝန်ယူမှု တာဝန်ခံမှုတို့ဖြစ်ပေသည်။



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း။

ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် အစိုးရယန္တရားများ ကောင်းမွန်စွာလည်ပတ်နိုင်ရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်တို့အတွက် နိုင်ငံ့ဝန်ထမ်းစနစ် ပီပြင်အားကောင်းစွာဆောင်ရွက်နေသော အာဆီယံဒေသတွင်းနိုင်ငံများ၊ အာရှနှင့် ဥရောပနိုင်ငံများမှ ဝန်ထမ်းရွေးချယ်ရေးနည်းလမ်းများနှင့် လေ့ကျင့်မှုနည်းလမ်းများကို လေ့လာလျက်ရှိပြီး သုတေသနပြုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေသည်။

အဆိုပါစနစ်များကိုအခြေခံ၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးစနစ်၊ စည်းကမ်းထိန်းသိမ်းရေးစနစ်များကို ပြောင်းလဲသွားမည်ဖြစ်သည်။ ထို့ပြင် ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ နည်းပြများအား နိုင်ငံတကာအဆင့်မီ သင်တန်းများပို့ချ၍ အရည်အသွေးမြှင့်တင်မှုပြုလုပ်ကာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ဆောင်ရွက်သွားမည်ဟု ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ပြောသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် UNDP၊ JICA၊ World Bank၊ Hanns Seidel Foundation၊ EU (GOPA) စသည်တို့နှင့် ပူးပေါင်းညှိနှိုင်း၍ ပြည်သူ့ဝန်ထမ်းများ၏ Capacity မြင့်တက်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းတို့လုပ်ဆောင်လျက်ရှိသည့် ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်မှ သိရသည်။

**ဘာတွေစတင်ပြောင်းလဲမလဲ**

နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားများ ကောင်းမွန်စွာလည်ပတ်နိုင်ရေးအတွက် ပြည်သူ့ဝန်ထမ်းကဏ္ဍတွင် အခြေခံအချက် (၂)ချက် လိုအပ်သည်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ရက် ၁၀၀ အတွင်း အစိုးရ၏ အုပ်ချုပ်ရေးပုံစံသစ်နှင့်အညီဖြစ်စေရန် ပြင်ပလက္ခဏာပြောင်းလဲခြင်းနှင့် အနှစ်သာရပြောင်းလဲခြင်း အပိုင်း (၂)ပိုင်းဖြင့် ဆောင်ရွက်သွားမည်ဟု ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ဆိုသည်။

**Civil Service ကို အခြေခံမေးသည့် မေးခွန်းများအဖြစ် ပြောင်းလဲဆောင်ရွက်မည်**

ပြည်ထောင်စုရာထူးဝန်အဖွဲ့က တာဝန်ယူဆောင်ရွက်ရသည့် နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအသီးသီးတွင် လိုအပ်သော အရည်အသွေးမြင့်အရာထမ်းကောင်းများ ရွေးချယ်ပေးရာတွင် ရေးဖြေစာမေးပွဲများ၌ လက်ရှိအသုံးပြုသော အင်္ဂလိပ်စာ၊ မြန်မာစာ၊ အထွေထွေဗဟုသုတ စသည့် ဘာသာရပ်များအလိုက် မေးခွန်းပုံစံများအစား Civil Service ကို အခြေခံမေးသည့် မေးခွန်း Question Type and pattern အားပြောင်းလဲသွားမည်။ ယင်းသို့ပြောင်းလဲရန်အတွက် သက်ဆိုင်ရာတက္ကသိုလ်များမှ မေးခွန်းပြုစုရာတွင် တာဝန်ရှိသူများနှင့် ဧပြီ ၂၉ ရက်က တွေ့ဆုံညှိနှိုင်းပြီးဖြစ်ကြောင်း သိရသည်။

**ဘာတွေကို ဘယ်လိုပြုပြင်ပြောင်းလဲသွားမလဲ**

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးတွင် အရည်အသွေးပြည့်မီသော ပြည်သူ့ဝန်ထမ်းကောင်းများ မွေးထုတ်ပေးရန်အတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တက္ကသိုလ် နှစ်ခုတွင် Civil Services Academy (CSA)များကို ဖွင့်လှစ်သွားမည်ဖြစ်ပြီး အဆိုပါ Academy များမှ အရာထမ်းလောင်းများအတွက် ဘွဲ့လွန်ဒီပလိုမာ (Post-graduate Diploma) ချီးမြှင့်ခြင်း၊ Mid Level အရာထမ်းများအတွက် အဆင့်မြင့်ဒီပလိုမာ(Advanced Diploma)များ ချီးမြှင့်ခြင်း၊ ညွှန်ကြားရေးမှူးအဆင့်များအတွက် မဟာဘွဲ့(Master Degree)များ ချီးမြှင့်ခြင်း စသည့် သင်တန်းရေးရာကိစ္စရပ်များကို စီစဉ်ဆောင်ရွက်လျက်ရှိနေသည်။

Civil Services Academy မှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးအတွက် အရာရှိ ဝင်ခွင့်စာမေးပွဲအောင်မြင်ခဲ့သည့် အရာရှိလောင်းများအား ခြောက်လအချိန်ပြည့် သင်တန်းပို့ချမည်ဖြစ်ပြီး ပထမလေးလတွင် သင်ကြားရေးအပိုင်း၊ ကျန်နှစ်လအတွက် ဌာနဆိုင်ရာနှင့် လုပ်ငန်းခွင်ဆောင်ရွက်ခြင်း တစ်လနှင့် နောက်ဆုံးတစ်လတွင် လုပ်ငန်းခွင်အတွေ့အကြုံများ၊ သီအိုရီများနှင့်ပူးပေါင်း၍ လက်တွေ့လေ့ကျင့်ဆောင်ရွက်ပေးမည်ဖြစ်သည်။

Civil Services Academy(CSA) ကို ဖွင့်လှစ်ရန်အတွက် ဆောင်ရွက်နေသဖြင့် ပညာရှင်ဆရာများလိုအပ်လျက်ရှိပြီး ယခုလက်ရှိတွင် တက္ကသိုလ်များရှိ ဆရာ ဆရာမများနှင့် သင့်လျော်သူသင်တန်းဆရာများအား လေ့ကျင့်သင်တန်းပေးခြင်း (Training for Deparmental Trainer of Civil Service) များဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။

ထို့ကြောင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ထိရောက်မှုရှိသည့် သင်ကြားရေးစနစ်ဖြစ်ရန် သင်တန်းအမျိုးအစားအလိုက် သင်ရိုးညွှန်းတမ်းများ ပြောင်းလဲသတ်မှတ်သွားမည်ဖြစ်သည်။ Civil Services Academy (CSA) အတွက် ဘွဲ့လွန်ဒီပလိုမာ၊ အဆင့်မြင့်ဒီပလိုမာနှင့် မဟာဘွဲ့များပေးရန် ဘာသာရပ်ဌာနများစုဖွဲ့ခြင်း၊ သက်ဆိုင်ရာဘာသာရပ်အလိုက် သင်ရိုးညွှန်းတမ်းများရေးဆွဲခြင်းတို့နှင့်စပ်လျဉ်း၍ “အရင်က ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ ပညာရပ်ဌာန ခြောက်ခုနဲ့ ဖွဲ့စည်းထားပါတယ်။ စီမံခန့်ခွဲမှုဌာန (Management)၊ စီးပွားရေးဌာန(Economics)၊ နိုင်ငံရေးသိပ္ပံဌာန (Political Science)၊ ဥပဒေဌာန (Law Department)၊ ပြီးတော့ လူမှုရေးဌာန(Sociology)ဆိုတဲ့ ပညာရပ်ဌာနငါးခုနဲ့ နောက်တစ်ခုက စစ်ပညာဌာနဆိုပြီး အဲဒီ ခြောက်ခုနဲ့ လေ့ကျင့်ပေးခဲ့တယ်။

ဒီဘက်ခေတ် ဒီဘက်အခြေအနေတွေနဲ့ အုပ်ချုပ်ရေးယန္တရားသစ်အရ နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ ပြည်သူ့ဝန်ထမ်းလေ့ကျင့်ရေးကျောင်းတွေကို လေ့လာတယ်။ နိုင်ငံတကာ ပညာရှင်တွေနဲ့ ဆွေးနွေးပြီးတဲ့နောက်မှာတော့ စစ်ပညာအစား ကိုယ်လက်ကြံ့ခိုင်ရေးနဲ့ စည်းကမ်း ထိန်းသိမ်းရေးဌာနအသွင်နဲ့ သွားပါမယ်။ နောက်ဌာနနှစ်ခုကတော့ အင်္ဂလိပ်စာဌာနနဲ့ သတင်းအချက်အလက် နည်းပညာဌာန (Information and Communications Technology-ICT)ဆိုပြီး ဌာနနှစ်ခု ထပ်ပေါင်းရင် တကယ့်ပညာရပ်ဌာန ခုနစ်ခုနဲ့ အကောင်အထည်ဖော်သွားဖို့ ရှိပါတယ်”ဟု ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ပြောသည်။

**ဝန်ထမ်းများ၏ ရပိုင်ခွင့်များ အပြည့်အဝရရှိစေမည်**

ပြည်ထောင်စုရာထူးဝန်အဖွဲ့က တာဝန်ယူရေးဆွဲခဲ့ပြီး ၂၀၁၃ ခုနှစ် မတ် ၈ ရက်စွဲဖြင့် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၅ ဖြင့် ပြဋ္ဌာန်းခဲ့သည့် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၆၂ အရ လုပ်သက်နှစ် ၃၀ ပြည့်လျှင် ပင်စင်ယူသည့် ကိစ္စနှင့် ၂၀၁၄ ခုနှစ် မတ် ၂၆ ရက်စွဲဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ထုတ်ပြန်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများတွင် ပါဝင်သော နှစ်ပြည့်ပင်စင်၊ လုပ်သက်ခွင့်၊ မီးဖွားခွင့်ကိစ္စနှင့် မီးဖွားခွင့်တွင် ခင်ပွန်းဖြစ်သူအတွက် ကလေးပြုစုစောင့်ရှောက်ခွင့်ရရှိရန် ကိစ္စတို့ကို ပြည်သူ့ဝန်ထမ်းများအကျိုးအတွက် လက်တွေ့နယ်ပယ်တွင် အမှန်တကယ် အပြည့်အဝခံစားနိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်သည်။

“လုပ်သက်ခွင့်ဆိုရင်လည်း အရင်နည်းဥပဒေအရ ပြဋ္ဌာန်းထားတဲ့ တစ်နှစ်တာလုပ်သက်ခွင့်ဟာ တစ်နှစ်ကုန်သွားရင် အလိုအလျောက် ပျက်ပြယ်တယ်ဆိုတာအစား နှစ်နှစ်ဆက်လက်စုဆောင်းခွင့်ရရှိဖို့ကိုလည်း ရှေ့နေချုပ်ရုံးကို ပို့ထားပါတယ်။ ဘာဖြစ်လို့ ဒီလိုပြောင်းလဲရသလဲဆိုတော့ တစ်နှစ်ပြီး ပျက်ပြယ်သွားတဲ့အတွက် နောက်တစ်နှစ်ကျ ဝန်ထမ်းတစ်ယောက်ဟာ သူ့ရဲ့ သာရေး၊ နာရေး၊ လူမှုရေးကိစ္စကြောင့် လုပ်သက်ခွင့်ယူချင်တဲ့အခါမှာ အနေအထားမပေးတော့ဘူး။ ဥပဒေအရ တစ်လမှာမှ သုံးရက်ပဲရတယ်။ နှစ်အစ ဇန်နဝါရီမှာ လူမှုရေးကိစ္စကြောင့် လုပ်သက်ခွင့်ယူမယ်ဆို ဇန်နဝါရီလကုန်မှသာ သုံးရက်ရမယ်။ အခုဥပဒေအရ တစ်နှစ်အတွင်း လုပ်သက်ခွင့်ခံစားခွင့်ရှိတယ်။ တကယ်လို့ လုပ်သက်ခွင့်ကို ဝန်ထမ်းက မခံစားဘူးဆိုရင် လုပ်သက်ခွင့်ရက်နဲ့ညီမျှတဲ့ဆုကြေးငွေပေးရမယ်ဆိုတာ ပြဋ္ဌာန်းထားပါတယ်။ လက်တွေ့မှာကျတော့ ဆုကြေးကို ဝန်ထမ်းကမရဘူး။ နိုင်ငံတော်ဘက်ကလည်း လစာတွေတိုးပေးထားလို့ ဘတ်ဂျက်အခက်အခဲရှိတယ်။ ဝန်ထမ်းကလည်း ဆုကြေးလိုချင်တာမဟုတ်ပါဘူး။ သူ့ရဲ့ လူမှုရေးကိစ္စတစ်ခုခုရှိတဲ့အခါ အဆင်ပြေအောင် ခွင့်ကိုစုဆောင်းထားချင်တာ။ ဝန်ထမ်းတွေနဲ့လည်း ဆွေးနွေးပါတယ်။ ဝန်ကြီးဌာနတွေနဲ့လည်း ဆွေးနွေးတယ်။ ဝန်ထမ်းအတွက် နှစ်နှစ်ထိစုဆောင်းခွင့်ရရင် အဆင်ပြေတယ်”ဟု ဥက္ကဋ္ဌကပြောသည်။

ဝန်ထမ်းများ စိတ်ချမ်းမြေ့စွာဖြင့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် ရက်ပေါင်း ၁၀၀ အတွင်း ပြည့်စုံခိုင်မာသည့် ဥပဒေ၊ နည်းဥပဒေများဖြစ်လာစေရန် ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်း၊ ထုတ်ပြန်နိုင်ရေး စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်းနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်လည်း ညှိနှိုင်းထားပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့လည်း သဘောထားမှတ်ချက် တောင်းခံထားကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ သိရှိရသည်။

**ပြင်ပလက္ခဏာပြောင်းလဲခြင်း**

ပြင်ပလက္ခဏာပြောင်းလဲခြင်းအတွက် ၁၉၆၅ ခုနှစ်တွင် ဖောင်ကြီးကျေးရွာ၌ တည်ထောင်ခဲ့ခြင်းကြောင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)ဟုခေါ်ဆိုရာမှ အထက်မြန်မာပြည်ရှိ ဇီးပင်ကြီးတွင်ရှိသော ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)နှင့် ခေါ်ဝေါ်သုံးစွဲမှုပုံစံတူစေရန် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ဟု ဟုပြောင်းလဲပြင်ဆင်ခေါ်ဝေါ်သတ်မှတ်ရန် ခွင့်ပြုချက်ရရှိထားပြီးဖြစ်ကြောင်း သိရသည်။







ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အရာထမ်းလောင်းအခြေခံသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

**ခေတ်ကာလနှင့်လျော်ညီမှုမရှိသောကြောင့် တံဆိပ်များပြောင်းမည်**

ခေတ်ကာလဖြင့် လျော်ညီမှုမရှိတော့သည့်အတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် တပ်ဆင် အသုံးပြုလျက်ရှိသော တက္ကသိုလ်တံဆိပ်၊ လက်မောင်းတံဆိပ်များအား နိုင်ငံတကာ တက္ကသိုလ်၊ အကယ်ဒမီများတွင် အသုံးပြုသော logo၊ တံဆိပ်များ၊ ဆောင်ပုဒ်များကိုအခြေခံ၍ တံဆိပ်အသစ်၊ logo အသစ်နှင့် ဆောင်ပုဒ်အသစ်များ ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခုတွင် ပြောင်းလဲအသုံးပြုသွားမည်ဖြစ်သည်။

**ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းများကို ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်ခြင်းမပြုတော့**

ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခုတွင် ဖွင့်လှစ်ပို့ချလျက်ရှိသည့် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းနှင့် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းများကို ၂၀၁၆ ခုနှစ် မေ ၁၆ ရက်မှ ဇွန် ၁၈ ရက်အထိ ဖွင့်လှစ်လျက်ရှိသည့် အမှတ်စဉ် (၉၇) နှင့် (၆၆) တို့ကိုသာ နောက်ဆုံးအကြိမ် ဖွင့်လှစ်သွားမည်ဖြစ်သည်။

အဆိုပါသင်တန်းများကို ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဆက်လက်ဖွင့်လှစ်ခြင်းမပြုတော့ဘဲ ဆရာ ဆရာမများ၏ လေ့လာသင်ယူထားရှိမှုများအပေါ်အခြေခံ၍ ပညာရေးဝန်ကြီးဌာနမှ သင့်လျော်သည့် သင်တန်းများအဖြစ် ဖွင့်လှစ်လေ့ကျင့်သင်ကြား ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်သည်။ ထို့ကြောင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်ရန် သတ်မှတ်ထားသည့် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းများကို ဆက်လက်ဖွင့်လှစ်ရန်မရှိတော့ကြောင်း ပြည်ထောင်စုရာထူးဝန် ဥက္ကဋ္ဌက ပြောသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် နိုင်ငံ့ဝန်ထမ်းများကို စနစ်တကျရွေးချယ်ခြင်း၊ ဝန်ထမ်းများအား ထိရောက်စွာ လေ့ကျင့်ပျိုးထောင်ခြင်း၊ ဝန်ထမ်းဆိုင်ရာကျင့်ဝတ်များ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ စံနှုန်းများသတ်မှတ်ရေးနှင့် မူဝါဒလမ်းညွှန်ချက်များချမှတ်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား အထောက်အကူပြုခြင်း၊ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့်စပ်လျဉ်းပြီး သုတေသနပြုလုပ်ခြင်း၊ ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် ဝန်ထမ်းရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းများက မေးမြန်းလာသည့် ဝန်ထမ်းရေးရာကိစ္စရပ်များကို လေ့လာစိစစ်ပြီး တည်ဆဲစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်ကြားခြင်း၊ ဝန်ထမ်းများအား အရေးယူခြင်းဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ မှတ်တမ်းများကို စနစ်တကျထိန်းသိမ်းထားရှိခြင်း၊ ပြည်ထောင်စုဝန်ထမ်းအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဝန်ထမ်းအဖွဲ့အစည်းများ၏ ဝန်ထမ်းရွေးချယ်ရေး၊ လေ့ကျင့်ပျိုးထောင်ရေး၊ စည်းကမ်းထိန်းသိမ်းရေးကိစ္စများနှင့် စပ်လျဉ်း၍ စိစစ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်အစိုးရများက မိမိတို့ တာဝန်ယူအကောင်အထည်ဖော်ရသည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းများအား ဖွဲ့စည်းခြင်း၊ လိုအပ်သော နယ်ဘက်ဝန်ထမ်းများခန့်အပ်ခြင်းပြုရာတွင် နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပြည်ထောင်စုဥပဒေနှင့်အညီလည်းကောင်း၊ ပြည်ထောင်စုအစိုးရနှင့် ကြိုတင်ညှိနှိုင်း၍လည်းကောင်း ဖွဲ့စည်းခန့်ထားနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊ အဖွဲ့၏ ဆောင်ရွက်ချက်များကို နိုင်ငံတော်သမ္မတထံ နှစ်စဉ်အစီရင်ခံခြင်းနှင့် လိုအပ်ပါက ကြားဖြတ်အစီရင်ခံစာတင်သွင်းခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း ဟူသည့် တာဝန်ဝတ္တရားများကို အကောင်အထည်ဖော်ဆောင်ရွက်ရသည်။

ထို့ကြောင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဆောင်ရွက်အကောင်အထည်ဖော်နေသည့် ပြည်သူ့ဝန်ထမ်းများ၏ အရည်အသွေးတိုးတက်မြင့်မားစွာ ဆောင်ရွက်နိုင်ရန်အတွက် ပြင်ပလက္ခဏာပြောင်းလဲခြင်းနှင့် အနှစ်သာရပြောင်းလဲခြင်း အပိုင်းနှစ်ပိုင်းအား ဝမ်းမြောက်စွာ ကြိုဆိုကြမည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။





အရာရှိဝင်ခွင့်စာမေးပွဲအောင်မြင်ခဲ့သည့် အရာရှိလောင်းများအား ခြောက်လအချိန်ပြည့် သင်တန်းပို့ချမည်။

ကြေးမုံ

ဇွန် ၄၊ ၂၀၁၆ (စနေနေ့)

# ရက်(၁၀၀)စီမံချက်ဖြင့် မုံရွာမြို့ရှိရပ်ကွက်များတွင်အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေး



**မုံရွာ ဇွန် ၃**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ၏ ရက်(၁၀၀)စီမံချက်ဖြင့် မုံရွာခရိုင်အတွင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၂ ရက် နံနက်ပိုင်းက မုံရွာမြို့ပေါ်ရှိ ရပ်ကွက်နှစ်ခုရှိ ပြည်သူများထံအရောက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ အဖွဲ့သုံးဖွဲ့ခွဲကာ ကွင်းဆင်းပြီး အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ပေးသည့် ရပ်ကွက်များသို့ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့် လာရောက်ကြည့်ရှုအားပေးရာတွင် အခြားမြို့နယ်များမှ မုံရွာမြို့နယ်သို့ အလုပ်အကိုင်အခွင့်အလမ်း၊ ပညာရေး၊ ကျန်းမာရေး စသည့် အခြေအနေအမျိုးမျိုးကြောင့် ဒေသပြောင်းရွှေ့နေထိုင်ကြပြီး အိမ်ထောင်စုစာရင်း မရှိသေးသူ၊ နိုင်ငံသားစိစစ်ရေးကတ်မပြုလုပ်ရသေးသူတို့ကို လွယ်ကူလျင်မြန်စွာ ရရှိကိုင်ဆောင်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများအဖြစ် ကွင်းဆင်းဆောင်ရွက် ပေးခြင်းဖြစ်ပါကြောင်းပြောကြားခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မုံရွာမြို့ နန္ဒဝန်ရပ်ကွက်တွင် အိမ်ထောင်စု ၁၀၃ စုနှင့် ထန်းတောရပ်ကွက်တွင် အိမ်ထောင်စု ၁၃ စုတို့အား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

# ကတ်ပြားတစ်မျိုးထုတ်ပေးရေးသစ္စာစီမံချက်ဆောင်ရွက်



**ကနီ ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ပေါက်အင်းတောင်ဒေသတွင်နေထိုင်ပြီး နေရာအတည်တကျမရှိဘဲ ရွှေ့ပြောင်းနေထိုင်သူများနှင့် အလုပ်သမားများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးနိုင်ရေး သစ္စာစီမံချက်ဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါစီမံချက်အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်ဦးစီးမှူး ဦးမောင်မောင်အေးနှင့် ဝန်ထမ်းများသည် မေ ၃၀ ရက်က မုံရွာ-ယာကြီး-ကလေးဝကားလမ်း မိုင်တိုင်အမှတ် ၃၁ အနီးရှိ မဟာဗောဓိမြိုင်ဘုန်းတော်ကြီးကျောင်း၌ ပေါက်အင်းတောင်ကြိုးဝိုင်းအတွင်း၌ နေထိုင်ကြသည့် အိမ်ထောင်စုများနှင့် ပြည်သူများကို မြို့နယ်လဝကဦးစီးမှူး ဦးမောင်မောင်အေးက မိမိတို့အနေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်အား အသိပညာပေး ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ပေါက်အင်းတောင်ဒေသရှိ သာမန်ရွှေ့ပြောင်းနေထိုင်သူများနှင့် ယာယီရွှေ့ပြောင်းနေထိုင်သူစာရင်းများကောက်ခဲ့ရာ အိမ်ထောင်စု ၇၇ စုနှင့် လူဦးရေ ၂၉၈ ဦး ကွင်းဆင်းကောက်ယူနိုင်ခဲ့ကြောင်း သိရသည်။

**သန်းဋ္ဌေးအောင်(ကနီ)**

# လမ်းချဲ့ထွင်ခြင်းဆောင်ရွက်ရန် ကမ်းပါးယံကျောက်မိုင်းခွဲခြင်းများဆောင်ရွက်

**သီပေါ ဇွန် ၃**

သီပေါမြို့နယ် ကုန်းသာကျေးရွာအနီးရှိ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ကုန်တင်ကားကြီးများ သွားလာရေးအဆင်ပြေစေရန်အတွက် လမ်းချဲ့ထွင်ခြင်းနှင့် တောင်ကမ်းပါးယံ ကျောက်မိုင်းခွဲခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်နေစဉ် ခရီးသည်နှင့် ကုန်တင်ကားများ ထိခိုက်မှုမရှိစေရေးအတွက် အတက်အဆင်းကားများအားလုံးကို စနစ်တကျပိတ်ဆို့ကာ အန္တရာယ်ကင်းမှ ဖြတ်သန်းစေခဲ့သည်။

ယင်းသို့ဆောင်ရွက်နေမှုကို ရှမ်းပြည်နယ်မြောက်ပိုင်း မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် မေ ၃၀ ရက်က ဖုံးခြောက်လုံးပေါက်ကွဲခဲ့သည်ဟု လူမှုကွန်ရက်တွင် သတင်းများထွက်ပေါ်ခဲ့ရာ ခရီးသွားများနှင့် ကုန်တင်ကားကြီးမောင်းနှင်သူများကြား စိုးရိမ်ထိတ်လန့်မှု ဖြစ်ပေါ်ခဲ့ကြောင်း စုံစမ်းသိရှိရသည်။

“သူတင်လိုက်လို့ တာဝန်ရှိသူတွေ အလုပ်ရှုပ်သွားသလို ပြည်သူတွေလည်း အထိတ်တလန့်ဖြစ်ရတယ်။ ဒါမျိုးမဟုတ်တာတွေကို တင်ရင် အရေးယူပေးဖို့ ကောင်းနေပြီ” ဟု ဒေသခံတစ်ဦးကဆိုသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲ၊ သီပေါနှင့် လားရှိုးမြို့ရှိ သတင်းမီဒီယာသမားများက အဆိုပါသတင်းမှန်ကန်မှုမရှိကြောင်း ၎င်းတို့၏ သက်ဆိုင်ရာလူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် အသိပေးကူညီခဲ့ပြီး နောင်ထိုသို့သောသတင်းမျိုး ပေါ်ပေါက်ပါက သက်ဆိုင်ရာရဲစခန်းသို့သာ ဆက်သွယ်မေးမြန်းရန် အကြံပြုအသိပေးခဲ့ကြောင်း သိရသည်။

**ကိုနေ(သီပေါ)**

# ကျန်းမာရှင်သန်ရေးလူမှုကူညီရေး (ဥဒေါင်းရှင်ကူ) လူမှုကူညီရေးအဖွဲ့ မကွေးမြို့၌ဖွဲ့စည်း

**မကွေး ဇွန် ၃**

အသက်ရှင်ကျန်းမာရေးအတွက် ဒေသတွင်းဆေးရုံများသို့ တက်ရောက်ကုသရန် လိုအပ်သည့်အခါ ညအချိန်မတော်သွားလာရေးခက်ခဲကြန့်ကြာမှုများ၊ ဆေးရုံဆင်းလူနာများ၏ သွားလာရေးအခက်အခဲများကို ကူညီဖြေရှင်းပေးရန်ရည်ရွယ်၍ မကွေးမြို့၌ ကျန်းမာရှင်သန်ရေးလူမှုကူညီရေးအဖွဲ့အား မေ ၃၁ ရက်က အေးစေတီမွှာရုံ၌ ကော်မတီဝင် ၁၄ ဦးဖြင့် ဖွဲ့စည်းလိုက်ကြောင်း သိရသည်။

“ကျန်းမာရေးအတွက် အသက်ရှင်သန်ဖို့ အရေးတကြီးလိုအပ်နေတတ်တာ အချိန်ပါပဲ။ ခရီးကြန့်ကြာလို့၊ ဆေးရုံရောက်ဖို့အချိန်မမီလို့ လက်လွှတ်လိုက်ရတဲ့အသက်တွေ အများကြီးရှိပါတယ်။ ဆေးရုံက ဆင်းရင်လည်း မိသားစုပြဿနာတွေ၊ ငွေကြေးအခက်အခဲတွေကြောင့် ကိုယ်နေတဲ့အိမ်လေးဆီပြန်ဖို့ ခက်ခဲနေတတ်ပါတယ်။ မကွေးမှာ နာရေးကူညီမှုအသင်း(နာကူ)လုပ်ငန်းတွေ ခိုင်ခိုင်မာမာရှိနေချိန်မှာ ဥဒေါင်း (PEACOCK)အမှတ်တံဆိပ်နဲ့ အသက်ရှင်သူတွေရဲ့ ကျန်းမာရေးအတွက် အထောက်အပံ့တစ်ခုအဖြစ် ရှင်ကူအဖွဲ့ကို တည်ထောင်ဖွဲ့စည်းလိုက်တာပါ” ဟု အဖွဲ့၏ ယာယီကော်မတီဥက္ကဋ္ဌ ဦးသက်တင်က ပြောသည်။

အလှူရှင် ဦးကျော်စွာဝင်းမိသားစုများက စူပါကာစတန်ကားတစ်စီး မတည်လှူဒါန်းမှု၊ မကွေးမြို့စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၏ စုစည်းဖိတ်ခေါ်မှုဖြင့် မကွေးမြို့နှင့် မင်းဘူးမြို့တို့မှ ပရဟိတစိတ်ပါဝင်စားသူများ၊ ဒေသခံမီဒီယာများ တက်ရောက်ဆွေးနွေးမှုရလဒ်အရ ကော်မတီဝင် ၁၄ ဦးပါဝင်သည့် ယာယီကော်မတီကို ဖွဲ့စည်းနိုင်ခဲ့သည်။

“ဇွန် ၁၆ ရက်ကစပြီး မကွေးတိုင်းဆေးရုံနဲ့ သင်ကြားရေးဆေးရုံတွေမှာ ဆေးရုံဆင်း၊ ဆေးရုံတက်လူနာတွေကို မော်တော်ယာဉ်အခမဲ့ကူညီပို့ဆောင်ပေးတော့မှာပါ။ မကွေးတိုင်းအတွင်း မည်သည့်မြို့ကမဆို အကူအညီလိုအပ်နေရင် ဖုန်းနံပါတ် ၀၉ ၄၅၆၂၂၂၃၅ နဲ့ ၀၉ ၄၅၆၂၂၂၅၃ တို့ကို အချိန်မရွေး ဖုန်းဆက်ပြီး အကူအညီတောင်းခံနိုင်ပါတယ်”ဟု အဖွဲ့ဘဏ္ဍာရေးမှူးဦးနေမိုးဆွေကျော်က ပြောသည်။

စတင်ဖွဲ့စည်းကာစအချိန်ဖြစ်သည့်အတွက် တစ်နေ့တာ၏ First Call ဖုန်းခေါ်ဆိုမှုကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးအခြေအနေအရ လုပ်ငန်းနယ်ပယ်ကို ချဲ့ထွင်သွားမည်ဖြစ်ပြီး သာရေး၊ နာရေး၊ သဘာဝဘေး၊ လူမှုထူထောင်ကူညီထောက်ပံ့ရေး၊ ဆေးခန်း၊ သက်ကြီးရွယ်အိုကူညီစောင့်ရှောက်ရေး စသည့်ရည်မှန်းချက်များဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာထိ မျှော်မှန်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဒုက္ခရောက်နေသူများအပေါ် စာနာစိတ်ပွားမေတ္တာထားနိုင်သူမှန်သမျှကိုအဖွဲ့ဝင်ရန် ဖိတ်ခေါ်ကြောင်း ဥဒေါင်းရှင်ကူအဖွဲ့နာယကတစ်ဦးဖြစ်သူ ဦးအောင်၏ ပြောကြားချက်အရ သိရသည်။

**ဇေယျာတု(မကွေး)**

# အထူးကုန်စည်အခွန်အကောက်ဥပဒေ အသိပညာပေးရှင်းလင်းပွဲကျင်းပ

**အရာတော် ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် အခွန်ဦးစီးဌာနမှပြုလုပ်သော အထူးကုန်စည်ခွန်ဥပဒေနှင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၁ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး ဦးစီးမှူး ဦးမြင့်ဆွေဝင်းက ပုံမှန်အခွန်ထမ်းဆောင်နေသူ အခြေခံဝင်ငွေနည်းပါးသူ ပြည်သူများ အများဆုံးသုံးသည့် စာချုပ်စာတမ်းများအပေါ် ထမ်းဆောင်ရမည့် တံဆိပ်ခေါင်းခွန်နှုန်းထားများ၊ ကျသင့်အခွန်ပေးဆောင်ထားခြင်း၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသည့် အထူးကုန်စည်များ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုရေးအတွက် အထူးကုန်စည်ခွန်ဥပဒေအရ အကြောင်းအရာများကို အသိပေးရှင်းလင်း ဆွေးနွေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများ၊ မြို့ပေါ်လုပ်ငန်းရှင်အဖွဲ့များ တက်ရောက်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# သပြေချောင်းကျေးရွာတွင် ရွာတွင်းလမ်း ၁၅ လမ်းပြီးစီး၍ဒေသခံများသွားလာရေးအဆင်ပြေ

**တပ်ကုန်း ဇွန် ၃**

နေပြည်တော်တပ်ကုန်းမြို့နယ် သပြေချောင်းအုပ်စု၊ သပြေချောင်းကျေးရွာပြည်သူများ မြို့ပေါ်နှင့် အခြားကျေးရွာများသို့ သွားလာရာတွင် လွယ်ကူချောမွေ့စေရန် လူထုဗဟိုပြု စီမံကိန်းထောက်ပံ့ငွေဖြင့် ကျေးရွာအတွင်းမှ ရွာထိပ် ရန်ကုန်-မန္တလေးကားလမ်းအထိ ဆက်သွယ်ထားသည့် အဓိကလမ်းမကြီးနှစ်ခုနှင့် လမ်းသွယ်၊ လမ်းမြောင် စုစုပေါင်း ၁၅ လမ်းအား မေလနောက်ဆုံးပတ်က အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသဖြင့် ဒေသခံပြည်သူများ၏ သွားလာရေး အဆင်ပြေနေပြီဖြစ်ကြောင်း သိရသည်။



“ကျွန်တော်တို့ကျေးရွာ ဒေသခံပြည်သူက စပါး၊ အာလူး၊ ကြက်သွန်၊ ငရုတ်နဲ့ ပဲသီးနှံမျိုးစုံ စိုက်ပျိုးတဲ့အပြင် တစ်ပိုင်တစ်နိုင် ဝက်၊ နွားမွေးမြူပြီး အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ပါတယ်။ လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ် ထောက်ပံ့ငွေဖြင့် ကျေးရွာအတွင်းမှရွာထိ ရန်ကုန်-မန္တလေးကားလမ်းအထိ ဆက်သွယ်ထားတဲ့ အဓိကလမ်းမကြီးနှစ်ခုနဲ့ လမ်းသွယ်၊ လမ်းမြောင် စုစုပေါင်း ၁၅ လမ်းရှိပါတယ်။ စုစုပေါင်းလမ်းအရှည် ပေ ၈၁၀၀ကို လမ်းအမျိုးအစားခွဲခြားပြီး ၆×၉ ကျောက်၊ ရိစာမြေနှင့် ကျောက်ပြာမှုန့်များဖြင့် အသုံးပြုပြီး ဆောင်ရွက်ထားပါတယ်။ ၆×၉ ကျောက် တစ်ကျင်းငွေကျပ် ၂၂၃၀၀၊ ရိစာမြေ တစ်ကျင်းငွေကျပ် ၄၅၀၀၊ ကျောက်ပြာမှုန့် တစ်ကျင်းငွေကျပ် ၁၁၉၅၀ နဲ့ ဝယ်ယူပြီး နေ့စားလုပ်အားခ တစ်ဦးကိုကျပ် ၄၀၀၀ ဖြင့် လမ်းများအဆင့်တိုးမြှင့်လုပ်ဆောင်ထားပါတယ်။ ကျေးရွာအတွင်းမှ အသုံးပြုမည့်ပြည်သူ ၂၈၈၆ ဦးကျော်နဲ့ ရွှေမြို့ (ရှ)၊ ရွှေမြို့(န)၊ ဘူတာ၊ ဘောဂ၊ သရက်ပင်၊ ဝက်စု၊ ကံလှကျေးရွာတို့မှ ပြည်သူများလည်း အကျိုးခံစားရမည်ဖြစ်ပြီး မြို့ကြီးစာသင်ကျောင်းနဲ့ ဈေးများသို့လည်း အဆင်ပြေစွာသွားလာနိုင်ပြီဖြစ်၍ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဒေသထွက်ကုန်စီးဆင်းမှုများလည်း ယခင်ကထက် ပိုမိုဖွံ့ဖြိုးလာတော့မှာပါ” ဟု သပြေချောင်းကျေးရွာမှ ဦးမြင့်သိန်းက ပြောသည်။

**တင်စိုးလွင်**

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး

### ငါ့မြင်း ငါ့အစိုင်းကောင်းလို့ တိမ်ကော ကွယ်ပျောက် စစ်ကိုင်းရောက်

ဆိုရှယ်လစ်ခေတ်က စတင်ပြီး မြန်မာနိုင်ငံရဲ့ အစိုးရဌာနတွေမှာ တဖြည်းဖြည်းချင်း လုံးပါးပါးရာက ကနေ့အခါမှာတော့ လုံးဝပျောက်ဆုံးသွားတဲ့ ဓလေ့တစ်ခုကတော့ အောက်အဆင့်ဆင့်ကို လုပ်ပိုင်ခွင့်လွှဲပေးတဲ့ အလေ့အထပဲ ဖြစ်ပါတယ်။ ဗဟိုဦးစီးစနစ်ကို တစိုက်မတ်မတ် ကျင့်သုံးခဲ့တာက တစ်ကြောင်း၊ ဆိုရှယ်လစ်ခေတ် မတိုင်ခင် ၁၉၆၂ ခုနှစ် အာဏာသိမ်းချိန်က စတင်ပြီး ဌာနဆိုင်ရာတွေမှာ မိုးကျရွှေကိုယ်တွေကို နေရာပေးခဲ့ကြတဲ့ အစဉ်အလာက အရိုးစွဲသွားပြီဖြစ်တာကြောင့်တစ်ကြောင်း ထိုက်သင့်တဲ့ လုပ်ပိုင်ခွင့်ကို အောက်အဆင့်ဆီလွှဲပေးတဲ့ အလေ့အထဟာ တိမ်ကောကွယ်ပျောက်သွားခဲ့ပါတယ်။ အရာရာကို ထိပ်ကလူကပဲဆုံးဖြတ်၊ အောက်ကလူတွေက သူခိုင်းတာကိုပဲ လုပ်ရတဲ့ဘဝမှာ အစိုးရဝန်ထမ်းတွေ အသားသေကုန်ကြပါတော့တယ်။

သိပ်ရင်နာစရာ ကောင်းတာက သက်ဆိုင်ရာဌာနအသီးသီးမှာ တကယ်တတ်ပွန် ကျွမ်းကျင်သူတွေက နောက်တန်းကို ရောက်သွားပြီး သူတို့ကသာ ခြယ်လှယ်လွှမ်းမိုးကာ ပညာရှင်တွေကို အာဏာပြ၊ အမိန့်ပေး၊ မဖြစ်နိုင်တာတွေကို ဇွတ်အတင်းလုပ်ခိုင်းခဲ့တဲ့ ဆယ်စုနှစ်များစွာကြောင့် တိုင်းပြည်ရဲ့ အဖွဲ့အစည်း ထုံးဓလေ့တွေပျက်ချင်တိုင်း ပျက်ကုန်တဲ့အပြင် သယံဇာတ ပေါကြွယ်ဝလှပါတယ်လို့ ကြွားလုံးတွေ ထုတ်နေရင်းကပဲ ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံစာရင်းထဲ ခုန်ဆင်းသွားခဲ့ဖူးတာပါပဲ။ သို့ပေမယ့် ဘာကြောင့် ဘယ်လိုဖြစ်ကုန်တယ်ဆိုတာ မသိတာဘဲလား၊ သိရက်နဲ့တစ်ဘဝစာ သူဌေးဖြစ်ကြံနေကြရတာကိုသာ သာယာနေကြလို့ပဲလားတော့ မသိဘူးခင်ဗျ။ အရင် အစဉ်အလာအတိုင်း တည်မြဲနေဆဲဆိုတာ တစ်ပြည်လုံး အသိပါပဲ။

မိုးကျရွှေကိုယ်တွေထဲမှာလည်း အားလုံးမဟုတ်ဘူးဆိုရင်တောင် အများစုက သူတို့ကိုယ်သူတို့ အလုံးစုံ ထိုးထွင်းသိမြင်တဲ့ သူတွေလို့ မှတ်နေကြတာလည်း ကြုံဖူးတာ ခဏခဏ။ နိုင်ငံခြားက သက်ဆိုင်ရာလုပ်ငန်း ကျွမ်းကျင်သူ ပညာရှင်တွေက ဌာနဆိုင်ရာလုပ်ငန်းတွေ အဆင်ပြေ ချောမွေ့လာစေရေးအတွက် ပေးတဲ့အကြံကောင်း ဉာဏ်ကောင်းများတောင် မျက်နှာထား ရှစ်ခေါက်ချိုးနဲ့ ပယ်ချတဲ့သူတွေကို မျက်ဝါးထင်ထင် မြင်ဖူးပါရဲ့။

ထားပါတော့ဗျာ။ ဒီအကြောင်းတွေက လူတိုင်းအသိမို့ သိပ်ပြီး ဇာမချဲ့လိုတော့ပါဘူး။ ဒီတစ်ပတ်မှာ အလေးအနက်ထားပြီး ပြောချင်တဲ့ အကြောင်းက တိမ်ကောပျောက်ကွယ်နေပြီဖြစ်တဲ့ "အောက်အဆင့်ကို ထိုက်သင့်တဲ့ လုပ်ပိုင်ခွင့်ပေးအပ်ရေး"ပဲ ဖြစ်ပါတယ်။

### တရားကိုယ်

ဘယ်မန်နေဂျာ၊ ဘယ်အထက်လူကြီးမှ သူ့ကိုပေးအပ်ထားတဲ့ လုပ်ငန်းတာဝန်အားလုံးကို တစ်ယောက်တည်း လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်း မရှိပါဘူး။ လျာထားချက်တွေ၊ ရည်မှန်းချက်တွေ ပေါက်မြောက်ဖို့အတွက် အထက်လူကြီးတွေဟာ လုပ်ပိုင်ခွင့်(အာဏာ)ကို လွှဲပေးရပါတယ်။ လုပ်ပိုင်ခွင့်အာဏာလွှဲပေးတယ်ဆိုတာ ကိုယ့်လက်အောက်ငယ်သားထံ ဩဇာအာဏာ ခွဲဝေပေးတာပဲ ဖြစ်ပါတယ်။ တစ်နည်းပြောရင် ကိုယ့်အလုပ်ထဲက တချို့အပိုင်းတွေကို တခြားတစ်ယောက်ဆီယုံမှတ် အပ်နှံလိုက်တာလည်းပဲ ဖြစ်ပါတယ်။ အာဏာလွှဲပေးတယ် ဆိုတာဟာ ရလဒ်ကောင်းတွေ ပေါ်ထွက်လာစေရေးအတွက် ဩဇာ

> ဘယ်မန်နေဂျာ၊ ဘယ်အထက်လူကြီးမှ သူ့ကိုပေးအပ်ထားတဲ့ လုပ်ငန်းတာဝန်အားလုံးကို တစ်ယောက်တည်း လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းမရှိပါဘူး။ လျာထားချက်တွေ၊ ရည်မှန်းချက်တွေ ပေါက်မြောက်ဖို့အတွက် အထက်လူကြီးတွေဟာ လုပ်ပိုင်ခွင့်(အာဏာ)ကို လွှဲပေးရပါတယ်။ လုပ်ပိုင်ခွင့်အာဏာလွှဲပေးတယ်ဆိုတာ ကိုယ့်လက်အောက်ငယ်သားထံ ဩဇာအာဏာ ခွဲဝေပေးတာပဲ ဖြစ်ပါတယ်။




အာဏာတွေကို လက်အောက်ငယ်သားများထံ ခွဲဝေပေး၊ လျာထားသတ်မှတ်ပေးတာပဲလို့ ဖွင့်ဆိုနိုင်ပါတယ်။

### လုပ်ပိုင်ခွင့် အာဏာ လွှဲပေးတဲ့အခါ သည်အချက်တွေ ပါတယ်

**(၁)အာဏာ။** စီးပွားရေးလုပ်ငန်းမှာပဲဖြစ်ဖြစ်၊ ဌာနတစ်ခုမှာပဲဖြစ်ဖြစ် အာဏာဆိုတာဟာ (ဝန်ထမ်းအင်အား၊ ငွေကြေး၊ ရုံးသုံးပစ္စည်းစတဲ့) အရင်းအမြစ်တွေကို ထိထိရောက်ရောက် ခရီးပေါက်အောင်သုံးစွဲနိုင်၊ လျာထားသတ်မှတ်ပေးနိုင်တဲ့ လုပ်ငန်းဌာနရဲ့ ရည်မှန်းချက်တွေ ရရှိဖော်ဆောင်နိုင်ရေးအတွက် ဆုံးဖြတ်ချက်ချမှတ်နိုင်၊ အမိန့်ပေးနိုင်တဲ့ လူတစ်ယောက်ရဲ့ ဩဇာနဲ့ အခွင့်အရေးလို့ ဖွင့်ဆိုရပါလိမ့်မယ်။အာဏာကို ကျကျနန ဖွင့်ဆိုပေးထားဖို့တော့ လိုပါတယ်။ အာဏာရှိသူအားလုံးအနေနဲ့ သူတို့အာဏာက ဘယ်လောက်အထိရှိတယ်ဆိုတာကို သိဖို့လိုသလို အာဏာကို အလွဲသုံးစား လုပ်ခွင့်မရှိဘူးဆိုတာကို ရင်ထဲအသည်းထဲက နားလည်ထားအောင် လုပ်ထားရပါမယ်။ အာဏာဆိုတာ ကွပ်ကဲပိုင်ခွင့်၊ အမိန့်ပေးပိုင်ခွင့်၊ အလုပ်ပြီးအောင် စီမံဆောင်ရွက်ပိုင်ခွင့်ပါပဲ။ ထိပ်တန်းအဆင့် စီမံခန့်ခွဲရေး (အများနားလည်အောင် ပမာခိုင်းရရင် ဌာနဆိုင်ရာတွေမှာ ညွှန်ချုပ်တွေ၊ ဦးဆောင်ညွှန်ကြားရေးမှူးတွေ၊ စီးပွားရေးလုပ်ငန်းတွေမှာ အမှုဆောင်အရာရှိချုပ်တွေ၊ ညွှန်ကြားရေးမှူးတွေပေါ့) မှာ အမြင့်ဆုံး အာဏာရှိပါတယ်။

အာဏာက အထက်မှအောက်ကို စီးဆင်းစမြဲပါ။ အထက်လူကြီးအနေနဲ့ ကိုယ့်လက်အောက်ငယ်သားကို ဘာဖြစ်စေချင်တယ်၊ ဘယ်လို လုပ်စေချင်တယ်ဆိုတာကို ကျကျနန ရှင်းပြပြီး အလုပ်ကိုလုပ်ဆောင်စေတာပဲ ဖြစ်ပါတယ်။ အာဏာနဲ့အတူ တွဲပါနေတာက တာဝန်ပါ။ အာဏာကြီးလေလေ တာဝန်ကြီးလေလေဆိုတဲ့ သဘောပါပဲ။ တစ်ယောက်ယောက်ဆီ အာဏာနဲ့ လုပ်ပိုင်ခွင့်ကို လွှဲပေးလိုက်တဲ့အတွက် ငါတော့လွတ်ပြီ ကျွတ်ပြီ၊ ဘာဖြစ်လာလာ ငါ့အတာ မဟုတ်တော့ဘူးဆိုပြီး တာဝန်ခံမှုက ရှောင်လွှဲလို့ မရပါဘူး။ အဲသလို အတာချခံရမှု၊ တစ်နည်းပြောရင် တာဝန်ခံမှုဟာ အမြင့်ဆုံးအာဏာပိုင်ဆီမှာသာ ရှိပါတယ်။

(အဲ. . . သွားလေသူကြီးတစ်ဦးကတော့ ၁၉၈၈ ခုနှစ်က သူ့ရဲ့သမိုင်းဝင်နောက်ဆုံး မိန့်ခွန်းမှာ အောက်ကလူတွေက သူ့ကိုလိမ်လည် တင်ပြခဲ့ကြလို့ ဖြစ်ကုန်တာဆိုပြီး အောက်လက်ငယ်သားတွေအပေါ် အကုန်လုံးပုံချပြီး သကာလ ခေါင်းဆောင်ကောင်းပီပီ ကိုယ်လွတ်ရုန်းသွားဖူးတာ အထင်အရှားခင်ဗျ။ အပေါဝတ ကောင်းလေစွတကား။)

၂။ **တာဝန်။** တာဝန်ဆိုတာက မိမိကို ခိုင်းလိုက်တဲ့ အလုပ်ကို အထမြောက်ပြီးဆုံးအောင် လုပ်ရမယ့် ဝတ္တရားကို ဆိုလိုပါတယ်။ တာဝန်ပေးခံထားရသူအနေနဲ့ ကိုယ့်ကိုပေးထားတဲ့ အလုပ်တွေ အားလုံးကို မလွဲမသွေ အောင်မြင်စွာ လုပ်ကိုင်ဆောင်ရွက်ပြီးစီးအောင် လုပ်ဆောင်ရတော့မှာပဲ ဖြစ်ပါတယ်။ မိမိကိုတာဝန်ပေးထားတဲ့ အလုပ်တွေကို ပြီးမြောက်အောင် မလုပ်ဆောင်နိုင်ရင် အဲဒီတာဝန်ကို ယူထားသူအနေနဲ့ ရှင်းလင်းချက်တွေ၊ ဆင်ခြေတွေ ဘယ်လိုမှပေးလို့ မရပါဘူး။ တာဝန်တော့ ပေးပါရဲ့ လုံလောက်တဲ့ အာဏာကို ပေးမထားဘူးဆိုရင် တာဝန်ပေးခံရသူမှာ အားမလို အားမရတွေဖြစ်ရ၊ မကျေမနပ်တွေ ဖြစ်ကုန်ရတတ်တယ်။ တာဝန်ကျတော့ အာဏာလို အပေါ်ကအောက်ကို စီးဆင်းတာ မဟုတ်ဘူး။ အောက်ကနေ အထက်ကို ဆန်တက်သွားတဲ့ သဘာဝရှိပါတယ်။အလယ်အဆင့်နဲ့ အောက်အဆင့် စီမံခန့်ခွဲရေး (ဌာနဆိုင်ရာတွေမှာဆိုရင် ညွှန်မှူး၊ ဒုညွှန်မှူးအဆင့်က အလယ်အဆင့်၊ လက်ညွှန်နဲ့ ဦးစီးအရာရှိအဆင့်ဆိုရင် အောက်အဆင့်လို့ အကြမ်းဖျင်း ပြောနိုင်မှာဖြစ်သလို စီးပွားရေး လုပ်ငန်းတွေမှာဆိုရင်တော့ မန်နေဂျာအဆင့်က အလယ်၊ ကြီးကြပ်ရေးမှူးက အောက်လို့ ပြောနိုင်မလားပဲ) တွေမှာက တာဝန်ပိုများပါတယ်။

အလုပ်တစ်ခုအတွက် တာဝန်ပေးခံထားရသူဟာ အဲဒီအလုပ်အတွက် ဖြေကြားရမယ့် တာဝန်လည်းရှိပါတယ်။ ပေးထားတဲ့တာဝန်ကို အောင်မြင်အောင် ထမ်းဆောင်နိုင်ရင် သူ့ကိုချီးကျူးရမှာ ဖြစ်သလို မျှော်လင့်ထားတဲ့အတိုင်း အလုပ်ကိုပြီးအောင် မလုပ်နိုင်ဘူးဆိုရင် တာဝန်ယူ၊ တာဝန်ခံပြီး ထုချေရှင်းလင်းရတော့မှာပါ။

၃။ **တာဝန်ခံမှု။** တာဝန်ခံမှုဆိုတာက မူလကတည်းက ချမှတ်ပြီးဖြစ်တဲ့ မျှော်မှန်းချက်များအတိုင်း ပြီးမြောက်အောင် အမှန်တကယ် ဆောင်ရွက်တဲ့အခါမှာ တစ်ခုခုချွတ်ချော်တိမ်းပါးတာ၊ လွဲသွားတာ၊ အဆင်မပြေတာတွေအတွက် ထုချေရှင်းလင်းခြင်းကို ဆိုလိုပါတယ်။ အဲဒီ တာဝန်ခံမှုကိုကျတော့ တခြားတစ်ယောက်ဆီ လွှဲပေးလို့မရတော့ပါဘူး။

ဆိုကြပါစို့ဗျာ. . . အလုပ်တစ်ခုကို အောင်အောင်မြင်မြင်ဆောင်ရွက်ဖို့ လုံလောက်တဲ့ လုပ်ပိုင်ခွင့်အာဏာနဲ့တကွ ဒေါ်မယ်ခကို အထက်က (ဗဟိုက) တာဝန်ပေးလိုက်တယ်။ ဒေါ်မယ်ခက သူ့လက်အောက်က ဦးဘကို အဲဒီအလုပ်ကို အထမြောက်အောင်လုပ်ဖို့ ထပ်ဆင့်တာဝန်ပေးတယ်။ ဒီတော့လုပ်ရမယ့်တာဝန်က ဦးဘဆီမှာ ရှိတယ်။ သို့သော် ဦးဘ အဲဒီအလုပ်ကို လုပ်တာလွဲသွားခဲ့လို့ အလုပ်မပြီးရင် ဖွေယူခံရမယ့် အရေးကိုတော့ ဒေါ်မယ်ခဟာ ဦးဘဆီ လွှဲပေးလို့ မရတော့ဘူး။ အထက်က သူ့ကိုခိုင်းတာ၊ သူကဦးဘကို ထပ်ဆင့်ခိုင်းလိုက်တာ။ အဲဒီတော့ အဲဒီအလုပ်နဲ့ပတ်သက်လို့ အထက်ကသိတာက ဒေါ်မယ်ခ လုပ်တယ်ဆိုတာပဲ။ တစ်ခုခုချော်သွားလို့ တာဝန်ခံရတော့မယ်ဆိုတာနဲ့ ဒေါ်မယ်ခဟာ ဦးဘကိုပုံချလို့ မရတော့ဘူး။ ဒီသဘောကို ဆိုလိုပါတယ်။ အင်မတန်လည်း သိမ်မွေ့ပါတယ်။

ထိပ်ဆုံးအဆင့် စီမံခန့်ခွဲရေးက ပုဂ္ဂိုလ်တွေက တာဝန်အခံရဆုံးလူတွေပါပဲ။ တာဝန်ခံတယ်ဆိုတာဟာ နောက်ဆုံးပေါ်ထွန်းလာတဲ့ ရလဒ်အတွက် တာဝန်ယူပေးရတာပါပဲ။ တာဝန်မခံဘဲ ကိုယ်လွတ်ရုန်းလို့ မရပါဘူး။ တာဝန်ရှိတာနဲ့အမျှ တာဝန်လည်း ခံရတော့မှာပါပဲ။

### လုပ်ပိုင်ခွင့် အာဏာပေးတာ

လုပ်ပိုင်ခွင့် အာဏာပေးတာဟာ အထက်-အောက် ဆက်ဆံရေးရဲ့ အခြေခံပါ။ အောက်ပါအဆင့်တွေ ပါဝင်ပါတယ်။

**(၁) အလုပ်တာဝန်ပေးခြင်း။** လုပ်ပိုင်ခွင့်အာဏာ လွှဲပေးသူဟာ ကိုယ့်လက်အောက်ငယ်သားကို အလုပ်တာဝန်တွေက ဘယ်ကဲ့သို့ ဘယ်ချမ်းသာဆိုတာ တိတိပပရှင်းပြပေးပါတယ်။ ဒါ့အပြင် ဘယ်လိုရလဒ်မျိုး လိုချင်တယ်ဆိုတာကိုပါ တစ်ပါတည်းပြောထားပါတယ်။ အလုပ်တာဝန်ကိုသာမက ရလဒ်ကိုပါ ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းလင်းလင်း ရှိနေစေခြင်းဟာ လုပ်ပိုင်ခွင့်အာဏာအပ်နှင်းမှုရဲ့ ပထမဆုံးအဆင့်ပါပဲ။

**(၂) လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းခြင်း။** အထက်လူကြီးက သူ့အာဏာကို ပိုင်းခြားခွဲထုတ်လိုက်ပြီး အောက်လူဆီခွဲဝေပေးတာဟာ လုပ်ပိုင်ခွင့်အာဏာခွဲဝေပေးတာပါပဲ။ (အထက်လူကြီးမှာ ရှိရှိလေသမျှအာဏာအားလုံးကိုပေးလိုက်တာ မဟုတ်ပါဘူး။ ခိုင်းထားတဲ့ အလုပ်နဲ့ ကိုက်ညီတဲ့ အာဏာကိုပေးတာသာ ဖြစ်ပါတယ်။) ဒီအတွက်ကြောင့် အထက်လူကြီးတွေက ပေးအပ်လိုက်တဲ့ လုပ်ငန်းတာဝန်တိုင်းကို ထမ်းဆောင်ကြရာမှာ လက်အောက်ငယ်သားတိုင်းမှာ ထိုက်သင့်တဲ့ မှီခိုမှု ကင်းရှင်းလွတ်လပ်စွာ လုပ်ပိုင်ခွင့် ရှိနေဖို့ လိုပါတယ်။ အဆင့်တိုင်းမှာရှိတဲ့ စီမံခန့်ခွဲသူတွေဟာ မိမိတို့ရဲ့ ရာထူးနဲ့တွဲနေတဲ့ ဩဇာအာဏာကို အောက်အဆင့်များဆီ လွှဲပေးကြရပါတယ်။ အဲသလို လွှဲပေးမှလည်း ထိရောက်တဲ့ ရလဒ်တွေ ပေါ်ထွက်လာမှာပါ။

(အလွယ်နမူနာ ပြောရရင် ဟိုတယ်တစ်လုံးရဲ့ မန်နေဂျာချုပ်ဟာ ဧည့်ကြို၊ စားသောက်ဆိုင်၊ သန့်ရှင်းရေး၊ မွမ်းမံထိန်းသိမ်းရေး အစရှိတာများ အားလုံးအတွက် တာဝန်ရှိလင့်ကစား သူကိုယ်တိုင်တော့ အကုန်လိုက်မလုပ်နိုင်ဘူး။ ဒီအခါ သက်ဆိုင်ရာကဏ္ဍများအတွက် လက်အောက်မန်နေဂျာတွေ ထားရတယ်။ လက်အောက်မန်နေဂျာကလည်း အကုန်မလုပ်နိုင်ဘူး။ ဟိုတယ်စားသောက်ဆိုင်အတွက် တာဝန်ယူထားရတဲ့ မန်နေဂျာဟာ မီးဖိုထဲကိုယ်တိုင် ဝင်မချက်နိုင်ဘူး။ စားပွဲခင်းတွေ လျှော်တာ၊ မီးပူတိုက်တာခင်းတာ၊ ဇွန်းခက်ရင်းတွေ ချတာအထိပါ လိုက်လုပ်နေလို့လည်း မရဘူး။ သူ့အောက်ကလူတွေကို ဆက်ပြီး တာဝန်ပေးရပြန်တယ်။ တာဝန်ပေးတဲ့အခါ စားဖိုမှူးကို လုပ်ပိုင်ခွင့် အပြည့်ပေးဖို့လိုတယ်။ ဈေးဝယ်တာကအစ စားဖိုမှူးလိုအပ်တဲ့အတိုင်း လွတ်လွတ်လပ်လပ် ဆုံးဖြတ်မှာကြားခွင့်ရှိနေမှ ဖြစ်မှာပါ။ နေရာတကာ ဝင်ပါနေရင် သူ့ကို အောက်လက်ငယ်သားက လေးစားတော့မှာ မဟုတ်သလို လုပ်ငန်းလည်း အဆင်ပြေတော့မှာ မဟုတ်ပါဘူး။ တစ်ဖက်ကလည်း ကြက်သားလေး ငါးပိဿာ၊ ဆီလေးတစ်ပုံး ဝယ်ရပါမယ်အရေး မန်နေဂျာချုပ်ဆီအထိ အတည်ပြုချက် တောင်းနေရမယ်ဆိုရင် အဲဒီဟိုတယ် လည်ပတ်နိုင်ပါဦးတော့မလား။)

**(၃) တာဝန်ဖန်တီးခြင်း၊ တာဝန်ခံမှု၊ တာဝန်ယူမှု ပြဋ္ဌာန်းခြင်း။** ဩဇာအာဏာ လုပ်ပိုင်ခွင့်တွေ ပေးလိုက်တာမှာတင် လုပ်ပိုင်ခွင့်အာဏာ လွှဲပေးခြင်းက အဆုံးသတ်မသွားပါဘူး။ တာဝန်ပေးတယ်ဆိုတာ အထက်လူရဲ့ ညွှန်ကြားချက်အတိုင်း မိမိလုပ်ရမယ့်အလုပ်ကို အကောင်းဆုံးလုပ်ရမယ်ဆိုတာနဲ့ တွဲနေပါတယ်။ အဲဒါက မပျက်မကွက် ထမ်းဆောင်ရမယ့် တာဝန်ရဲ့သဘောပါပဲ။ တစ်နည်းပြောရင် မဖြစ်မနေလုပ်ကို လုပ်ရမယ့် ဝတ္တရားပါပဲ။ အဲဒီဝတ္တရားကို ရှောင်လွှဲလို့ မရပါဘူး။ တစ်ဖက်ကကျပြန်တော့ လုပ်ရည်ကိုင်ရည် စံသတ်မှတ်ချက်တွေနဲ့အညီ မဖြစ်မနေ လုပ်ဆောင်ရမယ်ဆိုတာက တာဝန်ခံမှု၊ တာဝန်ယူမှု ဖြစ်လာပါတယ်။

စာမျက်နှာ ၂၀ သို့

## ဗဟိုအဆင့် တီဘီရောဂါတိုက်ဖျက်ရေး ကွင်းဆင်းကြီးကြပ်

**လှိုင်ကော် ဇွန် ၃**
ဗဟိုအဆင့် တီဘီရောဂါတိုက်ဖျက်ရေး ကွင်းဆင်းကြီးကြပ်ခြင်းကို မေ ၃၀ ရက် နံနက် ၉ နာရီက လှိုင်ကော်ခရိုင်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ပြုလုပ်ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာဝေဝေလွင်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ တီဘီရောဂါတိုက်ဖျက်ရေးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဗဟိုအဆင့်ကနေပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် တာဝန်ယူဆောင်ရွက်နေသော တီဘီရောဂါတိုက်ဖျက်ရေးဝန်ထမ်းများကို လာရောက်ကွင်းဆင်းကြီးကြပ်ခြင်းဖြစ်ကြောင်း၊ ကယားပြည်နယ်မှာ မြို့နယ်နှစ်မြို့နယ်၊ လှိုင်ကော်နှင့် ဒီးမော့ဆိုတွင် ရပ်ကွက်နှင့် ကျေးရွာအဆင့် စေတနာ့ဝန်ထမ်း ၃၀ ကို သင်တန်းပေးထားကြောင်း၊ ယင်းသင်တန်းမှရရှိလာသည့် ဗဟုသုတများနှင့် တီဘီရောဂါ သံသယရှိလူနာများ ရှာဖွေရမည်ဖြစ်ကြောင်း၊ သံသယဖြစ်ဖွယ်လူနာ တွေ့ရှိလာပါက သလိပ်စစ်ခြင်း၊ ပိုးတွေ့လာပါက အချိန်တိုအတွင်း ကြည့်ရှုကုသပေးခြင်း၊ တီဘီဆေးအခမဲ့ကုသပေးခြင်းများ ပြုလုပ်ပေးနေကြောင်း မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေလွင်က ပြောသည်။ **လှိုင်ကော်ခရိုင်(ပြန်/ဆက်)**

## ကျောင်းသား/ကျောင်းသူများ စာရိတ္တမြှင့်တင်ရေး ရောင်းသူမဲ့ဈေးဆိုင်ဖွင့်



**ကျောက်တံခါး ဇွန် ၃**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ စာရိတ္တမြှင့်တင်ရေးအတွက် ရောင်းသူမဲ့ဈေးဆိုင်ကို ကျောက်တံခါးမြို့ အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့က ဇွန် ၁ ရက်မှ စ၍ ဖွင့်လှစ်ခဲ့ရာ စာရေးကိရိယာပစ္စည်းမျိုးစုံကို ရောင်းချခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ အဓိကရည်ရွယ်ချက်က ကျောင်းသား၊ ကျောင်းသူတွေ ဈေးနှုန်းချိုသာစွာနဲ့ အလွယ်တကူ ကျောင်းမှာဝယ်ယူရရှိနိုင်ပြီး စာရိတ္တမြှင့်တင်ရေးကို အထောက်ကူပြုဖြစ်စေဖို့ ကျောက်တံခါးမဘသအဖွဲ့ဝင်တွေစုပေါင်းပြီး ဆောင်ရွက်ကြတာဖြစ်ပါတယ်။ ဝယ်ရင်းဈေးနှုန်းတွေကိုပြပြီး ဝယ်ရင်းဈေးနဲ့ လျှော့ပြီးရောင်းချပေးပါတယ်။ ကျောင်းစဖွင့်တဲ့နေ့မှာပဲ ခုနစ်သောင်းခွဲဖိုးရောင်းရပြီး ရောင်းချပစ္စည်းစာရင်းအတိုင်း အလိုမရှိ ငွေပြည့်စုံစွာရရှိလို့ ကျောင်းသား၊ ကျောင်းသူတွေရဲ့ စာရိတ္တပိုင်းကောင်းမွန်မှုကို အမှန်ပဲဝမ်းသာကျေနပ်မိပါတယ်။ ဆက်လက်ပြီးတော့လည်း ရောင်းချပေးသွားမှာပါ" ဟု မဘသဥက္ကဋ္ဌ ဦးသန်းနိုင်က ပြောသည်။ **ခင်ကို(ကျောက်တံခါး)**

## မီးဘေးသင့် မန္တလေးမင်္ဂလာဈေး ယာယီဈေးဆောက်ရန် တင်ဒါရွေးချယ်ပြီးစီး

**မန္တလေး ဇွန် ၃**
မီးဘေးသင့် မင်္ဂလာဈေး ပြန်လည်တည်ဆောက်မှု မပြီးခင် ဈေးသူ၊ ဈေးသားများ ဈေးရောင်းနိုင်ရန် ယာယီဈေးတည်ဆောက်မည့် ဆောက်လုပ်ရေးကုမ္ပဏီများအား မေ ၃၀ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေး အစည်းအဝေးခန်းမ၌ သတင်းမီဒီယာများရှေ့မှောက်တွင် တင်ဒါစနစ်ဖြင့် ရွေးချယ်ခဲ့ကြောင်း သိရသည်။

ယာယီဈေးတည်ဆောက်မည့် ဆောက်လုပ်ရေးကုမ္ပဏီများအား တင်ဒါစနစ်ဖြင့် ရွေးချယ်သည့် အခမ်းအနားတွင် တက်ရောက်လာသော ဆောက်လုပ်ရေးလုပ်ငန်းရှင်များက ပွင့်လင်းမြင်သာစွာ အိတ်ဖွင့်တင်ဒါ သုံးကြိမ်တင်သွင်းကြရာ အတည်ဆိုင်ခန်း ၆ ပေ × ၈ ပေ ဆိုင်ခန်း ၃၃၆ ခန်း ဆောက်လုပ်ရန် မြန်မာ့ခေတ်ဆောက်လုပ်ရေးကုမ္ပဏီက ကျပ်သိန်း ၁၄၇၃ ဒသမ ၆၈ သိန်းဖြင့် တင်ဒါအောင်မြင်ခဲ့ပြီး ပုံကျဆိုင်ခန်း ၆ ပေ × ၆ ပေ ဆိုင်ခန်း ၂၆၀ ကို KT ကုမ္ပဏီနှင့် မဟာမြတ်သီဂီကုမ္ပဏီတို့က ကျပ်သိန်း ၇၈၀ဖြင့် ပူးတွဲတင်ဒါအောင်မြင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ယာယီဈေးဆိုင်ခန်းများကို မန္တလေးမြို့ ၃၅ လမ်းရှိ မဟာနွယ်စဉ်အားကစားကွင်းတွင် တည်ဆောက်မည်ဖြစ်ပြီး ဇွန် ၁ ရက်မှစတင်ကာ နှစ်လအတွင်း အပြီးတည်ဆောက်ရမည်ဖြစ်ကာ သတ်မှတ်ကာလထက်နောက်ကျပါက တစ်ရက် ဒဏ်ငွေကျပ်တစ်သိန်း ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။ **(၀၀၂)**

## အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်သင်တန်း ပို့ချ

**ဝါးခယ်မ ဇွန် ၃**
ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် စပါးရိုကျေးရွာအုပ်စု တစ်ပိုင်တစ်နိုင်ငါးသားဖောက်စခန်း backyed hatchary တွင် အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်ခြင်းသင်တန်း (၂ / ၂၀၁၆)ကို မေ ၃၀ ရက် နံနက်က ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် တလုပ်လှငါးလုပ်ငန်း စခန်းတာဝန်ခံ ဒေါ်အေးအေးမင်းနှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဦးတို့က ငါးခုံးမကြီးမျိုး ငါးအထီး ၁၉ ကောင်၊ အမ ၁၂ ကောင်အား ပေးအပ်ကာ သင်တန်းသားများကို မျိုးငါးရွေးချယ်ပုံနည်းစနစ်၊ မျိုးငါးပြုစုပုံ၊ ငါးမှုန်၊ ငါးသန် ပြုစုခြင်းနည်းစနစ်နှင့် ဆေးထိုးသားဖောက်ခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကို ရှင်းလင်းပို့ချပေးခဲ့ရာ စပါးရိုကျေးရွာအုပ်စုမှ ငါးလုပ်ငန်းရှင်များနှင့် ငါးလုပ်သား ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **လွှမ်းသီဟ(ဝါးခယ်မ)**

## ကျောင်းအပ်နှံရေးအလှူငွေပေးအပ်

**လှိုင်သာယာ ဇွန် ၃**
ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် မြို့လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၉ ရက် နံနက် ၉ နာရီက အ. ထ. က-၂ လှိုင်သာယာခန်းမ၌ကျင်းပရာ လှိုင်သာယာစက်မှုဇုန်ကော်မတီက ကျောင်းသုံးပစ္စည်းနှင့် အလှူငွေနှစ်ရပ်ပေါင်းငွေကျပ် ငါးသိန်းအား မြို့နယ်အဆင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးဦးစီးကော်မတီ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနိုင်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၃၂၉)**

## ဓမ္မစကူး ဆရာဖြစ်သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်

**ရေဦး ဇွန် ၃**
ရေဦးမြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးဆရာဖြစ်သင်တန်း သင်တန်းသားများအား သင်တန်းဆင်းဂုဏ်ပြုလက်မှတ်ပေးအပ်ပွဲကို မင်္ဂလာရာမ ပရိယတ္တိစာသင်တိုက် သုံးထပ်ကျောင်းဆောင်သစ်ကြီး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားကို ကြွရောက်လာကြသော ဆရာတော်သံဃာတော်အရှင်သူမြတ်များနှင့် ဧည့်ပရိသတ်အပေါင်းတို့က နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ဓမ္မစကူးဖောင်ဒေးရှင်းဥက္ကဋ္ဌ မုံရွာမြို့ ရန်ကင်းကျောင်းတိုက်ဆရာတော်နှင့် ဓမ္မစကူးဖောင်ဒေးရှင်းဒုဥက္ကဋ္ဌ ရေဦးမြို့ မင်္ဂလာရာမဆရာတော်တို့ထံမှ သင်တန်းဆင်းသြဝါဒစကားများ နာယူမှတ်သားခဲ့ကြသည်။

ယင်းနောက် (၆၅၂/၅၆၃) အကြိမ်မြောက် ဓမ္မစကူးဆရာဖြစ်သင်တန်းဖြစ်မြောက်ရေး ကော်မတီနာယကဆရာတော်ကြီးများကိုယ်စား ဆရာတော် ဦးဝိစိတ္တကရှေ့ဆက်ဆောင်ရွက်သွားမည့် ဓမ္မစကူးလုပ်ငန်းစဉ်ဆိုင်ရာများကို တင်ပြလျှောက်ထားခဲ့ပြီး ဓမ္မစကူးဖောင်ဒေးရှင်း ဒုဥက္ကဋ္ဌ မင်္ဂလာရာမကျောင်းတိုက်ဆရာတော်က ဆရာဖြစ် ဓမ္မစကူးသင်တန်းနည်းပြဆရာများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းသားများအား သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သမ်းထိုက်(ပြန်/ဆက်)**

## အရပ်ဘက်လူမှုအဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ကျင်းပ

**မော်လမြိုင် ဇွန် ၃**
ဒုတိယအကြိမ် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်ကို မွန်ပြည်နယ် မော်လမြိုင်မြို့ ရွှေမြင့်မိုရ်ထွန်းဟိုတယ်၌ မေ ၃၀ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းနေ့ကပြုလုပ်သည့် ငြိမ်းချမ်းရေးဖိုရမ်တွင် မွန်ပြည်နယ်အရပ်ဘက်လူမှုအဖွဲ့အစည်းမှ ညှိနှိုင်းရေးမှူး မင်းအောင်ထူးက ဖိုရမ်ကျင်းပရခြင်းရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦးက ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပြည်သူလူထု၏ ပါဝင်ပူးပေါင်းခြင်း၊ လူငယ်ရေးရာအခန်းကဏ္ဍ၊ အမျိုးသမီးရေးရာပါဝင်ပတ်သက်မှု၊ သဘာဝအရင်းအမြစ် ပါဝင်သက်ရောက်ခြင်း၊ စီမံခန့်ခွဲမှုကဏ္ဍနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပါဝင်ပူးပေါင်းဆောင်ရွက်သင့်ကြောင်း အဓိကထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးဖိုရမ်ညှိနှိုင်းရေးမှူး စပြည့်ဖြိုးအောင်က အမျိုးသားအဆင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ဆောင်ရွက်မှုအခြေအနေများ၊ ပြည်ထောင်စုအဆင့် အပစ်အခတ်တိုက်ခိုက်ရေးရပ်စဲမှု စောင့်ကြည့်ရေးကော်မတီ JMC-U မှ နည်းပညာပေးအကြံပေးအဖွဲ့ခေါင်းဆောင် ဒေါ်နန်ရော်က မြန်မာနိုင်ငံ ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ်၏ လက်ရှိအခြေအနေနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် ကချင်ငြိမ်းချမ်းရေးကွန်ရက်မှ ဒေါ်ခွန်ဂျာက စီးပွားရေးလုပ်ငန်းကြီးများ ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်မှုဖြစ်ပေါ်နေသော နောက်ဆက်တွဲငြိမ်းချမ်းရေးဖြစ်စဉ် အခန်းကဏ္ဍများကို ဆွေးနွေးခဲ့ကြသည်။

ပထမအကြိမ် ဖိုရမ်နောက်ပိုင်း မွန်ပြည်နယ် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ဆောင်ရွက်မှုများကို ကျင်းပရေးကော်မတီဝင်တစ်ဦးက ရှင်းလင်းပြောကြားပြီးနောက် ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းအပေါ် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အမြင်သဘောထားနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်နိုင်မည့်ကဏ္ဍများအား တက်ရောက်လာသူများက အဖွဲ့လိုက် ပထမနေ့အဖြစ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ထွဋ်ထွဋ်(ရေး)**

**စာမျက်နှာ ၁၉ မှ**

(အထက်က ဟိုတယ်စားသောက်ဆိုင် နမူနာမှာ စားဖိုမှူးဟာ သူလိုအပ်တဲ့ မီးဖိုချောင်သုံးအမယ်တွေကို ကြိုက်သလိုမှာပိုင်ခွင့်ရှိရမှာဖြစ်သလို သူမှာသမျှ အမယ်တိုင်းဟာ အလဟဿမဖြစ်ဖို့၊ ကိုယ်ကျိုးအတွက်မဖြစ်ဖို့၊ သူ့မိန်းမဖွင့်ထားတဲ့ဆိုင်ကမဝယ်ဖို့ စတာတွေကို လိုက်နာရမှာလည်း မလွဲပါဘူး။

ဒါတွေဟာ သူ့အတွက် စံသတ်မှတ်ချက်တွေပါပဲ။ အဲလို လုပ်ဖြစ်ဖို့ သူတာဝန်ခံရပါမယ်၊ တာဝန်ယူရပါမယ်။)

ဒါ့ကြောင့် လုပ်ပိုင်ခွင့်အာဏာကို လွှဲပေးတယ်၊ တာဝန်ဝတ္တရားကို ဖန်တီးတယ်၊ တာဝန်ခံမှုကိုကျတော့ ပြဋ္ဌာန်းတယ်လို့တောင် အဆိုရှိပါတယ်။ တာဝန်ခံမှုဟာ တာဝန်ဝတ္တရားကနေ ပေါ်ပေါက်လာတာဖြစ်သလို တာဝန်ဝတ္တရားဟာလည်း လုပ်ပိုင်ခွင့်အာဏာကနေ ပေါ်ပေါက်လာတာပါ။ ဒါ့ကြောင့် အာဏာရှိတဲ့ ရာထူးတိုင်းမှာ တူမျှသလို ဆန့်လည်းဆန့်ကျင်နေတဲ့ တာဝန်ဝတ္တရားတွေက အမြဲတွဲနေတာပါပဲ။

(မြန်မာပရိသတ်အတွက် မြန်မာလိုရေးရာမှာ အင်္ဂလိပ်စကားလုံးတွေ ညှပ်မသုံးချင်တဲ့ ကျွန်တော့်ရောဂါ အရင့်အမာကြောင့် နည်းနည်းများ ထွေးကုန်မလား မသိဘူးခင်ဗျ။ အားနာနာနဲ့ပဲ ညှပ်ပြောရရင်တော့ လုပ်ပိုင်ခွင့်အာဏာအပ်နှင်းတယ်ဆိုတာ delegation ပါ။ အာဏာဆိုတာက authority ပါ။ သြဇာအာဏာက power ပါ။ တာဝန်ဝတ္တရားက responsibility ပါ။ အဲဒါတွေထဲမှာ မြန်မာလိုရေးရအခက်ဆုံးက accountability ပဲဖြစ်ပါတယ်။ တာဝန်ခံမှု၊ တာဝန်ယူမှုလို့ ကျွန်တော်ရေးသွားခဲ့ပါတယ်။)

ဆိုခဲ့တဲ့အတိုင်း လက်အောက်ကို အဲသလို လုပ်ပိုင်ခွင့်အာဏာထိုက်သင့်သလိုလွှဲပေးတဲ့ အလေ့အထဟာ ကျွန်တော်တို့ရဲ့ ဌာနဆိုင်ရာတွေမှာ တိမ်ကောပပျောက်နေခဲ့တာ ကြာပါပြီ။ ဒါ့ကြောင့်လည်း လူများသလောက်ပွဲမစည်၊မိုးပျံအောင် ကောင်းတဲ့မူဝါဒတွေ ချမှတ်ထားတဲ့ကြားက တိုင်းပြည်မြောင်းထဲရောက်သွားတာလည်းပဲ ဖြစ်ပါတယ်။

ဒါ့ထက်ဆိုးတာက အောက်လက်ငယ်သားတွေကို တုံးကုန်စေတာပါပဲ။ ဌာနဆိုင်ရာဝန်ထမ်းတွေထဲမှာ မလုပ်၊ မရှုပ်၊ မပြုတ်တွေ အုံနဲ့ကျင်းနဲ့ ရှိနေတာဟာလည်းပဲ အဲသလို လုပ်ပိုင်ခွင့်အာဏာအားလုံးကို အထက်က ချုပ်ထားပြီး တစိုးတစိမှ ခွဲဝေမပေးခြင်းရဲ့ အကျိုးဆက်ပါပဲ။

ပြာပုံထဲက တိုင်းပြည်ကို ပြန်လည်ထူထောင်ယူကြရာမှာ လုပ်ရမယ့်အလုပ်တွေကတော့ မနိုင်ရင်ကာ များလှပါတယ်။ အဲဒီထဲမှာ အရေးအကြီးဆုံးကတော့ အဖွဲ့အစည်းထုံးဓလေ့ (institution) တွေ ခိုင်ခိုင်မာမာရှိလာဖို့ပဲ ဖြစ်တယ်လို့ မြင်မိရပါတယ်။ နှစ်ပေါင်းတစ်ရာကျော်အတွင်း အာဏာသိမ်းမှု ၂၁ ကြိမ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပေါင်း ၁၉ ခုတောင်ရှိခဲ့တဲ့ အိမ်နီးချင်း ထိုင်းနိုင်ငံရဲ့ နိုင်ငံရေးမတည်ငြိမ်မှုဟာ ကျွန်တော်တို့နဲ့ယှဉ်ရင် ကြောက်ခမန်းလိလိလို့ ဆိုနိုင်ပါလိမ့်မယ်။ သို့သော် အဲဒီနိုင်ငံရဲ့ စီးပွားရေးကတော့ တစ်ဟုန်ထိုးတိုးတက်နေတာ အားလုံးအသိပါပဲ။ ဘာကြောင့်လဲလို့ ဆင်ခြင်ကြည့်မိတဲ့အခါ မတည်ငြိမ်တဲ့နိုင်ငံရေး (အစိုးရတွေ အားတိုင်းပြောင်းတာ)က သတ်သတ်၊ အဖွဲ့အစည်း ထုံးဓလေ့တွေ၊ အစိုးရဌာနတွေ တည်ငြိမ်ခိုင်မာတာက သတ်သတ် ဖြစ်နေလို့ဆိုတာကို တွေးမိလာရပါတယ်။ ဘာလို့ ဌာနဆိုင်ရာတွေ တည်ငြိမ်နေတာလဲဆိုတာကို ဆက်စဉ်းစားလိုက်တဲ့အခါ ဌာနအလိုက် ကျွမ်းကျင်သူတွေကသာ ဌာနတွေမှာ တာဝန်ယူထားတာဖြစ်ပြီး မဆိုင်တဲ့သူတွေက ဌာနတွေထဲမှာ ပဲခူးဆားဝင်လုပ်မနေကြတာကိုလည်း တွေ့လိုက်ရပြန်ပါတယ်။

အားလုံးမဟုတ်တောင် ပဲခူးဆားအများစုကတော့ လုပ်ပိုင်ခွင့်အာဏာကို အကြောင်းပြုပြီး ခြောက်စား၊ ဟောက်စား၊ လုန့်စားဖို့သာ ထက်သန်နေကြတာမို့ အောက်လက်ကို ခွဲဝေမပေး၊ အောက်လက်က ဘာမှလုပ်ပိုင်ခွင့်မရှိတော့ ရောယိမ်းလိုက်၊ ဘသားယိမ်းလိုက်နဲ့ တရွတ်တိုက်လိုက်နေကြတဲ့အခါ ဌာနတွေဟာ ချာသထက် ချာလာတဲ့ ချာနတွေသာ ဖြစ်ကုန်တော့တာမို့ နိုင်ငံရေးအများကြီးတည်ငြိမ်(သယောင်ရှိ)ပါလျက်နဲ့ တိုင်းပြည်က စုန်းစုန်းနစ်နေရတော့တာပါပဲ။ ဒါ့ကြောင့် အောက်အဆင့်များဆီအထိ ထိုက်သင့်တဲ့ လုပ်ပိုင်ခွင့်နဲ့ အာဏာပေးတဲ့ အလေ့အကျင့်လေးကို အမြန်ဆုံးပြန်လည်ထူထောင်သင့်ကြောင်း မရဲတရဲနဲ့ ပြောလိုက်ရပြန်ပါပြီကောခင်ဗျား။ အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစ်စုံတစ်ရာရသွားလိမ့်မယ်လို့ မျှော်လင့်မိရပါတယ်ခင်ဗျာ။ ။

## မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေး

**တောင်တွင်းကြီး ဇွန် ၃**
မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းမှ တောင်သူများအတွက် မိုးစပါးနှင့် အခြားသီးနှံမျိုးစုံ စိုက်ပျိုးနိုင်ရေး မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက မေလနောက်ဆုံးပတ်မှစတင်၍ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုပေါင်း ၇၃ အုပ်စုမှ တောင်သူများကို မိုးစပါးတစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲနှုန်းဖြင့်လည်းကောင်း၊ အခြားသီးနှံတစ်ဧကလျှင်ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ချေးငွေကျပ် သိန်းပေါင်း ၈၀၀၀၀ ထုတ်ချေးပေးသည်။ ဇွန် ၂ ရက်က ချေးငွေများထုတ်ပေးရာတွင် တောင်သူများအား ချေးငွေဆိုင်ရာစည်းကမ်းချက်များနှင့် အကျိုးရှိစွာ သုံးစွဲကြရန် မြို့နယ်ဘဏ်ခွဲမန်နေဂျာ ဦးစန်းဝင်းက ပြောကြားခဲ့သည်။ **နိုင်ဝင်း**

## အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြားရှိ ရွှေတိဂုံဘုရားလမ်းအား တစ်လမ်းမောင်းစနစ်စတင်သတ်မှတ်

**ရန်ကုန် ဇွန် ၃**

အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြားရှိ ရွှေတိဂုံဘုရားလမ်းအား တစ်လမ်းမောင်းစနစ် စတင်သတ်မှတ်လိုက်ကြောင်း အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးမှ သိရသည်။ ထိုသို့ဆောင်ရွက်ခြင်းမှာ ရန်ကုန်မြို့ထဲတွင် ယာဉ်ကြောရှုပ်ထွေးမှုပြဿနာများကို ဖြေရှင်းနိုင်ရန်နှင့် ယာဉ်အန္တရာယ်ဖြစ်ပွားမှုလျှော့ချနိုင်ရန်ရည်ရွယ်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကို ရက် ၁၀၀ စီမံကိန်းအဖြစ် ချမှတ်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

"ယာဉ်ကြောရှုပ်ထွေးမှုတွေကို လျှော့ချနိုင်ဖို့အတွက် နှစ်လမ်းသွားတွေကို အခု တစ်လမ်းမောင်းစနစ်တွေ စတင်ပြုလုပ်နေပါတယ်။ အခု ရွှေတိဂုံဘုရားလမ်း (အနော်ရထာလမ်းနဲ့ မဟာဗန္ဓုလလမ်းအတွင်း)ကို တစ်လမ်းမောင်းလမ်းညွှန်အမှတ်အသားတွေလည်း ရေးဆွဲပြီး ဆောင်ရွက်ထားပါတယ်။ အဲဒီမှာ ယာဉ်ထိန်းရဲတပ်ဖွဲ့တွေကလည်း ယာဉ်သွားလာမှု စနစ်တကျဖြစ်စေဖို့ ယာဉ်ကြောရှင်းလင်းရေးတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့ပြင် ယာဉ်ကြောရှုပ်ထွေးသည့်နေရာများတွင် ယာဉ်ကြောရှင်းလင်းမှုများ လုပ်ဆောင်ရန် အင်အား ၅၀ ကို ထောက်ပံ့ပေးထားသဖြင့် နေရာအနှံ့ တာဝန်ခွဲဝေချထားပေးထားကြောင်း သိရသည်။

"ယာဉ်ကြောကျပ်တည်းတယ်လို့ ယူဆထားတဲ့ နေရာ ၁၄ ခုရှိတယ်။ ဒီနေရာတွေမှာ မထသ ယာဉ်လိုင်းတွေ ကြီးကြပ်မှုအပြင် ယာဉ်ကြောကျပ်တဲ့ရုံးတက်၊ ရုံးဆင်းချိန်တွေမှာ ယာဉ်ထိန်းနဲ့ ပူးပေါင်းပြီး ယာဉ်ကြောရှင်းမှုတွေ လုပ်နေပါတယ်"ဟု မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။

လက်ရှိတွင် ယာဉ်ကြောကျပ်တည်းသော ပေါက်တော၀၊ သမိုင်းလမ်းဆုံ၊ ကျိုက်ဝိုင်း၊ မြောက်ဥက္ကလာအဝိုင်း၊ စံပြဈေး၊ လှည်းတန်း၊ ကမ္ဘာအေးဘုရားလမ်း၊ ၃၈ လမ်း မှတ်တိုင်၊ တာမွေ၊ ယုဇနပလာဇာ၊ မဟာမြိုင်၊ ခရေပင်လမ်းခွဲ၊ စော်ဘွားကြီးကုန်း၊ မြောက်ဥက္ကလာ ခြောက်ကွေ့ စသော မှတ်တိုင်များတွင် ယာဉ်ကြောရှင်းလင်းခြင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

**(ရဲဝင်း)**

■

## 100Plus Myanmar Junior Golf Championship 2016 ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့(၁၈)ကျင်းနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၃**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၊ Junior Golf Myanmar နှင့် Myanmar Sports Management တို့ ပူးပေါင်းစီစဉ်ပြီး 100Plus မှအဓိကကူညီပံ့ပိုးသော 100Plus Myanmar Junior Golf Championship 2016 ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ကို ဇွန် ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကလပ် (တည်းကုန်း)၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ Best Dressed ဆုနှင့် Booby ဆုများကို Myanmar Sports Management မှ Vice President ဦးချမ်းမြေ့ဝင်းကလည်းကောင်း၊ ပြိုင်ပွဲပထမနေ့ Longest Drive နှင့် Nearest to the Pin ဆုများကို Myanmar Sports Management မှ President ဒေါ်ထွေးလှဟန်က လည်းကောင်း၊ ပြိုင်ပွဲဒုတိယနေ့၏ Longest Drive နှင့် Nearest to the Pin ဆုကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးကိုကိုလေးကလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး Junior Golf Myanmar ဥက္ကဋ္ဌ ဦးမြင့်အောင်၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်၊ 100 Plus မှ Head of Marketing Mr. Prapas Rattanapast တို့က ဆုရရှိသူများအား ဆုများချီးမြှင့်ပြီး အမှတ်တရလက်ဆောင်ကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် Junior Golf Myanmar ဥက္ကဋ္ဌ ဦးမြင့်အောင်တို့အားပေးအပ်ပြီး မလေးရှားနိုင်ငံ ပီနံဂေါက်ကွင်း၌ ကျင်းပမည့် 100Plus Malaysian Junior Open အငယ်တန်း ဂေါက်သီးရိုက်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခွင့်ရရှိသည့် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ပြိုင်ပွဲမှ အကောင်းဆုံးဆုရရှိသူ မင်းစစ်သွေးနှင့်သင်းဝေခိုင်တို့အား ဆုချက်လက်မှတ်အားချီးမြှင့်သည်။ ယင်းကစားသမားနှစ်ဦးသည် ဩဂုတ်လတွင် မလေးရှားနိုင်ငံ ပီနံဂေါက်ကွင်း၌ ကျင်းပမည့် 100 Plus Malaysian Junior Open အငယ်တန်း ဂေါက်သီးရိုက်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**(ဖိုးသော်ဇင်)**



## ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိသည့် ပင်လယ်ထွက်ကုန် မျှင်ငါးပိလုပ်ငန်း

**ဖျာပုံ ဇွန် ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် အမာမြို့နယ်ခွဲအတွင်းရှိ နောက်မီးကျေးရွာသည် မြန်မာ့ရိုးရာမိရိုးဖလာ စားသောက်ကုန်တစ်ခုဖြစ်သည့် မျှင်ငါးပိအများဆုံးထွက်ရှိရာဒေသတစ်ခုဖြစ်သည်။

အိမ်ခြေ ၂၀၀၀ ခန့်၊ လူဦးရေ ၁၀၂၀၀ ခန့်ရှိသည့် နောက်မီးကျေးရွာတွင် နေထိုင်သူအများစုသည် ပင်လယ်ငါးဖမ်းလုပ်ငန်းဖြစ်သည့် တစ်ပိုင်တစ်နိုင် မျှင်ကောင်ဖမ်း၍ မျှင်ငါးပိထုတ်လုပ်ရောင်းချသော လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိကြကြောင်း သိရသည်။ အဆိုပါ နောက်မီးကျေးရွာသည် ဖျာပုံမြို့၏ တောင်ဘက်မုတ္တမပင်လယ်ကွေ့ ပင်လယ်စပ်တွင် တည်ရှိ၍ ဖျာပုံမြို့မှ ရေလမ်း၊ ကုန်းလမ်းခရီးများဖြင့် သွားရောက်နိုင်ကြောင်း သိရသည်။

"ကျွန်တော်တို့ရွာက ရေလုပ်ငန်းအဓိကထားပြီး လုပ်ကိုင်စားသောက်တဲ့ဒေသတစ်ခုပါ။ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ မျှင်ငါးပိစတဲ့ ပင်လယ်ရေထွက်ကုန်ပစ္စည်းအမျိုးမျိုးရှိတဲ့အထဲက မျှင်ငါးပိအဓိကထုတ်လုပ်ရောင်းချနေတဲ့ ကျေးရွာတစ်ရွာပါ။ ရွာထဲမှာ အိမ်တိုင်းလိုလိုက ကိုယ်တိုင်ပင်လယ်ထွက်၊ မျှင်ကောင်ဖမ်းပြီး ကိုယ်တိုင်ပဲ မျှင်ငါးပိဖြစ်တဲ့အထိ အဆင့်ဆင့်လုပ်ကိုင်ရောင်းချပါတယ်။

"ရွာမှာ လက်ရှိ မျှင်ငါးပိစက်ရုံပေါင်း ၅၀ ကျော်လောက်ရှိပါတယ်။ အကြမ်းဖျင်း ပြောရရင်တော့ လုပ်ငန်းရှင်တစ်ဦးအနေနဲ့ တစ်လကို မျှင်ငါးပိ ပိဿာချိန် တစ်သိန်းလောက် ထုတ်လုပ်နေကြပါတယ်။ ဒီလုပ်ငန်းက ဘိုးစဉ်ဘောင်ဆက်ထဲက လုပ်ကိုင်လာတဲ့ ရိုးရာလုပ်ငန်းမို့ ကျွန်တော်တို့တွေလည်း ဆက်ပြီးလုပ်ဖြစ်နေတာပါ။ နေ့စဉ် စားဝတ်နေရေးနဲ့ သားသမီးတွေ ကျောင်းတက်ဖို့ပါ ဒီလုပ်ငန်းနဲ့ပဲ ဖြေရှင်းနေကြရပါတယ်"ဟု နောက်မီးကျေးရွာမှ မျှင်ငါးပိလုပ်ငန်းရှင်တစ်ဦးက ပြောသည်။



နိုင်ငံအတွင်း မျှင်ငါးပိထုတ်ကုန်အများဆုံး ထုတ်လုပ်လျက်ရှိသည့် ဖျာပုံမြို့နယ် နောက်မီးကျေးရွာသို့ ပြီးခဲ့သည့် မေ ၁၉ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်၊ ဦးစီးအရာရှိ ဦးစိုးဦး၊ ဖျာပုံခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမြင့်အောင်၊ ဖျာပုံမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ပင်လယ်ကျားပိုက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသံချောင်းနှင့် စက်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဦးစီးမှူးပါဝင်သောအဖွဲ့သည် ဒေသခံ မျှင်ငါးပိလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ စားသုံးသူအသိပညာပေးရေး၊ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၏ ညွှန်ကြားချက်နှင့်ညီသော စားသောက်ကုန်စည်များ ရေရှည်ရှင်သန်ရေး၊ လုပ်ငန်းရှင်များ၏ ကုန်စည်များ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိရေး၊ ကုန်အမှတ်တံဆိပ်များ ထည့်သွင်းအသုံးပြုမှု စနစ်ကျမှန်ကန်ရေး၊ ဓာတုဆေးဝါးကင်းစင်မှု အာမခံချက်ရှိရေး၊ ညွှန်ကြားချက်နှင့်အညီ ရိုက်နှိပ်ထားသည့် အညွှန်းစာသားများပါရှိရေး၊ ပြည်တွင်းဈေးကွက်မှ ပြည်ပဈေးကွက်သို့ ထိရောက်စွာ ထိုးဖောက်ဝင်ရောက်နိုင်ရေးနှင့် လိုအပ်သည့်အကူအညီရှိပါက တတ်စွမ်းသရွေ့ပံ့ပိုးကူညီရေး စသည်ဖြင့် အကျယ်တဝင့် ရှင်းလင်းဆွေးနွေးအကြံပေး၍ လက်ရှိလုပ်ကိုင်လည်ပတ်နေသည့် မျှင်ငါးပိကြိတ်ခွဲနေမှုနှင့် သိုလှောင်ရုံများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

"ယေဘုယျပြောရရင် မျှင်ရာသီက တစ်နှစ်ပတ်လုံးကို ရှစ်လလို့ ပြောလို့ရပါတယ်။ ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်လထိ လေးလလောက်က လုပ်ငန်းနားတဲ့ကာလဖြစ်ပါတယ်။ အရင်တုန်းကတော့ လက်ထောင်းမျှင်ငါးပိပေါ့။ အခုကတော့ တိုးတက်လာပြီဆိုတော့ စက်ကြိတ်ဖြစ်လာပါပြီ။ တချို့နေရာတွေလည်း လက်ထောင်းတွေသုံးနေကြတုန်းပါပဲ။ တစ်နိုင်ငံလုံးမှာ ကျွန်မတို့ မြစ်ဝကျွန်းပေါ်က မျှင်ငါးပိအများဆုံး ထုတ်လုပ်တဲ့နေရာပါ"ဟု မျှင်ငါးပိလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

**(သပြေထွန်း)**

## နယ်လှည့်ဆေးကုသရေးအဖွဲ့မှ အခမဲ့ဆေးကုသ

**မိုးညှင်း ဇွန် ၃**

မိုးညှင်းမြို့နယ် ဆယ်မိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက် ဓမ္မာရုံ၌ ယမန်နေ့ နံနက် ၉ နာရီက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မိုးညှင်းတပ်နယ် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့မှ အခမဲ့ဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။

မိုးညှင်းတပ်နယ်မှ ဆရာဝန် သုံးဦး၊ သူနာပြု လေးဦးပါဝင်သော နယ်လှည့်ဆေးကုသရေးအဖွဲ့တို့သည် ဆယ်မိုင်ကျေးရွာမှ ဆေးဝါးကုသမည့် ရပ်မိရပ်ဖနှင့် ဒေသခံများ စုစုပေါင်း ၁၅၀ တို့အား လိုအပ်သောဆေးကုသပေးနိုင်ခဲ့သည်။

အဆိုပါ ဆေးကုသရေးအဖွဲ့သည် မေ ၂၇ ရက်နှင့် ၂၈ ရက်များတွင် မိုးညှင်းမြို့နယ် ညောင်ကိုင်းကျေးရွာနှင့် သာယာကုန်းကျေးရွာများတွင် ဆေးကုသမှုများပေးခဲ့ကြောင်း သိရသည်။

**(နီတိုး)**



## မီးဘေးအန္တရာယ်နှင့် လမ်းပိတ်ဆို့မှုများဖြစ်ပေါ်၍ မိုဘိုင်းစက်သုံးဆီရောင်းဝယ်ခြင်းများမပြုရန် အသိပေး

**မန္တလေး ဇွန် ၃**

မန္တလေးမြို့တော် စည်ပင်သာယာနယ်နိမိတ်ခြောက်မြို့နယ်ဖြစ်သော အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်များအတွင်းရှိ လမ်းမကြီးများဘေးဝဲ၊ ယာတွင် လူသွားစင်္ကြံ၊ ပလက်ဖောင်း၊ ရေမြောင်းများပေါ်တွင် မိုဘိုင်းစက်သုံးဆီရောင်းဝယ်မှုများ၊ တရားမဝင်ရောင်းချသည့် စက်သုံးဆီဆိုင်များ၊ လောင်စာဆီပုလင်းထောင်၊ ဘူးထောင်ရောင်းချမှုများကြောင့် အများပြည်သူသွားလာရာတွင် စိတ်အနှောင့်အယှက်ဖြစ်ရခြင်း၊ လမ်းပိတ်ဆို့မှု၊ ယာဉ်ကြောပိတ်ဆို့မှု၊ သွားလာမှုအခက်အခဲများဖြစ်ပေါ်စေခြင်း၊ မီးဘေးအန္တရာယ်ဖြစ်ပေါ်ကျရောက်နိုင်ခြင်းတို့ကြောင့် ရောင်းချခြင်း၊ ဝယ်ယူခြင်းများလုံးဝမပြုလုပ်ရန် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက အသိပေးတားမြစ်ထားသည်။

ရောင်းချခြင်း၊ ဝယ်ယူခြင်းများ ဆက်လက်မပြုလုပ်ရန် ၂၀၁၆ ခုနှစ် ဇွန် ၁၅ ရက်အထိ ပညာပေးကာလသတ်မှတ်ကာ ဆောင်ရွက်သွားမည်ဖြစ်ပြီး ပညာပေးကာလကျော်လွန်ပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဥပဒေစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်ခြင်း၊ တရားစွဲဆိုဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက အသိပေးထားသည်။

**မောင်ပြည်သူ(မန္တလေး)**

# ကျေးဇူးတင်လွှာ




TW သိဒ္ဓိဝင် စိန်ရွှေရတနာဆိုင် (၂) ဖွင့်ပွဲအခမ်းအနားသို့

ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပါသော အကယ်ဒမီနေတိုး၊ မိုးယုစံ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ နှင့် ဝယ်ယူအားပေးကြသော ရွှေချစ်သူများ အားလုံးတို့ကို ကျေးဇူး ဥပကာယ အထူးတင်ရှိပါသည်။

သိဒ္ဓိဝင် မိသားစု

တစ်နေ့လုံး လန်းဆန်းပျော်ရွှင်စေတာ . . .

ပေါ့! HAPPY®

30g




ကော်ဖီ လက်ဖက်ရည် ခရင်(မ်)မီကော်ဖီ ကွေကာ










**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၄/ဆင်ဖြူရှင်၊ ဦးပိုင် အမှတ်-၄၇၊ မြေဧရိယာ(၀. ၁၀၇)ဧက၊ မြေကွက်တည်နေရာအမှတ်(၄၇)၊ မြဝတီရပ်ကွက်၊ တပ်ကုန်းမြို့ရှိ မြေကွက်အား အမည် ဦးဇော်ဝင်းသိန်း(ဘ)ဦးသိန်းတန် [၉/တကန(နိုင်)၀၁၂၃၈၄]မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ရန် မြေပုံ၊ ရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**















iMyanmarHouse.com မှ ကြီးမှူးကျင်းပမည့် တတိယအကြိမ်မြောက်

# မြန်မာနိုင်ငံ၏ အကြီးဆုံး အိမ်ခြံမြေ အရောင်းပြပွဲကြီး

**ကျပ်သိန်း (၃၀၀) တန် မှစသော တိုက်ခန်းများ၊ ကျပ်သိန်း (၆၀၀) တန် မှ ကျပ်သိန်း (၅၀၀၀) တန် အထိ**
**ကွန်ဒိုပေါင်းများစွာကို (၁) နှစ်မှ (၈) နှစ် အထိ အရစ်ကျစနစ်များ၊ အထူးလျှော့ဈေးနှုန်းများဖြင့် ဝယ်ယူနိုင်မည့် အခွင့်အရေး။**
အိမ်ခြံမြေပညာရှင်ပေါင်းများစွာမှ အိမ်ခြံမြေနှင့်ပတ်သက်၍ သိကောင်းစရာများကို ပြပွဲအတွင်း ဟောပြောပေးမည် ဖြစ်ပါသည်။

**Main Sponsors:** YOMA, STAR CITY, RIVERFRONT GARDEN

နေ့ရက် - ၂၀၁၆ ဇွန်လ ၁၀ ရက်မှ ၁၂ ရက်
အချိန် - နံနက် ၉:၀၀ နာရီ မှ ညနေ ၅:၀၀
နေရာ - တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်။

**ပြပွဲသို့ တက်ရောက်လာသူများအား Samsung ဖုန်း၊ Tablet များနှင့် အခြား သိန်းငါးဆယ်တန်ဖိုးရှိ ဆုမဲပေါင်းများစွာ ကံစမ်းမဲဖောက်ပေးပါမည်။**

**Diamond Sponsors:** AMPS, GOLDEN CITY, CTSM, M.K.T Construction Co.,Ltd, Lucky Construction Co.,Ltd, Living Square

**Gold Sponsors:** STRONG SOURCE CONSTRUCTION CO.,LTD, ALPHA CEMENT, iGREEN, Living Square

ကြိုတင်စာရင်းပေးသွင်းရန် ဤနေရာသို့ သွားပါ။
www.imyanmarhouse.com/expo
**မည်သူမဆို အခမဲ့ တက်ရောက်နိုင်ပါသည်။**

ဆိုင်တွေမှာ ပစ္စည်းပြတ်သွားလောက်အောင် မိန်းကလေးတွေရဲ့ ပါးစပ်များမှာ တဟုန်ထိုးကျော်ကြား လူကြိုက်များနေတဲ့ Swiss Formula 3 Way Cake ကို ရောင်းချလိုသော လက်လီ/လက်ကားဆိုင်များအနေဖြင့် အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်ပါသည်။

*** Special Promotion ***
3 Way Cake တစ်ဗူးဝယ်ယူသည့် သူတိုင်းအား BB Cream Liquid Foundation ဗူးသေးတစ်ဗူးကို လက်ဆောင်အဖြစ် တွဲကပ်ပေးထားပါသည်။




၀၉-၂၅၀၁၆၂၂၈၂ ၀၉-၇၈၅၆၆၆၆၅၁ ၀၉-၇၈၅၆၆၆၆၅၂ ၀၉-၇၈၅၆၆၆၆၅၃

**ရောင်းရန်**
လုံးချင်း RC တစ်ထပ်တိုက်+ဂိုဒေါင်၊ ရေ၊ မီး၊ စုံ၊ AC အဆင်သင့်နေရန်၊ ဗညားထောလမ်း၊ ရွှေပေါက်ကံ
**ဆက်သွယ်ရန်ဖုန်း**
၀၀၆၅၉၈၅၆၈၉၂၁၊ ၀၉၉၆၇၇၅၈၈၉၆

**ဒဂုံမြို့သစ်**
**အရှေ့ပိုင်း**
**ဆိပ်ကမ်းမြို့နယ်**
**တောင်ပိုင်း**၊ မြောက်ပိုင်း များရှိ မြေကွက်များကို ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620



# အစိပတိလယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလီမိတက်

မှ

ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်စက်အဆင့်မြှင့်တင်လိုသူများ၊ ဆန်စက်တည်ထောင်လိုသူများ၊ ပေါင်းဆန်ထုတ်လုပ်လိုသူများအတွက် **ဂျပန်နိုင်ငံထုတ် SATAKE ဆန်စက်**(တန် ၅၀၊ တန် ၁၀၀၊ တန် ၂၀၀. . . )နှင့် **ဆက်စပ်ပစ္စည်းများ၊ အိန္ဒိယနိုင်ငံထုတ် ပေါင်းဆန်စက်** (တန် ၅၀၊ တန် ၁၀၀၊ တန် ၂၀၀၊ တန် ၂၅၀. . . )နှင့် **ဆက်စပ်ပစ္စည်းများ၊ ဘွိုင်လာနှင့် ဆက်စပ်ပစ္စည်း**(အရွယ်အစား)အမျိုးမျိုးတို့အား

**ဆန်စက်ပစ္စည်းအရောင်းပြခန်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ပါရမီလမ်းနှင့် ဘုရင့်နောင်လမ်းထောင့်တွင် (၁၁-၅-၂၀၁၆)ရက်နေ့မှစတင်၍ ရောင်းချပေးလျက်ရှိပါကြောင်း။

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ်4J/2613၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

---




---

**အမှားပြင်ဆင်ချက်**

၁-၆-၂၀၁၆ရက်ထုတ် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၁)ပါ ကန့်ကွက်နိုင်ကြောင်း ဦးအေးမြင့်ဦး+၁ အမည်ပြောင်း ကြော်ငြာ၏ မြေအမည်ပေါက်အား ဦးစိန်လင်းအောင်အစား ဦးစိန်အောင်လင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

**TOP ONE**

**Air-con service**

Air-con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ ဝါယာရိန်းများကို သုံးစွဲသူ စိတ်တိုင်းကျ အာမခံဖြင့် ပြုပြင်ပေးပါသည်။

**Ph:09-250509196, 09 786677657**

---

**ဖခင်အမည်မှန်**

အထက(၄)၊ တောင်ဒဂုံ၊ နဝမတန်း(E)မှ မယမင်းလှိုင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းအောင်[၉/မရတ(နိုင်)၀၇၂၀၉၃]ဖြစ်ပါကြောင်း။

**ဦးထွန်းအောင်**

---

**ပြည်မြန်မာ**

**အိမ်ပြောင်း၊ အိမ်ရွှေ့၊**

**ကားအငှား၊ ဝန်ဆောင်မှုလုပ်ငန်း**

လူကြီးမင်းတို့၏ အိမ်များ၊ တိုက်ခန်း၊ ရုံးခန်းများကို မြို့တွင်း၊ နယ်ဝေး(သို့)ကားနှင့် လုပ်သားများဖြင့် အဆင်ပြေချောမွေ့စွာ အထူးသက်သာသော ဈေးနှုန်းများဖြင့် ဝန်ဆောင်မှုပေးနေပါသည်။

ဖုန်း-၀၉-၇၈၁၂၆၉၄၁၂၊
၀၉-၄၅၀၀၅၇၉၂၈၊
၀၉-၉၆၃၆၈၅၁၆၀၊
၀၉-၂၅၂၄၆၃၀၉၄

---

**ပဲခူးရွှေမော်ဓောဘုရားမှ နိုင်ငံကျော်အမိဝမ်းတွင်းပါ**

**လက္ခဏာဆရာမကြီး ဒေါ်ခင်စန်းမြင့်(အကြားအမြင်ပါရမီရှင်)၏သမီး**

# ဆရာမ ဒေါ်အေးချမ်းသာ

**(အကြားအမြင်)**

(မနော) စိတ်၏ စွမ်းရည်ပါရမီရှင်

ရန်ကုန်မြို့မဟာဝိဇယဘုရား မြောက်ဘက်မုခ်(ပိတ်ရက်မရှိပါ)နံနက်(၁၀)နာရီမှညနေ(၅)နာရီထိ ဦးရွှေတည့်တည့်

ဖုန်း - ၀၉-၅၀၈၄၅၁၆၊ ၀၉-၇၃၁၈၇၃၁၃၊ ၀၉-၇၃၃၉၇၀၇၀



---

## ဝန်ထမ်း အမြန်အလိုရှိသည်

၁။ Office Staff - ၁၀ဦး (မ)

၂။ Store Keeper - ၁၀ဦး (ကျား/မ)

၃။ Driver (လိုင်စင်နီ/နက်) - ၅ဦး (ကျား)

-အထက်ပါရာထူးများအတွက်
-အမှတ်စဉ် (၁ ၊ ၂) အတွက် လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိရမည်။
ကွန်ပျူတာ Excel, word ကျွမ်းကျင်ရမည်။အသက်(၂၅)နှစ်မှ (၃၀)နှစ်အတွင်းဖြစ်ရမည်။
-အမှတ်စဉ် (၃) အတွက်ကျန်းမာရေးကောင်းမွန်ပြီး အရက်၊ဆေးလိပ်၊ကွမ်း ကင်းရှင်းသူဖြစ်ရမည်။
အသက်(၃၀)နှစ် မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
စိတ်ပါဝင်စားသူများသည် (၃) လအတွင်းရိုက်ကူးထားသော Passport ဓါတ်ပုံ၊ CV အပြည့်အစုံနှင့် အောက်ပါ-E mail (သို့) အမှတ်-၁၅၃(D)၊ ဗေဇယန္တာဥယျာဉ်အိမ်ရာ၊ ဗေဇယန္တာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့သို့ ရုံးချိန်အတိုင်း (၁)ပါတ်အတွင်း လာရောက်လျှောက်ထားနိုင်သည်။

E mail: chrishovtm@gmail.com
PH: 01-8564253

---

# S.T.C Standard Training Center

၈၊ ၉၊ ၁၀ တန်း အင်္ဂလိပ်စာ၊ သင်္ချာ သီးသန့် & စာသင်စာကျက်ဝိုင်း

**English** **Mathematics**

ဆရာ ဦးမျိုးမြင့်(ရန်ကုန်တက္ကသိုလ်) ဒေါက်တာ သန်းဆွေ

**ဂုဏ်ထူးလွန်မှတ် လိုချင်သူများအတွက်**

အမှတ်(၂၄/D)၊ သောမင်းကြီးလမ်း၊ သောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

Ph:- 09 420051808, 09-5013037.

---

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး(တောင်)၊ မြေကွက်အမှတ်-၇၈/က၊ မြေကွက်တည်နေရာအမှတ်(၇၈/က)၊ မေတ္တာလမ်း၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဦးသိန်းဝင်း[KYN- ၀၅၁၈၃၅] အမည်ပေါက်ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးသိန်းဝင်းထံမှ ၁-၂-၂၀၁၀ ရက်စွဲပါ အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးမြင့်အေး[၁၂/ဒဂတ(နိုင်)၀၁၈၂၂၉]မှ ပါမစ်မူရင်းတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ တင်ပြပါမစ်ပြည့်စုံမှုမရှိသဖြင့် ဂရန်သစ်လျှောက်ထားမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## (၂)နှစ်ပြည့်လွမ်းဆွတ်တမ်းတခြင်း

**ဦးရဲတင့်(ခ)ဦးဒေါနု**
**(ကာတွန်းရုပ်ပြ-ဗီဒီယို/ရုပ်ရှင်ဒါရိုက်တာ)**
**(၁၉-၆-၂၀၁၅ ရက်)၁-နှစ်**

## ဒုတိယဗိုလ်မှူးကြီးကျော်ထင်အောင်

**DSA-အပတ်စဉ်-(၄၁)**
**(၄-၆-၂၀၁၄)-(၄-၆-၂၀၁၆) ၂-နှစ်**

မိမိဘဝရှိရာအနုပညာတာဝန်ကို နူးညံ့သိမ်မွေ့တဲ့နှလုံးသားနဲ့ တာဝန်ကျေသွားတဲ့ မောင်လေးကိုရဲတင့် (ခ) ကိုဒေါနုရယ်-

မိမိဝါသနာပါရာ စစ်တက္ကသိုလ်ကြီးကို တက်ရောက်သင်ကြားပြီး တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သွားတဲ့ အမေ့သားသားလေးရယ် ၂-နှစ်တာကာလ လွမ်းဆွတ်တမ်းတရင်း သားတို့တူဝရီးအတွက် နေ့စဉ်၊ လစဉ်၊ နှစ်ပြည့်တဲ့နေ့ လှူဒါန်းမှု ကုသိုလ်အဝဝကို မြင့်မြတ်တဲ့ ဘုံဘဝက သာဓု သာဓု သာဓုသာ ခေါ်လိုက်ပါတော့ သားတို့ရယ်-

**ဖေဖေ** - **ဦးအောင်ကျော်ညွှန့်၊ မေမေ-ဒေါ်စောမြတ်ရီ**
**ဦးဒေါနုရဲ့ဇနီး** - **ဒေါ်စန်းစန်းဝင်း၊ သမီး-ရွှေအိမ်စည်၊**
**ကိုကြီး** - **ကိုကျော်ဇေယျ-မမေသီအောင်(ဘုရင်သက်န်းတိုက်-မန္တလေး)**
**ကိုလေး** - **ကိုကျော်ဇင်သန့်-မငြိမ်းငြိမ်း(ခေတ္တ-စင်ကာပူ)**
**ချစ်ဇနီး** - **မခိုင်သဇ္ဇာဦး၊ သား-ရဲမာန်အောင်၊ အောင်ကောင်းမြတ်**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဝင်းရှုပါ (၃၃) နှစ်**
**ဦးစီးအရာရှိ( ဆေးဝါးဓာတ်ခွဲ)**

နေပြည်တော်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဓာတ်ခွဲဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်ဝင်းရှုပါသည် ၁-၆-၂၀၁၆ရက် နံနက် ၆း၁၅ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအောင်သူ(ခ)ဦးရွှေဖော်သူ

**(လိုတရ တောင်းတိုင်းရ ကုမ္ပဏီ)**
**အသက်(၅၀)**

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ပန်းမြောင်ရွာ၊ ကျွန်းတောရပ်ကွက်နေ (ဦးမိုးစိန်အောင်-ဒေါ်အောင်မခိုင်)တို့၏ သား၊ ရန်ကုန်မြို့ သာကေတမြို့နယ်၊ (၇)ရပ်ကွက်၊ တတိုင်းမွှေးလမ်း၊ မြခွာညို(ဝါဝါဝင်း)အဆင့်မြင့်အိမ်ရာ၊ အမှတ်(၄၉) နေ ဒေါ်သီရိခိုင် ၏ ချစ်လှစွာသော ခင်ပွန်း၊ မမေသူအောင်၊ မောင်စိုးမိုးအောင်၊ မနီနီလွင်အောင်တို့၏ ချစ်လှစွာသော ဖခင်သည် India နိုင်ငံ၊ Haryana ပြည်နယ်၊ Gargaonမြို့၊ Medanta ဆေးရုံကြီး၌ ၁-၆-၂၀၁၆ (ဗုဒ္ဓဟူးနေ့) အိန္ဒိယစံတော်ချိန် ည ၈း၅၅ နာရီ မြန်မာစံတော်ချိန် ည ၉း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၁၆ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်၍ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ဥမ္မာဝင်း

**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သုတ(၇)လမ်း၊အမှတ်(၃၈၂)နေ (ဦးကျော်ကဲ-ဒေါ်အေးကျင်)တို့၏မြေး၊ (ဦးတင်ဝင်း)-ဒေါ်လှရီတို့၏ သမီးကြီး၊ ဒေါ်စန်းရီ၊ဦးမြင့်အောင်၊ ဒေါ်တင်ရီ၊ဒေါ်ခင်မူ၊မောင်ဟန်တင့်၊ မောင်ဇော်မိုး၊ မောင်ဇော်မင်းတို့၏တူမ၊ဦးရန်မျိုးစိုး-ဒေါ်ခင်သန္တာဝင်း၊ ဦးဖွဲ့မြတ်ရွှေ-ဒေါ်ခင်မာလာဝင်း၊ဦးရန်နိုင်ဝင်း-ဒေါ်စီစီသက်တို့၏အစ်မကြီး၊ တူငါးယောက်တို့၏ အဒေါ်သည် ၁-၆-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၅၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၆ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၁၆ (အင်္ဂါနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီထိ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

မိုးကုတ်မြို့ သတိပဋ္ဌာန်ပရိယတ္တိစာသင်တိုက်
ဦးစီးပဓာန နာယက
အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
သကျသီဟ ပရိယတ္တိသာသနဟိတဓရ ဂုဏဝိသိဋ္ဌ

**ဆရာတော် ဘဒ္ဒန္တ သုနန္ဒ**
**သိက္ခာတော် (၆၂)ဝါ၊ သက်တော် (၈၂)နှစ်**

| | |
|---|---|
| ၅-၆-၂၀၁၆ | သာဓုကီဠန အန္တိမအဂ္ဂိဈာပနကို စံကျောင်းချပူဇော်ပွဲကျင်းပမည်။ |
| ၂၀-၆-၂၀၁၆(တနင်္လာနေ့) | ဘဒ္ဒန္တ သုနန္ဒ(နိုင်ငံတော်မဟာကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိက၊ ဗဟုဇနဟိတဓရ ဓမ္မရံသီ မိုးကုတ်ရိပ်သာကျောင်းဆရာတော် |
| ၂၁-၆-၂၀၁၆(အင်္ဂါနေ့) | အရှင်ပညာနန္ဒ (ဓမ္မကထိက ဗဟုဇနဟိတဓရ) သီတဂူကြယ်ပွင့်ဆရာတော် |
| ၂၂-၆-၂၀၁၆(ဗုဒ္ဓဟူးနေ့) | ဘဒ္ဒန္တ အရှင်ကောမလ (ပါဠိပါရဂူ)၊ ရွှေမဂ္ဂင်ကျောင်းဆရာတော် |
| ၂၃-၆-၂၀၁၆(ကြာသပတေးနေ့) | အရှင်ကေသရ (နယ်လှည့်သာသနာပြုဓမ္မကထိက) |
| ၂၄-၆-၂၀၁၆(သောကြာနေ့) | အရှင်သုမင်္ဂလ(ဒယ်အိုးဆရာတော်၊ မှော်ဘီ) |
| ၂၅-၆-၂၀၁၆(စနေနေ့) | ဆိုင်းအဖွဲ့ဖြင့် ဧရင်ကျူး ပူဇော်မည်။ |
| ၂၆-၆-၂၀၁၆(တနင်္ဂနွေနေ့) | ဈာပနပွဲကြီးနေ့ (၁၂)နာရီအချိန်တွင် ကျင်းပပူဇော်ပါမည်။ |

**ဈာပနကျင်းပရေးကော်မတီ၊ မိုးကုတ်မြို့။**

---

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

## ဦးသိန်းဆွေမြင့် (၅၂)နှစ်

**(M-D JEWELS RICH LAND Gems Company)**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မေခ(၁)လမ်း၊ မေခအိမ်ရာ၊ အမှတ် (၁၀/ဒီ)နေ (ဦးကျော်ရှိန်-ဒေါ်အုန်းခင်)တို့၏သား၊ (ဆရာကြီး ဦးသိန်းအောင်-ထားဝယ်)-ဒေါ်သန်းမြင့်တို့၏သားသမက်၊ ဒေါ်လွင်လွင်အောင် (ထားဝယ်အသင်းဝင်) (MD-Ma Lwin Group Mining Company) (MD-Lwin Family Service Company)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာခင်သီရိခေတ် (အလုပ်သင်ဆရာဝန်-ရန်ကုန်)၊ မောင်အောင်ကျော်ဇေယျ(၁၀-တန်း၊ လုဗ္ဗနီ ကိုယ်ပိုင်အထက်တန်းကျောင်း)တို့၏ကျေးဇူးရှင်မွေးသဖခင် ဦးသိန်းဆွေမြင့်သည် ၃၁-၅-၂၀၁၆ (အင်္ဂါနေ့) ထိုင်းစံတော်ချိန် နံနက် ၁၀း၄၀ နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဖာရာနိုင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၃၁-၅-၂၀၁၆ (အင်္ဂါနေ့) ထိုင်းစံတော်ချိန် ညနေ ၄း၃၀နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြား သိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၆-၂၀၁၆(တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၂ နာရီ အထိ သဃ်န်းကျွန်းမြို့နယ်၊ မေခ(၁)လမ်း၊ မေခအိမ်ရာ၊ အမှတ်(၁၀/ဒီ)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ၇-၅-၂၀၁၆ရက် မြန်မာ့အလင်းသတင်းစာ စာ-၂၇(ကြော်ငြာ)နှင့် ၁၄-၅-၂၀၁၆ရက် ကြေးမုံသတင်းစာ စာ-၂၉(ကြော်ငြာ)ပါ ဦးဇော်အောင်[၁၂/ပဇတ(နိုင်)၀၁၂၀၉၆]၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ ခ-(၈)လမ်း၊ အမှတ်(၂၈၃/A)နှင့် အများသိစေရန် ကြေညာခြင်းနှင့် စပ်လျဉ်း၍ တရားလွှတ်တော်ရှေ့နေ ဒေါ်မေကျော်စိုး (စဉ်-၇၇၅၉)၏ ကြေညာခြင်းအပေါ် ထပ်မံပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ဒေါ်သန်းသန်းဦး၊ ဦးတင်မောင်ဝင်း၊ ဒေါ်မြင့်မြင့်စန်း၊ ဒေါ်ကြည်ကြည်ခင်၊ ဦးခင်မောင်မြင့်၊ ဦးဇော်နိုင်(၎င်း၏ကိုယ်စားလှယ်လွှဲစာရရှိသူ ဦးတင်မောင်ဝင်း)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

လူကြီးမင်းအား ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ (၄၉)လမ်း၊ တိုက်အမှတ်(၁၇၀/၁၇၂)ရှိ အမွေဆိုင်(၇)ဦးပိုင် တိုက်ခန်း (2/A)နှင့် ပတ်သက်၍ ၁၉-၅-၂၀၁၆ရက်စွဲပါ ပြေစာအမှတ်(၈၃)ဖြင့် လူကြီးမင်းထံ အကြောင်းကြားစာ ပေးပို့ထားပြီး ဖြစ်ပါသည်။

၎င်းအပြင် တိုက်ခန်းပြင်ဆင်ခြင်းနှင့်ပတ်သက်၍လည်း တိုက်ခန်း (2/A နှင့် 2/B) နှစ်ခန်းစလုံးအား မိခင်ကြီးဒေါ်မြရီ သက်ရှိထင်ရှား နေထိုင်စဉ်ကတည်းက အတူနေသမီးဖြစ်သူ ဒေါ်မြင့်မြင့်စန်းမှ နှစ်ပေါင်းများစွာ တာဝန်ယူလုပ်ဆောင်ခဲ့ပြီးသော်လည်း မည်သို့မျှ ပျက်စီးယိုယွင်းခြင်းမရှိသည့် တိုက်ခန်းအား လက်ရှိ ငှားရမ်းနေထိုင်သည့် အိမ်ငှားများ ရှိနေဆဲမှာပင် အင်းစိန်မြို့သစ်၌ မိသားစုနှင့်နေထိုင်သူ ဦးဇော်အောင်မှ အတင်းအဓမ္မဝင်ရောက်ပြီး ယခုအချိန်အထိ လူကြီးမင်းအပါအဝင်(၇)ဦးပိုင် တိုက်ခန်းတွင် တရားမဝင်ဆက်လက်နေထိုင်ခြင်းမှာ မည်သည့်ရည်ရွယ်ချက်နှင့် လုပ်ဆောင်ခဲ့သည်ကိုလည်း ဦးဇော်အောင်သာလျှင် အသိဆုံးဖြစ်ပါသည်။

ထို့ပြင် ဦးဇော်အောင်ကိုယ်တိုင် ဒေါ်ကြည်ကြည်ခင်မှ မိဘများ အိမ်ငှားရမ်းခ (၁၁)နှစ်စာ ဝင်ငွေများကို မိမိတို့အား ရှင်းလင်းပြီးဖြစ်ပါကြောင်း တရားလွှတ်တော်ရှေ့နေ ဒေါ်မေကျော်စိုးမှ ၂၀-၂-၂၀၁၅ ရက် အကြောင်းပြန်ကြားစာတွင် အကြောင်းပြန်ခဲ့ပြီးဖြစ်ပါသော်လည်း ယခုအချိန်တွင်မှ ဒေါ်ကြည်ကြည်ခင်အား ထပ်မံပြန်လည်တောင်းဆိုခြင်းမှာ ရှေ့နောက်မညီ ရိုးသားမှုမရှိတော့ဘဲ အခြေအနေရှုပ်ထွေးအောင် မမှန်မကန် ဖန်တီးနေခြင်းသက်သက်သာ ဖြစ်ပါသည်။ လူကြီးမင်းအနေဖြင့် မှန်ကန်မှုမရှိပါက ရှင်းလင်းတင်ပြရန် လူကြီးမင်းတွင် တာဝန်ရှိပါသည်။

သို့ဖြစ်ပါ၍ ဦးဇော်အောင်မှသာ ပေးဆပ်စာရင်းရှင်းလင်းရန် ရှိနေသည့် တယ်လီဖုန်းအကြွေး ငွေကျပ်(၂၅)သိန်း၊ ထပ်ခိုးကြွေးကျန်ငွေ (၂၇)သိန်း မိခင်ကြီး၏ ဘဏ်တိုးထိမ်ချန်သည့် ငွေကျပ် ၉ သိန်း၊ ဘဏ်စာရင်းလက်ကျန်ငွေကျပ် (၄၄)သိန်းနှင့်အတူ (2/A)တိုက်ခန်းငှားရမ်းခ၊ နစ်နာငွေ ကျပ် (၄၈)သိန်းနှင့် လက်ကျန်လက်ဝတ်လက်စား တန်ဖိုးအပါအဝင် စုစုပေါင်းငွေကျပ် (၁၅၆)သိန်း၊ ၅/၂၀၁၆အတွက် (ငှားရမ်းခငွေပါပြီး) ခန့်ကို အမြန်ဆုံး စာရင်းရှင်းလင်းအပ်နှံပေးရန် ထပ်မံသတိပေးအကြောင်းကြားအပ်ပါသည်။

ဦးဇော်အောင်အထူးသိစေရန်မှာ ကျန်မောင်နှမအကြီး (၆)ဦးစလုံးမှ ဥပဒေနှင့်အညီ တရားမျှတမှန်ကန်စွာ၊ အကြိမ်ကြိမ်ညှိနှိုင်းဖြေရှင်းခဲ့သော်လည်း ကိုယ်ချင်းစာတရားကင်းမဲ့စွာနှင့် မတော်မတရား အမွေဆိုင်အခန်းအား အခြား(၆)ဦး၏ အမွေရပိုင်ခွင့်အခကြေးငွေများကို လုံးဝရှင်းလင်းမပေးခဲ့ခြင်း၊ ပေးဆပ်ရှင်းလင်းရမည့် အကြွေးငွေများအားလည်း ပေးဆပ်ခဲ့ခြင်းမရှိပါ၍ ငွေကြေးနစ်နာဆုံးရှုံးမှုများ ခံစားနေရသည့် ကျန်ညီအစ်ကို မောင်နှမအကြီး(၆)ဦးစလုံးမှာ ဦးဇော်အောင်၏ ဂုဏ်သိက္ခာကျဆင်းမှုအတွက် ပြန်လည်တောင်းပန်ရမည်ဟု တောင်းဆိုလာခဲ့ခြင်းသည် လုံးဝမဖြစ်နိုင် မလျော်ကန်သော ကိစ္စတစ်ရပ်သာဖြစ်ပါကြောင်း မမှန်မကန်ဆောင်ရွက်ခြင်းသည် လူကြီးမင်းကိုယ်တိုင်ဖြစ်၍ တောင်းပန်ရန်မလိုအပ်ကြောင်း လူကြီးမင်း သိစေအပ်ပါသည်။

အထက်ဖော်ပြပါလိပ်စာရှိ လူကြီးမင်းနှင့် မိသားစုတို့ အတင်းအဓမ္မဝင်ရောက်နေထိုင်နေသည့် မောင်နှမ(၇)ဦး အမွေဆိုင်တိုက်ခန်း (2/A)အား ကျန်ညီအစ်ကိုမောင်နှမ (၆)ဦးစလုံး၏ သဘောတူခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ လှူဒါန်းခြင်း၊ တခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ အာမခံတင်သွင်းခြင်းတို့ မပြုလုပ်ရန် ထပ်မံသတိပေးအပ်ပါသည်။ လိုက်နာခြင်းမရှိပါက တရားဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

သို့ဖြစ်ပါ၍ အမွေပုံစီမံခန့်ခွဲရေးကိစ္စရပ်များကို နှောင့်နှေးကြန့်ကြာအောင် အမျိုးမျိုးကြံစည်လုပ်ဆောင်နေသည့် လူကြီးမင်း၏လုပ်ရပ်များကို ရပ်တန့်မှရပ်၍ ကိုယ်ချင်းစာတရားနှင့် ရိုးသားပွင့်လင်းစွာ မိသားစုသွေးသားရင်းချာ စိတ်ဓာတ်ဖြင့် အမွေဆိုင်မောင်နှမအကြီး (၆)ဦးစလုံးနှင့် အမြန်ဆုံး လာရောက်တွေ့ဆုံဆွေးနွေး ပေးအပ်လွှဲပြောင်းရှင်းလင်းရန် ပြန်လည်ရှင်းလင်း၍ ထပ်မံအထူးအသိပေး အကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သန်းသန်းစိုး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၈၉၈)**

**ဒေါ်ခိုင်ကျော့ကျော့လှိုင်**
**အထက်တန်းရှေ့နေ (စဉ်-၃၄၀၆၂)**

**တိုက်အမှတ်-၉/၁၁၊ အခန်း-၁၀၃(ဃ)၊ ပထမထပ်၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၂၁၈၂၇၊ ၀၉-၄၃၁၂၄၅၉၄**

---

## ဒေါ်လှဝင်း (ခ) မပိုက်

**အသက် (၈၁) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ်(က)ရပ်ကွက်၊ အမှတ်(၁၀)၊သမိန်ဗရမ်းလမ်းနေ (ဦးဘကျော်-ဒေါ်ခင်စော)တို့၏သမီး၊ ဦးမြစိန်၏ဇနီး၊ (ဒေါ်တင်တင်လှ)၊ ဒေါ်သန်းသန်းဦး၊ ဒေါ်နွဲ့နွဲ့ဦး၊ ဦးစန်းဦး-ဒေါ်သိန်းသိန်းစိုး(မစိုး-အထည်ဆိုင်၊ ရန်ကင်းမြို့မဈေး)၊ ဒေါ်ထားထားဦး၊ ဦးမြတ်မင်း-ဒေါ်ဌေးဌေးစိန်၊ ဒေါ်ဥမ္မာစိန်တို့၏ မွေးသမိခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏အဘွား ဒေါ်လှဝင်းသည် ၂-၆-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၁၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

# သွေးသည် အသက်

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရင်ရွှေ

**အသက်(၉၈)နှစ်**

မန္တလေးမြို့၊ အထွေထွေရောဂါကုဆေးရုံကြီး၊ နှလုံးရောဂါအထူးကုဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာ သန်းသန်းကြိုင်၏ မိခင်ကြီး၊ ကျောက်မဲမြို့၊ အမှတ်(၃)ရပ်ကွက်၊ ရွှေဖီဦးလမ်းနေ ဒေါ်ရင်ရွှေသည် ၂၉-၅-၂၀၁၆(တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

**နှလုံးရောဂါကုပညာအဖွဲ့(မြန်မာနိုင်ငံဆရာဝန်အသင်း)**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အေးသန့် @ Annie Kuu(တင်ရွှေစာပေ)**

(ဆရာဝန်တင်ရွှေ)၏ဇနီး ဒေါ်အေးသန့် @ Annie Kuu သည် ၂၇-၅-၂၀၁၆ (သောကြာနေ့) တွင်ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မအူပင်မြို့နယ်အသင်း(ရန်ကုန်)နှင့်မအူပင်ဘိုးဘွားရိပ်သာ**
**စောင့်ရှောက်ရေးအဖွဲ့မှ ဦးစိုးဝင်းနှင့် ဦးမြစိုး**

---

## ဝမ်းနည်းကြေကွဲခြင်း

**ရဲဘော်မင်းနိုင်**
**ဗဟိုစည်းရုံးရေးကော်မတီဝင်**
**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ**
**အသက် (၅၁) နှစ်**

(ဦးကွန်းသောင်)-ဒေါ်အေးသန့်တို့၏ချစ်လှစွာသောသား၊ ဒေါ်ရီရီစန်း၏ ခင်ပွန်း၊ မောင်နေထူးကို-မရီနွယ်ဦး၊ မသီရိကိုကိုတို့၏ဖခင်၊ ဝေဖုန်းမြတ်၏ ချစ်လှစွာသောအဘိုး ရဲဘော်မင်းနိုင်သည် ၂-၆-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ရဲဘော်မင်းနိုင် ဆုံးပါးသွားခြင်းသည် မိမိတို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအတွက် လည်းကောင်း၊ မပြီးဆုံးသေးသော ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကြီးအတွက်လည်းကောင်း ဆုံးရှုံးမှုကြီးတစ်ရပ်ဖြစ်ရပါသည်။

**ဗဟိုစည်းရုံးရေးကော်မတီ၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**Datin' Fuwada Saleh @ Zarni**
**အသက်(၄၉)နှစ်**

Air Manadalay Limited မှ Principal Investor, Dato'Adam Htoon ၏ ဇနီး Datin' Fuwada Saleh @ Zarni သည် ဩစတြေးလျနိုင်ငံ၊ မဲလ်ဘုန်းမြို့၌ ၂၀-၅-၂၀၁၆(သောကြာနေ့) တွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဒေါက်တာဇော်ဝေစိုး(ပါမောက္ခချုပ်)**
**ဆေးတက္ကသိုလ်(၁)ရန်ကုန်နှင့်**
**ဒေါက်တာနွယ်နီအောင် မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

**ဒေါ်ကျင်စိန်(ထားဝယ်)**
**အသက်(၈၁)နှစ်**

ဦးမောင်မောင်အုန်း-ဒေါ်နီလာမြင့် (မြင့်မြတ်ကျော် Company) ၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်ကျင်စိန်သည် ၂၈-၅-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၄ခုနှစ်၊ ပျော်ဘွယ်လုပ်အားပေးမှချစ်သူငယ်ချင်းများ**
**ကိုကို-ဌေး၊ ပြုံးစိန်၊ ဇော်လွင်ဦး၊ သက်နိုင်ဦး၊**
**အရှည်ကြီး၊ အပျိုကြီး၊ မစန္ဒာ၊ ဆင့်ဆင့်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

**ဒေါ်ကျင်စိန် (ထားဝယ်)**
**အသက် (၈၁) နှစ်**

ဦးမောင်မောင်အုန်း-ဒေါ်နီလာမြင့် (မြင့်မြတ်ကျော် ကုမ္ပဏီလီမိတက်)၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်ကျင်စိန်သည် ၂၈-၅-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဆေးရိုးပင် အုတ်ရောင်းဝယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးကျင်ဝင်း**
**(စာရေးဆရာကျင်ဝင်းငြိမ်း-မအူပင်)**
**အသက်(၆၄)နှစ်**

မြန်မာနိုင်ငံ မြန်မာစာပေချစ်မြတ်နိုးသူများ အသင်းအဖွဲ့ခွဲဖြစ်သော ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်အသင်း ဥက္ကဋ္ဌ ဆရာကျင်ဝင်းငြိမ်း (မအူပင်)သည် ၁-၆-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံ မြန်မာစာပေချစ်မြတ်နိုးသူများ အသင်း(ဗဟို)**

# အနာဂတ်တို့ဝေဆာမည် မန်ကျီးရွှေဂူဆည်

**ညောင်ဦး ဇွန် ၃**

လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော် ပြုပြင်သူမဲ့ပြီး ဒေသအတွက် ဆုံးရှုံးမှုကြီးတစ်ခုဖြစ်နေခဲ့သည့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်ခွဲအတွင်းရှိ စက်စက်ယိုကျေးရွာအနီးမှ မန်ကျီးရွှေဂူဆည်မှာ စေတနာသဒ္ဓါတရားထက်သန်လှသည့် အလှူရှင်များ ပေါ်ပေါက်လာခဲ့သည့်အတွက် ပြန်လည်အသက်ဝင်လာခဲ့ပေပြီ။

မန်ကျီးရွှေဂူချောင်းကို တမံပိတ်၍ တည်ဆောက်ထားခြင်းဖြစ်သည့်အတွက် မန်ကျီးရွှေဂူဆည်ဟု အမည်တွင်ခဲ့သည့် ထိုဆည်သည် ၁၉၆၇ ခုနှစ်မှစ၍ နှစ်ပေါင်းများစွာ ဒေသကိုအကျိုးပြုနိုင်ခဲ့သော်လည်း အညာဒေသ၏ သဲချောင်းမှ စီးဝင်လာသောရေများကို သိုလှောင်ခဲ့ရသည်ဖြစ်၍ နှစ်ပရိစ္ဆေဒကြာမြင့်ခြင်းနှင့်အတူ သဲမြေများပါဝင်ရောက်ခဲ့သဖြင့် ဆည်အတွင်းသို့ ပို့ကျန်ခဲ့သော သဲမြေထုမှာ ချောင်း၏မျက်နှာပြင်နှင့် တစ်ပြေးတည်းဖြစ်သည်အထိ မြင့်တက်လာပြီး ဆည်ကော သွားခဲ့ခြင်းဖြစ်သည်။

ဒေသခံလူထုအနေဖြင့် ပြန်လည်ပြုပြင်ရန် အားမတန်၍မာန်လျှော့ထားခဲ့ရသော်လည်း တစ်ချိန်ချိန်တွင် ရေပြည့်လျှံသည့် မန်ကျီးရွှေဂူဆည်ကြီးကို အိပ်မက်ဖြင့် မျှော်လင့်နေခဲ့ကြသည်။ ခေတ်အဆက်ဆက်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✱**



မန်ကျီးရွှေဂူဆည်ကို မြေတူးမြေကော်စက်ကြီးများ၊ မြေသယ်ယာဉ်များဖြင့် ပြန်လည်ပြုပြင်ခဲ့စဉ်။




# မြန်မာအသင်း စင်ကာပူကိုရှုံးနိမ့် ဗီယက်နမ်နှင့် စင်ကာပူဗိုလ်လုမည်

သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်

AYA Bank Cup 2016 လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ အိမ်ရှင်မြန်မာအသင်း ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ပြီး ဗီယက်နမ်နှင့် စင်ကာပူအသင်းတို့ ဗိုလ်လုပွဲတက်သွားသည်။

**မြန်မာ - ဂိုးမရှိ**
**စင်ကာပူ - တစ်ဂိုး**

နည်းပြ ဂတ်ဖရိုင်းဒရစ်လက်ထက်တွင် နိုင်ပွဲမရသေးသည့် မြန်မာအသင်းမှာ ယခုပြိုင်ပွဲတွင်လည်း စင်ကာပူအသင်းကို ထပ်မံရှုံးနိမ့်ခဲ့သောကြောင့် ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ရသည်။ မြန်မာအသင်းမှာ စင်ကာပူအသင်းကို ယခုနှစ်အတွင်းတွေ့ဆုံမှုတွင် နှစ်ကြိမ်စလုံးအရှုံးပေးခဲ့ရခြင်းဖြစ်သည်။

မြန်မာအသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်မှာ ပွဲထွက်လူစာရင်းကို အနည်းငယ်ပြောင်းလဲခဲ့ပြီး တိုက်စစ်တွင် ကျော်ကိုကို ကို အနားပေးကာ သန်းပိုင်ကိုထည့်ပြီး အောင်သူနှင့်တွဲပေးခဲ့သည်။ ပွဲထွက်လူစာရင်းတွင် ရန်အောင်ကျော်၊ ရဲကိုဦး၊ ဇော်မင်းထွန်း၊ မောင်မောင်လွင်တို့ဖြင့် လူစုံပါဝင်ခဲ့ပြီး စင်ကာပူအသင်းမှာ

**စာမျက်နှာ ၁၁ ကော်လံ ၃ သို့ ◯**

